The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .16, NO . 31 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | August 22 , 2016

## မြဝတီကုန်သွယ်ရေးဇုန်တွင် သက်တမ်းလွန် ITC ကတ်များ သက်တမ်းတိုးမြှင့်ကြရန်နဲ့ သက်တမ်းတိုးမြှင့်ခြင်းမရှိက ပယ်ဖျက်သွားမည်

|pmrsuES- 16|

## ပြည်ပသို့ တင်ပို့ခွင့်ပြုသည့် ကုန်ပစ္စည်းအမယ်များအား ထပ်မံကြေညာ

|pmrsuES- 17|

## သာပေါင်းမြို့နယ်တွင် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး ပို့ကုန်ဈေးကွက်ဝင် ချဉ်ပေါင်လျှော်စိုက်ပျိုးမှု နည်းပညာပေးပွဲပြုလုပ်

|pmrsuES- 23|

# လက်မှုအနုပညာ အချောထည်များ တိုးမြှင့်တင်ပို့ခြင်းဖြင့် ပို့ကုန်တိုးမြှင့်ခြင်းကို အထောက်အကူပြုမည်

မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ စကျင်ကျေးရွာထွက် စကျင်ကျောက်များမှ လက်မှု အနုပညာပစ္စည်းများဖြစ်အောင် ကျောက်ဆစ်ထုလုပ်ပြီး ဗုဒ္ဓဆင်းတုတော်၊ ဦးတီပွားပုံ၊ တီဆံ (တရုတ်ဘုန်းတော်ကြီး) ပုံ၊ ကွမ်ရင်မယ်တော်ပုံနှင့် ဆင်၊ ကျား စသည်ဖြင့် တိရစ္ဆာန်ပုံများ (အမှာ ရှိသောပုံများ)ကို ထုတ်လုပ်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ထောက်ခံချက်၊ ရှေးဟောင်းပစ္စည်းမဟုတ်ကြောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနထောက်ခံချက်တို့ဖြင့် စကျင်

|pmrsuES- 18|



## ဓာတုပစ္စည်းများဖြင့် ပြုလုပ်ထားသည့် အစားအစာများကို ရှောင်ကြဉ်ကြပါစို့



အစားအသောက်တို့တွင် အနံ့ (Odour) မွှေးမွှေးကောင်းကောင်း ကြိုက်သူများအတွက် ဥပမာ အားဖြင့် အရက်တွင် (Essence of Rum) ထည့်ခြင်း၊ ဝီစကီတွင် (Essence of Whisky) ထည့်ခြင်း၊ အရက်ချက်သည့်အခါတွင် ဖားပြုတ်ထည့်ခြင်း၊ ဖိနပ်တာယာ

|pmrsuES- 26|



## အမေရိကန်စီးပွားရေးလုပ်ငန်းများက မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် စိတ်ဝင်စားမှု မြင့်မားလျက်ရှိ

မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်၍ အစိုးရသစ်တာဝန်ယူပြီးနောက် အမေရိကန်ပြည်သူများ၊ အမေရိကန် စီးပွားရေးလုပ်ငန်းများမှ မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားမှု၊ အာရုံစူးစိုက်မှုများ ပိုမိုလာခဲ့ပါသည်။ ယင်းနှင့်ဆက်စပ်လျက် ဝါရှင်တန် ဒီစီ အခြေစိုက် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီ၊ အမေရိကန်ကုန်သည်ကြီးများအသင်းစသည့် စီးပွားရေး

|pmrsuES- 8|




ကျန်းမာရေးအရ စိတ်ချရခြင်း
ခိုင်ခံ့အကြမ်းခံခြင်း
ရေယိုစိမ့်မှု ကင်းစေခြင်း
သယ်ဆောင်စရိတ် သက်သာခြင်း
SUPER TANK
SGS
UKAS
ISO 9001:2008
Cert No. TH 14/8117
PE WATER STORAGE TANK PE ရေသိုလှောင်ကန်
30
YEARS
SUPER TANK
SUPER TANK
SUPER TANK
အမြို့မြို့ အနယ်နယ် ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်
HOT LINE - 652674
AUTHENTIC PRODUCTION COMPANY LIMITED
Quality Products From AUTHENTIC Comply with International Standard


CHIGO
Change is going
Innovate your life
3 years warranty
Myanmar Classic Group Co.,Ltd.
MCG
Head Office Showroom & Service Center
Yangon : No.(202/A), Lower Kyeemyindaing Road, Ahlone Township, Yangon. Tel : 09-259 3355 00~44, 01-230 2082, 01-705060.
Email : mcg.chigo@gmail.com. Fax : 01-227034.
Mandalay Showroom & Service Center
Mandalay : Corner of 35th & 63rd Road, Mahar Aung Myay Township, Mandalay. Tel : 09-259 3355 88, 259 3355 99.
Email : mcg.chigomdy@gmail.com
Naypyitaw Showroom & Service Center
Nay Pyi Taw : No.(46-A), Pyinmana-TaungNyo Road,Thapyaygone Ward, Zabu Thiri Quarter, Nay Pyi Taw. Tel : 09-259 3355 66, 259 3355 77.
Email : mcg.chigonpt@gmail.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မုံရွာမြို့ရှိ ကုန်သည်လုပ်ငန်းရှင်များအား တွေ့ဆုံ





စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့်သည် ကုန်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်လ ၁၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ သာစည်လမ်းမကြီးပေါ်ရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ Zayyar Trade Center သို့ ရောက်ရှိပြီး တာဝန်ရှိသူများက အသေးစား၊ အလတ်စား ထုတ်ကုန်ပစ္စည်းများ ခင်းကျင်း ပြသထားမှုများအား ရှင်းလင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးမှ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့် အဖွဲ့သည် မြန်မာနိုင်ငံ အထက်ပိုင်းဖြစ်သော ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ခန္တီး၊ ကလေးမြို့များသို့ ရေလမ်းကြောင်းမှ ကုန်သွယ်မှုပြုနေသည့် မုံရွာမြို့၊ ကျောက်ဆောင်ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ တာဝန်ရှိသူများက ကုန်ပစ္စည်း တင်ပို့နေမှုတို့အား ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် မုံရွာမြို့၊ ကုန်သည်ပွဲစား စက်ပိုင်များ မဟာကထိန်တော် အသင်းရုံး ကုန်စည်ဒိုင် ခန်းမတွင် ကျင်းပပြုလုပ်သော ကုန်သည် လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးကဏ္ဍ၌ အဓိက ဆောင်ရွက်နေသည့် ပုဂ္ဂလိကကဏ္ဍမှ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းနှင့် သက်ဆိုင်သော အသင်းအဖွဲ့များ၊ နယ်စပ် ကုန်သွယ်ရေး အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ အနေဖြင့် ကုန်သွယ်မှုကဏ္ဍတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ မိမိတို့ ဝန်ကြီးဌာနနှင့် အခြား ဆက်စပ်ဝန်ကြီးဌာနများ ညှိနှိုင်း ပေါင်းစပ်ပေးရမည့် ကိစ္စရပ်များအား သိရှိလို၍ လာရောက်ရခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုတိုးမြှင့်ရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးမှုများဖြစ်သော ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှု အတားအဆီးများ ဖြေလျှော့ပေးရေး၊ ကုန်သွယ်မှုပညာ ပြန့်ပွားရေး၊ ကုန်သွယ်မှု စေ့စပ်ညှိနှိုင်းခြင်း၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ စားသုံးသူ အကာအကွယ်ပေးရေးစသည့် မဏ္ဍိုင်ကြီး (၆) ရပ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထုတ်လုပ်သည်

➲ စာမျက်နှာ ၁၂ သို့

## ကိုရီးယားသမ္မတနိုင်ငံမှ Korea Industrial Complex Co.Ltd (KIC) ၏ အမှုဆောင် အရာရှိချုပ်ဖြစ်သူ Mr. Baecho CHO အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဩဂုတ်လ ၁၅ ရက်နေ့က ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့ရှိ Korea Industrial Complex Co.Ltd (KIC) ၏ အမှုဆောင် အရာရှိချုပ်ဖြစ်သူ Mr. Baecho CHO ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးညှော့ခန်းမ (၁) ၌ လက်ခံတွေ့ဆုံခဲ့သည်။

➲ စာမျက်နှာ ၁၂ သို့



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဂျပန်နိုင်ငံ ITOCHU Corporation ၏ ဒုတိယဥက္ကဋ္ဌ Mr.Yoichi Kobayashi ဦးဆောင်သည့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဩဂုတ်လ ၁၈ ရက်နေ့က ဂျပန်နိုင်ငံ ITOCHU Corporation ၏ ဒုတိယဥက္ကဋ္ဌ Mr.Yoichi Kobayashi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့

➲ စာမျက်နှာ ၁၂ သို့

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး၊ မြင့်ဆွေ

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ခိုင်ဇော်မင်း

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုဘဏ္ဍာနှစ်စမှ ဩဂုတ် ၁၂ ရက်အထိ ဆန်တန်ချိန် သုံးသိန်းကျော် တင်ပို့ထား

ဩဂုတ်လ ဒုတိယပတ်ဖြစ်တဲ့ ၆ ရက်မှ ၁၂ ရက်အထိ ကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၂၉ သန်းတန်ဖိုးရှိဆန်တန်ချိန် ၁၃၄၆၉ တန် တင်ပို့ခဲ့ရာ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၄၉၃၄ တန်ကျော်နဲ့ ဧည့်မထဆန်တန် ၁၃၀၀၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၁၁ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၇၀၂၃ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၂၇၇၈ တန် လျော့နည်းခဲ့ကြောင်း သိရှိရပါတယ်။ ဆန်တင်ပို့မှု လျော့နည်းသော်လည်း ယခုတစ်ပတ်မှာ ဆန်ကွဲတင်ပို့မှု ပိုမိုခဲ့ပါတယ်။ အမေရိကန်ဒေါ်လာ သုညဒသမ ၈၂၈ သန်း တန်ဖိုးရှိ ဆန်ကွဲ ၂၅၃၇ တန် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ၁၂၆၃ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဩဂုတ် ၇ ရက်မှ ၁၃ ရက်အထိ အမေရိကန်ဒေါ်လာ သုညဒသမ ၅ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၂၀၃ တန် တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ ငစိန်ဆန်တန် ၅၀၊ ပြင်သစ်နိုင်ငံသို့ ပေါင်းဆန်တန် ၂၀၀၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် ၂၄ တန်၊ အီးယူနိုင်ငံများသို့ ပေါင်းဆန် ၂၂၅ တန်နဲ့ ဧည့်မထဆန် ၇၀၄ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ဆန် ၁၀၆၆၃ တန် လျော့နည်းခဲ့ပါတယ်။ လျော့နည်းရခြင်းမှာ ယခင်တစ်ပတ်က စင်ကာပူတစ်နိုင်ငံတည်းကို ဧည့်မထဆန်တန်ချိန်တစ်သောင်း တင်ပို့ပြီး အခြားနိုင်ငံများကိုလည်း ၁၈၆၆ တန် တင်ပို့နိုင်ခဲ့လို့ဖြစ်ပါတယ်။ ဆန်အပြင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၁၅ သန်းတန်ဖိုးရှိ ဆန်ကွဲ ၅၅၂၅ တန်ကို အီးယူနိုင်ငံများသို့သာ တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၃၀၅၀ တန် ပိုမိုတင်ပို့နိုင် ခဲ့တာတွေ့ရပါတယ်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှဩဂုတ် ၁၂ ရက်အထိ အမေရိကန်ဒေါ်လာ ၁၀၇ ဒသမ ၂၈၈ သန်း တန်ဖိုးရှိ ဆန် ၃၀၀၂၈၆ တန်ကျော်နဲ့ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၀၃၃ တန်ဖိုးရှိ ဆန်ကွဲ ၁၀၆၀၃၅ တန်ခန့် တင်ပို့ထားပြီးဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

# ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက ဆန်အိတ်အများအပြား ဝယ်ယူလှူဒါန်းမှု ရှိသော်လည်း ဆန်ဈေး ပုံမှန်အတိုင်းရှိနေ

ရန်ကုန်မြို့ ဝါးတန်း ကုန်စည်ဒိုင်ရဲ့ ဆန်ချောလက်ကားဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်းဆန် ထိပ်စ တစ်အိတ် ကျပ် ၃၆၀၀၀၊ လတ်စတစ်အိတ် ကျပ် ၃၃၀၀၀၊ မြောင်းမြပုသိမ်ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ကျပ် ၃၇၅၀၀၊ လတ်စ တစ်အိတ် ကျပ် ၃၄၅၀၀၊ နယ်စုံ ကျိုက်လတ်ပေါ်ဆန်းဆန် တစ်အိတ် ကျပ် ၃၅၅၀၀၊ လတ်စ တစ်အိတ် ကျပ် ၃၃၀၀၀၊ ရွှေဘိုပေါ်ဆန်းတစ်အိတ် ကျပ် ၄၃၀၀၀ မှ ကျပ် ၄၆၀၀၀ အထိရှိပြီး၊ ယခင်တစ်ပတ်ဈေးအတိုင်း အတက်အကျမရှိဘဲ ဈေးငြိမ်နေပါတယ်။ ကုန်စည်ဒိုင်ကို ဆန်အဝင်ပုံမှန်ရှိနေပြီး ယခင်တစ်ပတ်ထက် အဝယ်နည်းနည်းအေးလာတယ်လို့ ဝါးတန်းကုန်စည်ဒိုင်မှ သိရှိရပါတယ်။

ဧည့်မထဆန် ထိပ်စတစ်အိတ် ကျပ် ၂၂၅၀၀၊ လတ်စ တစ်အိတ် ကျပ် ၂၁၂၀၀ ရှိပြီး၊ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ကျပ် ၅၀၀ခန့် ဈေးကျလာပါတယ်။ နှွေသီးထပ် ရှယ်တစ်အိတ် ကျပ် ၁၉၅၀၀မှ ကျပ် ၂၀၃၀၀၊ မနောသုခ တစ်အိတ် ကျပ် ၂၆၀၀၀ မှ ကျပ် ၂၇၀၀၀၊ အိတ်စ်ပို့ဧည့်မထ ၂၅မှတ် တစ် အိတ် ကျပ် ၁၇၂၀၀ မှ ကျပ် ၁၇၅၀၀ နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး နှွေဆန် ရက်၉၀ကတော့ တစ် အိတ်ကို ကျပ် ၂၀၀၀၀ မှ ကျပ် ၂၂၅၀၀သို့ မြင့်တက်ခဲ့ရာ ကျပ် ၁၀၀၀ ခန့် ဈေးအတက်ရှိပါတယ်။

ရေဘေးသင့်ပြည်သူတွေကို ရန်ကုန်မြို့ကနေ ဆန်လှူတဲ့ အလှူရှင်တွေအတွက် ဆန်ဈေးအတက်မရှိရအောင် ဝါးတန်းကုန်စည်ဒိုင်မှ နေ့စဉ် ဧည့်မထရှယ် တစ်အိတ်ကို ကျပ် ၂၀၅၀၀နဲ့ ရောင်းချပေးလျက်ရှိရာ တစ်နေ့ ဆန်အိတ် ၅၀၀မှ ၈၀၀ကြား ဝယ်ယူလျက်ရှိပြီး၊ သောကြာ၊ စနေနေ့များတွင် ဝယ်ယူသူ ပိုမိုများပြား ပြီး၊ ဆန်အိတ် ၁၀၀၀ခန့်အထိ ရောင်းချရကြောင်း ဝါးတန်းကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

ရေဘေးသွားလှူတဲ့ အလှူရှင်တွေအတွက်လည်း အဆင်ပြေအောင် အပြင်မှာလည်း ဆန်ဈေးမတက်ရအောင် ကုန်စည်ဒိုင်မှ ယခုလို ရောင်းချပေးနေခြင်းဖြစ်တယ်လို့ သိရှိရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဩဂုတ် ၁၉ရက်ဈေးနှုန်းအရ ဧည့်မထမှော်ဘီ တစ် အိတ် ၁၄၃မှ ၁၄၆ယွမ်၊ စူပါတစ်အိတ် ၁၄၆မှ ၁၄၉ယွမ်၊ ဧည့်မထမှော်ဘီ တစ်အိတ် ၁၃၈မှ ၁၄၁ ယွမ်၊ စူပါတစ်အိတ် ၁၄၄မှ ၁၄၅ယွမ်၊ မနောသုခ တစ်အိတ် ၁၃၀မှ ၁၃၄ယွမ်၊ ငစိန်၅မှတ် တစ်အိတ် ၁၄၅မှ ၁၄၇ယွမ်၊ ၁၅မှတ် တစ်အိတ် ၁၄၀မှ ၁၄၃ယွမ်၊ ၂၅မှတ် တစ်အိတ် ၁၃၆မှ ၁၃၈ယွမ်ရှိပြီး၊ ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းမပြောင်းလဲကြောင်း သိရှိရပါတယ်။

မူဆယ်ကို ပြည်တွင်းနယ်စုံမှ ဆန်ဝင်ရောက်မှုမှာ ဩဂုတ် ၁၂ရက်မှ ၁၈ရက်အထိ ၄၇၁၄ တန်ရှိပါတယ်။ ဆန်ဝင်ရောက်မှုမှာ ယခင်တစ်ပတ်ထက် ၁၉၇၆ တန် လျော့နည်းခဲ့ပါတယ်။ တစ်ဖက်နိုင်ငံကို ဆန် စီးဆင်းရတာ အခက်အခဲရှိနေတဲ့အတွက် မူဆယ်ဘက်မှာ အရောင်းအဝယ်ပါးလျက်ရှိနေတယ်လို့ သိရပါတယ်။ ဩဂုတ် ၁၉ ရက် ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၇၉ကျပ် ဈေးပေါက်တယ်လို့ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်ပဲလွန်းဖြူလက်ကျန်၊ လက်လီသမားနဲ့ ဈေးငြိမ်အရောင်းအဝယ်ဖြစ်

ယခုဩဂုတ်လ တတိယပတ်အတွင်း ပြည်ပဲဈေးကွက်မှာ ပြည်ပဝယ်လက်ပဲများ ဈေးလျော့နည်းနေသော်လည်း ဒေသတွင်း လက်လီသမားများနဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ကြတဲ့ ပဲလွန်းဖြူသီးနှံမှာ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့လို့ တစ်တင်း ကျပ် ၂၃၀၀၀ ဖြင့် လဆန်းရက်က ဈေးအတိုင်းသာ ဈေးငြိမ်လျက်ရှိသလို လက်ကျန်ပဲအချို့ရှိခဲ့လို့လည်း လက်လီနေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ကြတာကို တွေ့ရပါတယ်။

ပဲလွန်းဖြူသီးနှံမှာ ယခင်နှစ်ကဆိုလျှင် ဇူလိုင်လကုန်မှာတင် ပဲလက်ကျန်ပြတ်သွားပြီး တစ်တင်း ကျပ် ၂၀၀၀၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခုနှစ်မှာတော့ ယခင်နှစ်ကဈေးထက် ဈေးအနည်းငယ်သာပိုရခဲ့ကာ ယခုအချိန် မှာတော့ အရောင်းအဝယ်ဆက်ဖြစ်နေလို့ လက်ကျန်ပဲလည်း အနည်းငယ်ရှိနေတယ် လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၈-၈-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၃၅ | ၄၃၅ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၁၀ | ၄၁၀ | □ | ၃၅၈ | ၃၅၅ | ▽ | ၃၇၅ | ၃၉၀ | △ | ၄၀၅ | ၃၆၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၀၅ | ၄၀၄ | ▽ | ၃၄၅ | ၃၄၀ | ▽ | - | - | - | ၃၉၅ | ၃၅၀ | ▽ |
| ဆန်ဖြူ ၂၅% | ၃၉၆ | ၃၉၅ | ▽ | ၃၃၈ | ၃၃၅ | ▽ | ၃၆၀ | ၃၅၅ | ▽ | ၃၇၅ | ၃၃၅ | ▽ |
| ပေါင်းဆန် | ၄၃၇ | ၄၂၉ | ▽ | - | - | - | ၃၇၅ | ၃၇၅ | □ | ၄၂၅ | - | - |

Source: oryza.com

## ပြည်တွင်းမြို့ကြီးများ၏ (၁၉-၈-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၇၀၀ | □ | ၂၂၀၀၀ | □ | ၈၇၄၀ | □ | ၃၇၀၀၀ | □ |
| ပုသိမ် | ၆၄၄၀ | □ | ၂၄၅၀၀ | □ | ၈၀၀၀ | □ | ၃၄၀၀၀ | □ |
| ပဲခူး | ၅၆၀၀ | □ | ၂၁၀၀၀ | □ | ၇၃၀၀ | △ | ၃၂၀၀၀ | □ |
| ရွှေဘို | ၄၈၀၀ | ▽ | ၂၀၀၀၀ | ▽ | ၁၂၁၀၀ | ▽ | ၄၀၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၀၀၀ | □ | ၃၃၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၁၂၀၀ | ▽ | - | - | ၃၃၀၀၀ | □ |
| မန္တလေး | ၇၆၀၀ | □ | ၂၉၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| မကွေး | ၈၅၀၀ | □ | ၂၈၅၀၀ | △ | - | - | ၃၇၀၀၀ | □ |
| မော်လမြိုင် | ၆၄၀၀ | □ | ၂၂၅၀၀ | □ | ၈၀၀၀ | □ | ၃၂၀၀၀ | □ |
| လွိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၅၉၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၅-၈-၂၀၁၆ မှ ၁၉-၈-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 386 | 22,302,419.444 |
| 2 | Form D | 50 | 1,815,318.380 |
| 3 | Form E | 93 | 3,169,035.030 |
| 4 | Korea GSP | 8 | 357,792.650 |
| 5 | Form AK | 106 | 6,101,543.290 |
| 6 | Form AJ | 16 | 400,649.790 |
| 7 | Form AI | 77 | 4,187,489.081 |
| 8 | Form AANZ | 7 | 93,598.840 |
| 9 | Form DFTP | - | - |
| Grand Total | | 743 | 38,427,846.505 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၉-၈-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၂/၈ | ၁၉/၈ | ပြောင်းလဲမှု | ၁၂/၈ | ၁၉/၈ | ပြောင်းလဲမှု | ၁၂/၈ | ၁၉/၈ | ပြောင်းလဲမှု | ၁၂/၈ | ၁၉/၈ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၆၇၀ | ၂၄၃၀ | ▼ | ၂၇၅၀ | ၂၄၃၇ | ▼ | ၂၄၀၀ | ၂၄၅၀ | ▲ | ၂၅၀၀ | ၂၃၅၀ | ▼ |
| ၂ | ပဲစင်းငုံ | ၂၀၀၄ | ၁၆၆၆ | ▼ | - | - | - | - | ၁၆၂၅ | - | ၁၉၅၀ | ၁၆၀၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၄၁၅ | ၁၄၃၀ | ▲ | ၁၂၄၄ | ၁၂၈၀ | ▲ | ၁၃၁၆ | ၁၂၁၁ | ▼ | ၁၂၁၀ | ၁၀၀၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၅၀၀ | ၂၅၀၀ | ■ | - | - | - | - | - | - | ၂၂၀၅ | ၂၀၀၀ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၀၈၀ | ၁၀၆၅ | ▼ | - | - | - | - | - | - | ၁၃၉၅ | ၁၃၉၅ | ■ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | ၆၇၆ | ၆၇၆ | ■ | ၆၈၄ | ၆၃၂ | ▼ | ၆၃၀ | ၆၁၅ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၉-၈-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွမ်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၁၁/၈ | ၁၈/၈ | ပြောင်းလဲမှု | ၁၁/၈ | ၁၈/၈ | ပြောင်းလဲမှု | ၁၁/၇ | ၁၈/၈ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၄၃၀ | ၁၂၈၀ | ▼ | ၁၄၂၁ | ၁၃၄၄ | ▼ | ၁၃၄၆ | ၁၂၉၆ | ▼ |
| ၂ | ပဲစင်းငုံ | ၁၀၆၅ | ၉၀၀ | ▼ | ၁၀၃၂ | ၉၇၈ | ▼ | ၁၀၄၇ | ၁၀၃၀ | ▼ |
| ၃ | ပဲတီစိမ်း | ၇၇၀ | ၇၅၀ | ▼ | ၇၄၈ | ၇၁၇ | ▼ | ၈၃၈ | ၇၀၂ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၂၃၀ | ၁၂၃၀ | ■ | ၁၁၆၇ | ၁၁၃၅ | ▼ | ၁၁၆၇ | ၁၁၃၅ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု - ယခင်တစ်ပတ် (၆.၈.၁၆)ထိ | ပြည်ပတင်ပို့မှု - ယခုတစ်ပတ် (၁၃.၈.၁၆)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၆) မှ (၁၃.၈.၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၂၅၄၈ | ၃၅၂၆ | ၃၇၆၇၉၄ |
| ပဲတီစိမ်း | ၁၈၄၆ | ၂၃၇၁ | ၁၄၁၇၅၃ |
| ပဲစင်းငုံ | ၁၁၁၆ | ၁၉၃ | ၁၇၄၀၄၁ |
| ကုလားပဲ | ၅၅၇ | ၂၂ | ၂၄၇၉၄ |
| ပဲလွန်းဖြူ | ၁၅၂ | ၅၇ | ၁၄၈၀၆ |
| မြေထောက်ပဲ | ၃၂၇ | ၂၂၃ | ၉၃၈၆ |



## မုံရွာ စားတော်ပဲဈေးကွက် ပြည်ပပဲ အဝင်သွက်လာ

မုံရွာကုန်စည်ဒိုင် ဩဂုတ်လ စားတော်ပဲဈေးကွက်မှာ ဒေသထွက် ကျွန်းစားတော်ပဲတွေ ဒိုင်ကို အဝင်ကျဲပြီး ဒေသတွင်း ဝယ်လိုအားသွက်လို့ တစ်တင်း ၃၃၀၀၀ ကျပ်အထိ ဈေးကောင်းရချိန်မှာ အရင်က ပုံမှန်ဝင်လာနေကျ အိန္ဒိယ (ကနေဒါ) ပဲအပြင် အာဂျင်တီးနား၊ ယူကရိန်းနဲ့ ရုရှားစားတော်ပဲတွေပါ ဒိုင်မှာ အဝင်သွက်လာတယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

ပဲအရည်အသွေးနဲ့ ဒေသလုပ်ငန်းသုံးအလိုက် ဈေး အမျိုးမျိုး ပေါက်ခဲ့ရာမှာ ယူကရိန်း စားတော်ပဲက အရည်အသွေးနဲ့ ဈေးအနိမ့်ဆုံး တစ်တင်း ၁၆၀၀၀ကျပ်မှ ၁၆၅၀၀ ကျပ်၊ ရုရှားစားတော်ပဲက တစ်တင်း ၁၈၀၀၀ ကျပ်မှ ၁၉၀၀၀ ကျပ်၊ အရည်အသွေးသင့်တင့်တဲ့ အာဂျင်တီးနား စားတော်ပဲက တစ်တင်း ၂၀၅၀၀ ကျပ်နဲ့ ဒေသဈေးကွက်နဲ့ ရင်းနှီးပြီးသား ဖြစ်တဲ့ အိန္ဒိယ (ကနေဒါ) စားတော်ပဲကတော့ တစ်တင်း ၂၂၀၀၀ကျပ် အသီးသီးပေါက်ဈေးဖြစ်ပေါ်နေတယ်လို့ ဆိုပါတယ်။

ဒေသထွက် စားတော်ပဲကို ပြည်တွင်းပဲ လက်လီအတွက် ရောင်းဝယ်မှု ပုံမှန်ရှိခဲ့ပြီး၊ ယခုမှ အသစ်ဝင်လာတဲ့ ပဲတွေကတော့ အရည်အသွေး မကောင်းရင် တိရစ္ဆာန်အစာအဖြစ် အဝယ်ရှိသလို၊ အရည်အသွေးသင့်တဲ့ပဲကို ဒေသတွင်း ကြာဆန်စက်သမားတွေက ဈေးကြီးပြီး ပစ္စည်းရှားလာတဲ့ ကုလားပဲ အစားထိုးအဖြစ် ဝယ်လိုအားရှိခဲ့လို့ ရန်ကုန်ဘက်က တစ်ရက် အိတ် ၆၀၀ခန့် ဝင်လာသလို ဝင်သမျှပဲ အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ ဈေးကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင် (မုံရွာ)**

# ဩဂုတ်တတိယပတ်အတွင်း ပြည်ပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ် လက်ပဲအားလုံးဈေးလျော့နည်းခဲ့ပြီး ပဲကြီးဈေးနှင့် ပဲပုပ် ဈေးငြိမ်လျက်ရှိ

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ဩဂုတ်လ တတိယပတ်မှာ ပဲဈေးအားလုံးလိုလို ဈေးလျော့နည်းခဲ့တာကြောင့် ပြည်ပဝယ်လိုအားရှိတဲ့ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း သီးနှံများအပြင် ကုလားပဲမှာလည်း ဈေးလျော့နည်းကျဆင်းခဲ့တာ ကို တွေ့ရပါတယ်။ ကျန်လက်လီပဲများကတော့ ဈေးငြိမ်သလို အရောင်းအဝယ်အေးနေတယ်လို့ သိရပါတယ်။ ပဲကြီးသီးနှံမှာ ဈေးလျော့မသွားဘဲ ယခင်ရက်သတ္တပတ်အတိုင်း ဈေးဆက်ငြိမ်နေကာ လက်လီဝယ်လက်သမားများအပြင် ပဲကြော်ဖိုလုပ်ငန်းသမားများလည်း ပုံမှန်အဝယ်ရှိနေခဲ့ပါတယ်။

မတ်ပဲသီးနှံမှာ ယခုရက်ပိုင်းအတွင်း ပဲအဝင်သိပ်မရှိတော့လို့ လက်ကျန်ပဲများဖြင့် ရန်ကုန်ဝယ်လက်ဝယ်ယူတဲ့အပေါ် မူတည်ပြီး တစ်ရက်အိတ် ၄၀၀ ကျော် ၅၀၀ အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ပဲဈေးနှုန်းမှာ လျော့နည်းကာ တစ်တင်း ၄၆၅၀၀ ကျပ်ဖြင့်သာ ယခင်တစ်ပတ်ကဈေးထက် ထပ်မံလျော့နည်းကျ ဆင်းခဲ့ပါတယ်။

ယခု ဩဂုတ်လအတွင်းမှာ မတ်ပဲဈေးအကျဘက်သို့ ဦးတည်နေတဲ့အတွက် လဆန်းရက်ကစပြီး ကျပ်ငါးသောင်းအောက် ကျဆင်းသွားခဲ့ရာမှ ဒုတိယပတ်မှာ ကျပ် ၅၂၀၀၀ ထိ ဈေးပြန်ရခဲ့ပါတယ်။ ဒါပေမယ့် ယခု တစ်ပတ်မှာတော့ ကျပ်ငါးသောင်းအောက် ပြန်လည်ကျဆင်းခဲ့ပါတယ်။ ယခုလအတွင်း ဖြစ်ပေါ်ခဲ့တဲ့ ဈေးနှုန်းအရ ယခင်နှစ်က ဈေးနှုန်း နှင့် သိပ်မကွာတော့တဲ့အတွက် မတ်ပဲဈေးကို ခန့်မှန်းရခက်နေတယ်လို့ သိရှိရပါ တယ်။

ပဲတီစိမ်းသီးနှံမှာ ပဲသစ်များ ဆက်လက် ဝင်ရောက်နေသော်လည်း ဈေးနှုန်းများကျဆင်း နေ၍ တစ်တင်းကျပ်နှစ်သောင်းခန့်သာ ရရှိနေခဲ့တယ်လို့ သိရပါတယ်။ အိတ် ၂၀၀ ကျော် ၃၀၀ နေ့စဉ်ဝင်ရောက်နေသလို မန္တလေးဝယ်လက်က လည်း အကျဈေးနဲ့သာ အဝယ်ရှိတဲ့အတွက် ဝင်ရောက်လာသမျှ ပဲအားလုံးကတော့ အရောင်းအဝယ်ဖြစ်လျက်ရှိတာကို တွေ့ရပါတယ်။ ယခင်နှစ်က ပဲတီစိမ်းသီးနှံရဲ့ ဩဂုတ်ပဲသစ်ဈေးနှုန်းမှာ တစ်တင်း ကျပ်လေးသောင်းအထိရရှိခဲ့သော်လည်း ယခုနှစ်ဈေးအနေဖြင့် ယခင်နှစ်ရဲ့ ထက်ဝက်ဈေးသာ ရရှိခဲ့လို့ ပဲစိုက်တောင်သူများ အကျိုးအမြတ် သိပ်မရှိနိုင်ဘူးလို့လည်း ခန့်မှန်းနေကြတယ်လို့ သိရပါတယ်။

ပဲစင်းငုံသီးနှံကလည်း မတ်ပဲဈေးကဲ့သို့ ဈေးထပ်လျော့သွားတာကြောင့် တစ်တင်းကျပ် ၃၅၀၀၀ ဖြင့်သာ ရက်ခြားဆိုသလို အိတ် ၂၀၀၊ ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကုလားပဲသီးနှံဈေးက ယခုတစ်ပတ်မှာ ပဲစင်းငုံ ထက်ဈေးပိုရနေတာကို တွေ့ရပေမယ့် ယခင်တစ်ပတ်က ကုလားပဲဈေးထက် ဈေးလျော့နည်းနေပြီး တစ်တင်း ကျပ် ၄၂၀၀၀ ဖြင့် ဒေသတွင်း ပဲခွဲစက်သမားနေ့စဉ် ပုံမှန်ဝယ်ယူလျက်ရှိတာကြောင့် ပဲအဝင်နည်းသော်လည်း အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ တယ်လို့ သိရပါတယ်။

အခြားပဲများအားလုံးလိုလို ယခုတစ်ပတ်မှာ ဈေးလျော့နည်းကျဆင်းနေသော်လည်း ပဲကြီးသီးနှံဈေးကတော့ ဈေးအတက်အကျမဖြစ်ဘဲ ဈေးငြိမ်နေကာ အိတ် ၁၅၀၊ ၂၀၀ ခန့် အဝင်ရှိပြီး ပဲကြော်ဖိုလုပ်ငန်းသမားများ ဝယ်ယူ နေတဲ့အတွက် (ရွှေကျွန်း) တစ်တင်း ကျပ် ၂၈၀၀၀၊ (ကမ်းနား) တစ်တင်း ၂၅၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ပုံမှန်ဖြစ်နေပါတယ်။ ပဲပုပ်သီးနှံမှာ လက်လီအချို့သာ ဝယ်ယူနေလို့ အိတ် အနည်းငယ်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာ တစ်တင်း ကျပ် ၂၂၀၀၀ ဖြင့် ဈေးအပြောင်းအလဲမဖြစ်ဘဲ အရောင်းအဝယ်အေး ဈေးအေးခဲ့ကြောင်း သိရှိရပါတယ်။

**ခင်ဆွေဝင်း**

# ပဲစိတ်ကုန်တဲ့လား

ပခုက္ကူကုန်စည်ဒိုင်မှာ အခုတစ်လော အရောင်းအဝယ် အေးနေတယ်လို့ပြောရမှာဖြစ်ပါတယ်။ အထူးပြောချင်တာက ပဲစင်းငုံသီးနှံပါ။ ရာသီဥတုကြောင့် အထွက်နည်းတာရယ် နိုင်ငံခြားက နှစ်စဉ်အဝယ်လိုက်တာတွေကြောင့် အထင်တကြီးနဲ့ တစ်တင်းကို ကျပ် ၅၀၀၀၀ ပတ်လည်ကနေ ကျပ် ၅၂၀၀၀-၅၃၀၀၀ အထိ ဈေး မြင့်ပြီးအရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။

ဈေးဆက်တက်မယ်ထင်တာနဲ့ အခုပဲ ကျပ် ၆၀၀၀၀ ဖြစ်မှာလိုလို ကျပ် ၇၀၀၀၀ ဈေးဖြစ်မှာလိုလိုနဲ့ မလွှတ် ဘူး ကိုင်ထားမယ်၊ လှောင်ထားမယ်ဆိုပြီး ရဲရဲဝံ့ဝံ့ လှောင်ခဲ့ကြတယ်။ ယခုနောက်ပိုင်း ဖြစ်ပေါ်နေဆဲ ဈေးတွေအရ တစ်တင်းကျပ် ၃၅၃၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်နေလေတော့ တစ်တင်းအပေါ် ကျပ် ၁၇၀၀၀-၁၈၀၀၀ အရှုံးပေါ်နေတာကို လေ့လာတွေ့ရှိရပါတယ်။

နယ်တွေမှာ စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲသွားရင်း လေ့လာကြည့်ရသလောက် လာမည့်နှစ်အတွက် ပဲစင်းငုံတွေဟာ ဒူးဆစ်လောက် ပေါင်လယ်လောက်ဖြစ်နေတာကို လေ့လာတွေ့ရှိနေရပြီး ဒီပုံစံအတိုင်းဆို စိုက်မိုးလည်းရ အောင်မိုးလည်းရဆိုတဲ့ အနေအထားမျိုးပါ။

အညာဒေသမှာကလည်း အခုတစ်လော မိုးခဏခဏ ရွာနေလေတော့ လာမယ့်နှစ်ပဲစင်းငုံအထွက်ကောင်းမည့်သဘော အနေအထားပါ။ ဒီတော့ ပဲစင်းငုံကိုင်ထားရသူအဖို့ အခြေအနေသိပ်မကောင်းတဲ့သဘောလိုဖြစ်နေတာပေ့ါ။ ကုန်သည်လောကမှာ ကြားနေရတာ တချို့လည်းရှိပါတယ်၊ လက်ရှိပေါက်ဈေးထက် လျော့ပြီး အရောင်းအဝယ် လုပ်နေတယ်လို့လည်းကြား နေရပါတယ်။ အခုတစ်လောပဲစင်းငုံကိုင်ထားသူ တွေအနေနဲ့ စိတ်ပျက်တဲ့သဘောနှင့် ပဲစင်းငုံလို့မခေါ်ဘဲ ပဲစိတ်ကုန်လို့သာ ပြောင်းခေါ် ချင်ကြောင်းကြား သိရပါတယ်-ဘာတဲ့ "ပဲစိတ်ကုန်တဲ့လား"။

**မြင့်ဦး (ပခုက္ကူ)**

## မုံရွာငုံနီဈေးကွက် တစ်ပတ်အတွင်း တစ်တင်းကျပ် ၈၀၀၀ကျော် ကျဆင်း

ဒီနှစ် ငုံနီပဲအသစ် မပေါ်ခင်ကတည်းက ဈေးကွက်စန်းထခဲ့တဲ့ ပဲစင်းငုံနီမှာ ပဲပေါ်ချိန်မှာလည်း တစ်တင်း ကျပ် ၅၀၀၀၀ ဝန်းကျင်နဲ့ ဈေးဖွင့်နိုင်ခဲ့ပြီး အမြင့်ဆုံးဈေးမှာ သုံးလေးလလောက် မာခဲ့ပေမယ့် အိန္ဒိယဝယ်လက်ရဲ့ ဈေးကွက်လိုအပ်ချက်အရ တစ်စထက်တစ်စ ဈေးကျဆင်းလာခဲ့ရာ ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်မှာ တစ်တင်း ၃၃၅၀၀ ကျပ်အထိ အနိမ့်ဆုံး ထိုးဆင်းသွားခဲ့တာ တွေ့ရပါတယ်။ ဒီဈေးဟာ ပြီးခဲ့တဲ့ရက်သတ္တပတ်က အမြင့်ဆုံးပေါက်ခဲ့တဲ့ တစ်တင်း ၄၁၇၀၀ကျပ်နဲ့ ယှဉ်ရင် တစ်တင်း ၈၂၀၀ကျပ်တိတိ ဈေးကျသွားတာ ဖြစ်ပါတယ်။

အခုလို ငုံနီပေါက်ဈေး အဆင်းကြမ်းခဲ့ပေမယ့် ရောင်းလိုသူ၊ ဝယ်လိုသူတွေများပြီး ထူးဆန်းစွာနဲ့ တစ်တင်း ၃၃၅၀၀ ကျပ်ဈေးနဲ့ တစ်ရက်ထဲ အိတ် ၂၀၀၀ခန့် အထိ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်သည်အသိုင်းအဝိုင်းက သိရှိရပါတယ်။

**ထွန်းလှိုင် (မုံရွာ)**

# မိုးရယ်၊ ပိုးရယ်၊ အာမခံရယ်

|( pD0ifoeY * vb , aO v f t mrc|

ရုံးသွားဖို့ အိမ်ကထွက်တော့ နံနက် ၈ နာရီ၊ ကား တွေက ကျပ်လွန်းတော့ တန်းစီတိုးပြီး တရွေ့ရွေ့ မောင်းနေတာနဲ့ ရုံးရောက်တော့ တစ်ခါတလေ ၉ နာရီ၊ တစ်ခါတလေ ၉ နာရီ တော်တော်ကျော်မှ ရောက်တယ်။ တကယ်တော့ ကျွန်တော့် အိမ်နဲ့ရုံးက လမ်းရှင်းတဲ့ အချိန် မောင်းရင် မိနစ် နှစ်ဆယ် အစိတ်ပဲ။ ကျပ်တည်း လှတဲ့ ယာဉ်ကြောထဲမှာ မန္တလေး FM က လွှင့်တဲ့ အစီအစဉ်တွေကို နားထောင်ရင်း တစ်ခါတလေ တော့လည်း ပရိတ်ပဌာန်းတွေနာရင်း ရွတ်ရင်း နေ့စဉ်ဖြတ်သန်းနေရတာ သက်တမ်းက မနည်း လှတော့ဘူး။

ကားမောင်းနေရင်း ကျွန်တော်ကိုယ်တိုင် စာသားရေးပေးပြီး arrange လုပ်ထားတဲ့ FM ကြော်ငြာလေးကို မကြာခဏ ကြားရတယ်။ အကြောင်းအရာကတော့ တစ်ခါမှ ထီမပေါက် ဖူးတဲ့ ယောကျ်ားက " ပေါက်ပြီ၊ ပေါက်ပြီ" လို့ အော်တာပေါ့။ မိန်းမကလည်း " ဒါဆိုတစ်ခါမှ မစီးဖူးတဲ့ ကိုယ်ပိုင်ကားစီးနိုင်ပြီလို့ပြောတော့ ယောကျ်ားက ကားတွေကျပ်တယ်ဆိုတဲ့ အကြောင်း၊ မမောင်းတတ် မောင်းတတ် ယာဉ် တွေမောင်းပြီး ကိုယ့်ကားအသစ်လေးကို ဝင် တိုက်ရင် ဒုက္ခပဲ"လို့ ပြောပြန်ရော။ အဲဒီအခါ မိန်းမက "ရှင်ဘာသိလို့လည်း ယာဉ်တိုက်ခိုက် မှုကြောင့် ဖြစ်တဲ့ ထိခိုက်မှုမှန်သမျှကို ဂလို ဘယ်လ်ဝေါ(လ်) အာမခံကုမ္ပဏီဆိုတာက လျော် ပေးတယ်ဆိုတဲ့အကြောင်း ၊ ယာဉ် ထိခိုက်မှု သာမက ယာဉ်တစ်စီးလုံးပျောက်ရင်တောင် တစ်စီးလုံးဖိုး လျော်ပေးတဲ့အကြောင်း" စတဲ့ စကားပြောလေးတွေကို Love you more than I can say ဆိုတဲ့ Music နောက်ခံလေးနဲ့ လွှင့် ပေးနေတာလေ။ တကယ်လည်း ကျွန်တော်ရေးခဲ့ ဖူးသလို " ကြော်ငြာကောင်း၍ရောင်းရပါသည်" ဖြစ်ခဲ့ရပါသည်။ ကြော်ငြာစကားအတိုင်း တကယ်ပေါက်ခဲ့ပါသည်။ လေလှိုင်းမှတစ်ဆင့် အားပေးနားဆင်သူများကို ဤနေရာမှ ကျေးဇူး တင်မိပါသည်။

အဲဒီလို မန္တလေး FM Live Program နား ထောင်နေတုန်း မန္တလေးမြို့ Myanmar Times ဂျာနယ်က သတင်းထောက်မကြေးမုံဝင်းဆိုသူ ဖုန်းဆက်လာခြင်းပင်ဖြစ်သည်။

" အန်ကယ် ဖုန်းပြောလို့ရမလားဟင် "

" ဟုတ်ကဲ့ရပါတယ် ပြောပါ"

" သမီးက မြန်မာတိုင်းမ်ကပါရှင် "

" ဟုတ်ကဲ့ပြောပါ "

"ဒီလိုပါ အခုတလော ကြားနေရတဲ့ Crops Insurance ဆိုတဲ့အကြောင်း မေးချင်တာ ပါ။ အဲဒါသီးနှံ အာမခံက ဘယ်တော့စမလဲ။ လုပ်ရင်ရော အကျိုးရှိပါ့မလား။ အောင်မြင် မယ်လို့ထင်သလားဆိုတာကို အာမခံပညာရှင် အမြင်လေး သိပါရစေ "လို့မေးခွန်း သုံးခုလောက် ဒိုးဒိုးဒေါက်ဒေါက် မေးလာတယ်။ အဲဒါမှအခက် သီးနှံ အာမခံကို ကြားတော့ ကြားဖူးတယ်၊ ကျွန်တော်တို့ နိုင်ငံမှာ မလုပ်ဖူးဘူး၊ မရှိသေး ဘူး။ လုပ်ဖို့တော့ အစီအစဉ်ရှိသည်။ သူမေးသလို အာမခံပညာရှင် အမြင်လေးဆိုတော့ သိပ်မြင့် လွန်းနေသည်။ ကျွန်တော်က အာမခံပညာရှင် မဟုတ်ဘဲ အာမခံပညာသင်သာဖြစ်ပေသည်။ ပြီးတော့ အရေးကြီးသည်က မြန်မာတိုင်းမ်လို ဂျာနယ်ကြီးမှာ ဖော်ပြရေးသားမှာဆိုတော့ အလွတ်မဖြေရဲ။ ဒီထက်အရေးကြီးတာက ယာဉ်လမ်းကြောကျပ်ထဲမှာ ကိုယ့်ကား သူများ ဝင်မတိုက်မိအောင် ရှေ့နောက်ဘေးဘီ ကြည့် မောင်းနေရချိန်ဖြစ်နေသေးသည်။

" သမီးရေဦးတတ်နိုင်သလောက် ဖြေပေး ပါမယ်။ ဒါပေမယ့် ကားမောင်းနေလို့ နောက် တစ်နာရီတိတိမှာ ဖုန်းပြန်ခေါ်လိုက်ပါနော်" လို့ပဲ အဖြေပေးလိုက်ရတယ်။

အဆိုပါသတင်းထောက်ကမေးသော Crops Insurance ဆိုသည့် သီးနှံအာမခံသည် ကမ္ဘာတစ်ဝန်း ခေတ် စားနေသည်မှာ ကြာလှပြီ ဖြစ်သည်။ နိုင်ငံတော်တော်များများမှာတော့ Weather Index Insurance လို့ခေါ်ပါသည်။ ဘာကြောင့်လဲဆိုတော့ ကောက်ပဲသီးနှံ ဆန်ရေ စပါးအားလုံး တစ်နှစ်လျှင် နှစ်သီး၊ သုံးသီး စသည်ဖြင့် ရာသီပေါ်မူ တည်ပြီး မိုးရေသောက်၊ ဆည်ရေသောက် ခွဲကာ စိုက်ပျိုးကြ ပေသည်။ ထို့ကြောင့် ရာသီဥတု ဖောက်ပြန်၍ ပျက်စီးမှုကြုံ သောအခါ အာမခံထားခြင်းဖြင့် မျိုးစရိတ်၊ စိုက်စရိတ် စသည် ဖြင့် ပရီမီယံ ပေါ်မူတည်ကာ လျော်ကြေးရသည့် ပုံစံဖြစ်ပါ သည်။

အမေရိကန်တွင် ၁၉၃၈ ခုနှစ်ကတည်းက စိုက်ပျိုးရေးဌာနမှ ဥပဒေပြဋ္ဌာန်းကာ သီးနှံ ကာကွယ်ရေးအာမခံ စတင်ခဲ့ပြီး မြန်မာနိုင်ငံ အပါအဝင် နိုင်ငံအနည်းငယ်သာ ဥပဒေပြဋ္ဌာန်း ထားပြီး မလုပ်နိုင်သေးကြောင်း သိရသည်။ ထိုသို့ ဥပဒေနှင့် စနစ်တကျ မစတင်နိုင်သေး သဖြင့် တချို့ အဖွဲ့အစည်းများက သီးနှံအာမခံ ဟူ၍ အမည်ပေးကာ ကြော်ငြာဖူးသည်ကို တွေ့မြင်ခဲ့ပါသည်။ ထိုအဖွဲ့၏ ဝန်ဆောင်မှုများ ကတော့ ထွက်ရှိလာသော သီးနှံများကို ၎င်းတို့ ပိုင် သိုလှောင် ရုံများတွင် စနစ်တကျ ထိန်းသိမ်း ထားရှိပေးကာ ပြင်ပရာသီ ဥတုနှင့်ပိုးမွှားဒဏ်မှ ကာကွယ်ပေးခြင်း၊ စိုက်ပျိုးထုတ်လုပ်သူနှင့် ဝယ်သူအကြား ဆက်သွယ်ပေးခြင်း၊ ဈေးနှိမ် အဝယ်ခံရခြင်းမှ အကာအကွယ်ပေးခြင်း၊ ဈေး ကောင်းသည့် အချိန်အထိ သိုလှောင်ပေးခြင်း စတဲလုပ်ငန်းတို့လောက်သာ လုပ်ပေးမည့် လုပ် ငန်းပုံစံဖြစ်ပါသည်။ ကောက်ပဲသီးနှံများ အဆိုပါ သိုလှောင်ရုံထဲထားသည့် ကာလများတွင် သို လှောင်သည့် ပမာဏအတိုင်း သို့မဟုတ် ဧရိယာ အကျယ်အဝန်းအတိုင်း ထားသိုသုံးစွဲသူမှ အခ ကြေးငွေ ပေးရပါမည်။ ပျောက်ဆုံးပျက်စီးခြင်း ကိုသာ အကာအကွယ်ပေးသည့် လုပ်ငန်းဖြစ်ပါ သည်။ ထိုသူတို့ပြောသော သီးနှံအာမခံအမျိုး အစား အစစ်မဟုတ်ပါ။ သိုလှောင်ရုံ အလုံးစုံ အာမခံလို့ပဲ ခေါ်ရမလိုဖြစ်ပေသည်။

အထက်ကပြောသလို သီးနှံအာမခံဆိုသည် မှာ မိမိတို့ စိုက်ပျိုးထားသော ကောက်ပဲသီးနှံများ သည် ပုံမှန်ထွက်နှုန်း Yield ထက် ရာသီဥတု ဖောက် ပြန်မှုဖြစ်သော မိုးခေါင်မှု၊ ရေကြီးမှု၊ မိုးသီးကြွေကျ မှုနှင့် ပိုးမွှားများ ကျရောက်မှုများကြောင့် အထွက် နှုန်းကျခဲ့ပါက ထိုလျော့ကျကွာဟသော အထွက် ကို အာမခံကုမ္ပဏီက ပေးလျော်သည်ဟုပဲ လွယ် လွယ် မှတ်သားလိုက်စေချင်ပါသည်။

ကျွန်တော်တို့ အိမ်နီးချင်း နိုင်ငံများဖြစ် သော တရုတ်၊ ထိုင်း၊ အိန္ဒိယ ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများတွင် တွင်တွင်ကျယ် ကျယ် လုပ်ဆောင် နေကြပြီဖြစ်ရာ ကျွန်တော်တို့နိုင်ငံမှာလည်း မကြာခင်ပေါ် ပေါက်လာတော့မှာ သေချာပါ တယ်။ ကိုယ့်အရပ်နဲ့ ကိုယ့်ဇာတ်ဆိုသလို ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးနဲ့ အဆင်ပြေတဲ့ လုပ်ထုံး လုပ်နည်းတော့ ပြင်ရမှာပေါ့လေ။ အဲဒီလို တောင်သူလယ်သမားတွေ၊ စိုက်ပျိုးထုတ်လုပ်သူ တွေဘက်က ရပ်တည်ပေးမည့် အာမခံမျိုးရှိလာ ရင် နိုင်ငံအတွက်လည်းကောင်း၊ တောင်သူ ဘက်ကလည်း ရာသီဥတု ဖောက်ပြန်လို့ သီးနှံ မထွက်လို့ဝင်ငွေလျော့တယ်ဆိုတာ မရှိနိုင်တော့ ဘူးပေါ့။ အဲဒီလိုအကျိုးဖြစ်ထွန်းလှပါတယ် ဆိုတာ တကယ့်စိုက်ပျိုးထုတ်လုပ်သူတွေကို ပညာပေးအသိပေးဖို့ကတော့ နိုင်ငံတော်က ဦးဆောင်ရမှာပါ။ ဌာနတစ်ခုတည်း၊ အဖွဲ့ အစည်းတစ်ခုတည်း လုပ်နေလို့ အောက်ခြေ အထိ ထိရောက်သိရှိဖို့ဆိုတာ မလွယ်လှဘူး။

ဒါကြောင့် မကြေးမုံဝင်း မေးတဲ့သီးနှံ အာမခံဆိုတာ ပေါ်လာရင် အကျိုးရှိမလား၊ အောင်မြင်ပါ့မလား ဆိုတာကတော့ အရှင်း ကြီးပါ။" ဟုတ်ကဲ့" ရဲရဲကြီး တစ်ခွန်းတည်း ဖြေရုံပါ။ ကျွန်တော့်အနေနဲ့လည်း ဒီအာမခံလုပ် ငန်းမျိုးကို မြန်မြန်အကောင်အထည်ပေါ်စေချင် ပါတယ်။ ဒါမှသာ စိုက်ပျိုးရေးသမားတွေ အမြဲလိုပြောနေတဲ့ မိုးကြောင့်၊ ပိုးကြောင့် သီးနှံ တွေပျက်တယ်၊ အထွက်နည်းတယ်လို့ အော်နေ တဲ့ အသံတွေ ကြားရတော့မှာ မဟုတ်ပါလား. . ။

# သုံးရက်အတွင်း ဝက်ခြံပျောက်ကင်းစေနိုင်မည့် Pond's Acne Clear ကို မိတ်ဆက်

Pond's အလှကုန်ပစ္စည်း ထုတ်လုပ်ရေး ကုမ္ပဏီသည် မြန်မာအမျိုးသမီးများအတွက် မှန် ကန်ထိရောက်ပြီး အစွမ်းထက်သည့်နည်းလမ်းဖြင့် ဝက်ခြံပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ထုတ် ကုန်သစ်တစ်မျိုးဖြစ်သည့် Pond's Acne Clear ထုတ်ကုန်သစ်ကို ဩဂုတ် ၁၉ ရက်က မိတ်ဆက် လိုက်ကြောင်း သိရသည်။

အဆိုပါထုတ်ကုန်သစ်တွင် အစွမ်းထက် သည့် Thymo-T Essence ပစ္စည်းကို အသုံးပြု ထားသည်ဟုဆိုသည်။ ယင်း Thymo-T Essence က အရေပြားအတွင်းပိုင်းအထိ နက်နက်ရှိုင်းရှိုင်း ဝင်ရောက်ပြီး ထိန်းချုပ်+ ရှင်းလင်းနည်းပညာဖြင့် ဘက်တီးရီးယားများကို ထိန်းချုပ်ကာ ဆဲလ် အတွင်းမှ ရှင်းလင်းလိုက်သဖြင့် ဝက်ခြံကိုအမြစ် မှ သုတ်သင်ပေးနိုင်သည်ဟု ဆိုသည်။ အဆိုပါ Thymo-T Essence သည် ဝက်ခြံများကို သုံးရက် အတွင်း ဖယ်ရှားပေးနိုင်သည်ဟု ဆိုသည်။

Pond's Institute ၏ ဓာတ်ခွဲစမ်းသပ်ချက် များအရ Pond's Acne Clear ကို အသုံးပြုသည့်




အမျိုးသား၊ အမျိုးသမီးများသည် သုံးရက်အတွင်း ဝက်ခြံများ သိသိသာသာလျော့နည်းသွားကြောင်း တွေ့ရှိရသည်ဟုဆိုသည်။

မြန်မာနိုင်ငံ၏ ထိပ်တန်းအရေပြားအထူးကု ဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာစိုးဝင်းဦးက "ဝက်ခြံပြဿနာတွေကိုနည်းလမ်းပေါင်းစုံနဲ့ ကိုယ့် ဘာသာကိုယ် ထင်ရာမြင်ရာတွေနဲ့ ကုသကြတဲ့သူ တွေက များလာတယ်။ ဒါ့ကြောင့် ဝက်ခြံနဲ့ပတ် သက်တဲ့ကုသနည်းတွေကို ကျွမ်းကျင်သူတွေရဲ့ ထောက်ခံချက်နဲ့ ယုံယုံကြည်ကြည်ကုသနိုင်မယ့် နည်းလမ်းတွေ အရေးတကြီး လိုအပ်လာပါတယ်။ Thymo-T Essence ပါ ဝင်တဲ့ Pond's Acne Clear ထုတ်ကုန်တွေက ဝက်ခြံကို မှန်မှန်ကန်ကန် ကုသနိုင်တယ်ဆိုတာကို ဆေးပညာရှင်တွေက သက်သေပြခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

Pond's Acne Clear ထုတ်ကုန်သစ်တွင် မျက်နှာသစ်ဆပ်ပြာနှင့် မျက်နှာလိမ်း gel moisturizer တို့ ပါဝင်သဖြင့် နံနက်တစ်ကြိမ်၊ ညတစ် ကြိမ် အသုံးပြုရုံဖြင့် သုံးရက်အတွင်း ဝက်ခြံကင်း စင်သည့် မျက်နှာကို ပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Pond's Acne Clear ထုတ်ကုန်သစ် ကို မြန်မာနိုင်ငံအနှံ့အပြားရှိ စတိုးဆိုင်များ၊ စူပါ မားကက်များတွင် ဝယ်ယူရရှိနိုင်ပြီး Pond's Acne Clear မျက်နှာသစ်ဆပ်ပြာကို ကျပ် ၂၇၀၀ (၁၀၀ ဂရမ်)၊ ကျပ် ၇၀၀(၁၅ ဂရမ်) နှင့် Pond's Acne Clear gel moisturizer ကို ကျပ် ၁၄၀၀ (၂၀ ဂရမ်) ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရ သည်။

**မယ်သီတာ**

## နနွင်း

### ဒီတစ်ပတ် နနွင်းတင်ပို့မှုလျော့

ဩဂုတ် ၇ ရက်မှ ၁၃ ရက်သီတင်းပတ်အတွင်း နနွင်း ၁၈၃ ဒသမ ၆၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။ဒီတစ်ပတ်မှာ စင်ကာပူသို့ ၈၄ တန်၊ မလေးရှားသို့ ၁၅ ဒသမ ၅ တန်နဲ့ ဘရူနိုင်းသို့ ၈၄ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က နနွင်းတန်ချိန် ၃၈၀ ကျော်တင်ပို့နိုင်တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၉၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၄၁၃၇၃ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း (DOT)**

### ရှမ်းနနွင်း လက်ကျန်နည်းလာသလို ဝယ်လက်ပျောက်နေ

ရှမ်းနနွင်းကတော့ ဒီတစ်ပတ်မှာ ဝယ်လက်ပျောက်နေပါတယ်။ အဝင်လည်း မရှိဘူးလို့ သိရပါတယ်။ လက်ကျန်လည်းနည်းပြီး ပိဿာချိန် နှစ်သိန်းခန့်သာ ကျန်ရှိတော့တယ်လို့လည်း သိရပါတယ်။ အရောင်းအဝယ်ကတော့ ပွဲရုံလက်ကျန်တွေနဲ့သာ ရောင်းဝယ်နေရပါတယ်။ ဝယ်လက်ကြီးတွေ ရှိတဲ့နေရာတွေမှာ ရေကြီးနေတာကြောင့် အရောင်းအဝယ်တွေက တန့်သွားတယ်လို့လည်း ဈေးကွက်က သိရပါတယ်။

ယခင်တစ်ပတ်က ဟိုပုံးနနွင်းတွေကို ရန်ကုန်ဝယ်လက်တွေက ဝယ်ယူသွားခဲ့ပေမယ့် ဒီတစ်ပတ်တော့ အဝယ်မရှိသေးဘူးလို့လည်း သိရပါတယ်။ ပြီးခဲ့တဲ့နှစ်က မူဆယ်ဝယ်လက်တွေက တစိမ့်စိမ့် ဝယ်ယူနေပေမယ့်၊ ဒီနှစ်မှာတော့ မူဆယ်ဝယ်လက်က အဝယ်မရှိတော့ပါဘူး။ ဒါပေမယ့် တောင်ကုတ်၊ စစ်တွေနဲ့ ရန်ကုန်ဝယ်လက်တွေ ဝယ်ယူမှု အနည်းငယ်ရှိလာတယ်လို့ သိရပါတယ်။ နနွင်း အသစ်ကလည်း ပေါ်ဖို့ကလည်း အချိန်လိုပါသေးတယ်။ တစ်လပိုင်း နှစ်လပိုင်းခန့်မှသာ အသစ်တွေဝင်လာမှာ ဖြစ်လို့ အသစ်မပေါ်ခင် အချိန်တွင်းမှာ လက်ကျန်နနွင်းရဲ့ ဖြုန်းအားက ဘယ်လိုဖြစ်မလဲဆိုတာကို ကြည့်ရမယ်လို့ ဟိုပုံးနနွင်းပွဲရုံပိုင်ရှင်တစ်ဦးက ဆိုပါတယ်။ ဒီထက် ရောင်းအားကျသွားရင်တော့ နနွင်းတောင်သူတွေက လွန်ခဲ့တဲ့ နှစ်တွေကလို နနွင်း အစား ဈေးကွက်ဝင်သီးနှံတွေကို ပြောင်းစိုက်ရမှာ ဖြစ်တယ်လို့လည်း ဆိုပါတယ်။ ပြီးခဲ့တဲ့ တစ်ပတ်က ရန်ကုန်ဝယ်လက်တွေက တစ်ပိဿာ ၁၇၅၀ကျပ် ဈေးနဲ့ ပိဿာချိန် တစ်သောင်းခွဲခန့် ဝယ်ယူသွားတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ်လည်း ဟိုပုံးနနွင်းက တစ်ပိဿာ ၁၇၅၀ကျပ် ဈေးနဲ့ ငြိမ်နေပါတယ်။ အောင်ပန်း ဈေးကွက်မှာတော့ နနွင်း တစ်ပိဿာ ပေါက်ဈေးက တောင်ပို့လစတွေက ၁၇၀၀ကျပ်မှ ၁၈၅၀ကျပ် ဈေးရှိပြီး၊ ဆင်တောင်နနွင်း တစ်ပိဿာ ၂၅၀၀ ကျပ် ဈေးရှိပါတယ်။ **ဇေခိုင် (တောင်ကြီး)**



## ချင်း

### ချင်းတန် ၂၀ ကျော် တင်ပို့

ဩဂုတ် ၇ ရက်မှ ၁၃ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း လမ်းမှ ချင်း ၂၄ တန်ကို စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ဩဂုတ်လအတွင်းချင်း သုံးကြိမ်သာတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ ချင်းတင်ပို့မှုပျောက်ခဲ့ပြီး ဒီတစ်ပတ်မှသာ ပြန်လည်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ချင်းတင်ပို့မှုမှကန်ဒေါ်လာ ၃၆၈၄၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

### ရှမ်းချင်း အဝင်လျော့၊ အရောင်းအဝယ်ပါ ပုံမှန်ဖြစ်နေ

ဒီတစ်ပတ်တော့ ဟိုပုံးဈေးကွက်မှာ ချင်း(ဥမ)က ပုံမှန် အဝင်ရှိနေသလို ပုံမှန်လည်း အရောင်းအဝယ် ဖြစ်နေပါတယ်။ ဈေးကွက်မှာတော့ ဝယ်လက်တွေက ဝယ်သူစိတ်ကြိုက် ချင်းအကြီး/အသေး၊ အခက်ကြီး/လှတွေပေါ် မူတည်ပြီး အရောင်းအဝယ် ဖြစ်တယ်လို့လည်း သိရပါတယ်။ ပြည်ပ ဝယ်လက်သိပ်မရှိဘဲ ပြည်တွင်းဝယ်လက်တွေသာ ရှိတယ်လို့လည်း ဈေးကွက်က သိရပါတယ်။ မိုးကလည်း မပြတ်ရွာနေတာကြောင့် သိပ်ပြီး မဝယ်ဖြစ်တော့တာလည်း သိရပါတယ်။ ဟိုပုံးချင်းတွေကတော့ အခက်ပေါ် မူတည်ပြီး အခက်ကြီးရင် တစ်ပိဿာ ၃၀၀ကျပ် ဈေးပေါက်နေပြီးတော့ အခက်ငယ်ရင်တော့ ၂၅၀ကျပ်မှ ၂၆၀ကျပ် ဈေးရှိတယ် လို့ သိရ ပါတယ်။ ပြည်တွင်း ဈေးပတ်သမားတွေ ဝယ်ယူမှုကြောင့် တစ်ပတ်အတွင်းမှာ ချင်းပိဿာချိန် ၃၀ ပေါင်း သုံးသောင်းခွဲ၊ လေးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ပိဿာ ပေါက်ဈေးကတော့ ၁၈၅၀ကျပ် ဈေးရှိပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ချင်းမှာ ပေါ်စကတည်းကယခုထိ ဈေးကောင်းမရသေးဘူးလို့ သိရပါတယ်။ အရောင်းအဝယ်ကတော့ ပုံမှန်ဖြစ်နေတယ်ဆိုပေမယ့် တောင်ပြုန်းပွဲတော်ကြောင့် ဝယ်လက်တွေဖြစ်တဲ့ ဈေးပတ်သမားတွေလည်း အဝယ်နည်းလာလို့ တစ်ပတ်အတွင်းမှာ ချင်းပိဿာချိန်ပေါင်း တစ်သောင်းခွဲ ခန့်သာ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ ဈေးနှုန်းကတော့ တစ်ပိဿာကို ၂၅၀ ကျပ်မှ ၃၀၀ကျပ် ဈေးရှိပြီး ချင်းခြောက်ကတော့ အနိမ့်ဆုံး ၁၀၀၀ ကျပ်မှ အမြင့်ဆုံး ၁၇၀၀ ကျပ်ဈေးရှိတယ်လို့ အောင်ပန်းပွဲရုံတွေက သိရပါတယ်။

**ဇေခိုင်(တောင်ကြီး)**

### ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းစိုပုံမှန်တင်ပို့

မြန်မာ - ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းနဲ့ စစ်တွေကုန်သွယ်ရေးစခန်းများမှ ဩဂုတ်လဒုတိယပတ်တွင် အမေရိကန်ဒေါ်လာ ၆၉၆၀၀ တန်ဖိုးရှိ ချင်းစိုတန် ၁၆၀ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မောင်တောမှ တန် ၁၃၀ နဲ့ စစ်တွေမှ တန် ၃၀ ဖြစ်ပါတယ်။ ချင်းစို တစ်တန်ကို မိမိဘက်ပေါက် ဈေးကတော့ ငွေလဲနှုန်းအရ ၈၉၉၈၈၅ ကျပ်ဝန်းကျင်ခန့် ရှိတယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က မောင်တောမှ ၁၅၃ တန်နဲ့ စစ်တွေမှ ၂၁ တန်တင်ပို့ခဲ့လို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းပုံမှန်တင်ပို့လျက်ရှိကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ဝါဂွမ်း



### မူဆယ်ကုန်သွယ်ရေးဇုန်မှ ဝါဂွမ်းပုံမှန်တင်ပို့

ဩဂုတ်လ ဒုတိယပတ်တွင် မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၆၃၁၄၀၀ တန်ဖိုးရှိငွေချည်-၆ ဝါ ၂၈၇ တန် တင်ပို့ခဲ့ ပါတယ်။

ယခင်သီတင်းပတ်က ၃၃၆ တန် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ်ဝါတင်ပို့မှု အနည်းငယ်လျော့နည်းသွားခဲ့ပေမယ့် မူဆယ်နယ်စပ်ကနေ ဝါဂွမ်းတင်ပို့မှု ပုံမှန်ရှိနေတယ်လို့ဆိုရပါမယ်။

ငွေချည်-၆ ဝါမျိုးကို တံတားဦးမြို့နယ် ပြူကန်ကျေးရွာမှာ ကန်ရေသွင်းပြီး စိုက်ပျိုးကြကြောင်း၊ ဝါဈေးမှာလည်း အတကအကျရှိကြောင်း ဝါစိုက်တောင်သူတစ်ဦးထံမှ သိရပါတယ်။

**မော်မော်အောင်**

## ကြက်သွန်

### ပြည်ကြက်သွန်နီ ပုံမှန်ဈေးဖြင့် ရောင်းဝယ်နေ

ပြည်ဈေးကွက်မှ ကြက်သွန်နီများမှာ အဓိကအားဖြင့် မကွေးတိုင်းမှာယူတင်သွင်း ရောင်းချရခြင်းဖြစ်သဖြင့် မကွေးတိုင်းအတွင်း ရေကြီးရေလျှံမှုများကြောင့် ဈေးနှုန်းအပြောင်းအလဲနှင့်ကြုံတွေ့ရမယ်လို့ စားသုံးသူရော စိုက်ပျိုးထုတ်လုပ်သူပါ ခန့်မှန်းထားကြောင်း သိရပါတယ်။ သို့ပေမယ့် ဈေးကွက်အတွင်း ပွဲရုံများ၌ ဈေးနှုန်းမပြောင်းလဲဘဲ ပုံမှန်ဈေးဖြင့်သာ တစ်ပိဿာကို(ကြီး) ၆၃၀ ကျပ်၊ (လတ်) ကျပ် ၆၀၀၊ (သေး) ၅၅၀ ကျပ်တို့နှင့် အရောင်းအဝယ်ဖြစ်နေပါတယ်။

ဒေသတွင်း လက်လီဈေးအသေးများမှာတော့ တစ်ပိဿာလျှင် ကျပ် ၅၀ နှုန်း ဈေးမြင့်သွားပြီး (ရှယ်သန့်) ကျပ် ၉၀၀၊ (ကြီး) ကျပ် ၈၀၀-၈၅၀၊ (လတ်) ကျပ် ၇၀၀-၇၅၀၊ (သေး) ကျပ် ၆၀၀ တို့နှင့် ဈေးအနည်းငယ် မြင့်သွားပါတယ်။ ယခင်နှစ်ကာလတူအချိန်နှင့်နှိုင်းယှဉ်လျှင် သင့်တင့်တဲ့ဈေးနှုန်းသာရှိနေကြောင်း အောက်ပါဇယားအတိုင်း တွေ့ရပါ တယ်။

ဝင်ရောက်မှုအားဖြင့် ဆိပ်ဖြူ၊ ပခုက္ကူ၊ ရေနံချောင်းစသည့်မြို့နယ်တို့မှ ပိဿာ ၃၀ ဝင်အိတ် ၃၅၀ ခန့် ပုံမှန်ရက်ခြားအဝင်ရှိတယ်လို့ သိရပါတယ်။ အရောင်းအဝယ်မှာလည်း ဒေသတွင်း ဝယ်လက်များ ဝယ်ယူမှုနဲ့ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ စားသုံးရန်အဖြစ် တင်ပို့မှုအပါအဝင် ပုံမှန်ဝယ်လက်များဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။ **ဝင်းလှဲ့ဝါ(ပြည်)**

| စဉ် | လအမည် | ကြက်သွန်နီ (အလတ်စ) | | | |
|---|---|---|---|---|---|
| | | ၂၀၁၅-၂၀၁၆ | | ၂၀၁၆-၂၀၁၇ | |
| | | လက်ကား | လက်လီ | လက်ကား | လက်လီ |
| ၁ | ဇွန် | ၅၅၀ | ၆၅၀ | ၅၈၀ | ၇၀၀ |
| ၂ | ဇူလိုင် | ၈၅၀ | ၉၅၀ | ၅၀၀ | ၆၅၀ |
| ၃ | ဩဂုတ်လ(ဒုတိယပတ်) | ၁၀၀၀ | ၁၂၀၀ | ၆၀၀ | ၇၅၀ |

### မူဆယ်၊ မြဝတီနဲ့ တာချီလိတ် ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ကြက်သွန်နီ တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ်လ ဒုတိယပတ်တွင် အမေရိကန်ဒေါ်လာ ၂၉၁၅၀၀ တန်ဖိုးရှိကြက်သွန်နီတန်ချိန် ၁၁၀၀ ကိုလည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၂၅၆၇၉ တန်ဖိုးရှိကြက်သွန်နီ ၃၅၅ တန်ခွဲနဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၂၆၅၀၀ တန်ဖိုးရှိ ကြက်သွန်နီတန် ၁၀၀ ကို လည်းကောင်း အသီးသီး တင်ပို့ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်မှ တန် ၅၅၀၊ မြဝတီမှ ၅၂၂ တန်ကျော်နဲ့ တာချီလိတ်မှ တန် ၂၀၀ တင်ပို့ခဲ့လို့ ယခု တစ်ပတ်ကြက်သွန်နီတင်ပို့မှုမှာ မူဆယ်မှ ပိုမိုခဲ့ပြီး မြဝတီနဲ့ တာချီလိတ်မှ တင်ပို့မှု အနည်းငယ်လျော့နည်းသွားခဲ့တာ တွေ့ရပါတယ်။ မူဆယ်(၁၀၅) မိုင်မှာကြက်သွန်နီ တစ်တန်ကို လိုင်စင် ဈေးက (ငွေလဲနှုန်းအရ) ( ၂၆၀-၂၆၅ ) ဒေါ်လာရှိပြီး မြဝတီမှာ ၃၅၃ ဒေါ်လာခန့် ရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

Vol: 16, No.31 Monday August 22 2016

# အမေရိကန်စီးပွားရေးလုပ်ငန်းများက မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် စိတ်ဝင်စားမှု မြင့်မားလျက်ရှိ



**မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်၍ အစိုးရသစ်တာဝန်ယူပြီးနောက် အမေရိကန်ပြည်သူများ၊ အမေရိကန် စီးပွားရေးလုပ်ငန်းများမှ မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားမှု၊ အာရုံစူးစိုက်မှုများ ပိုမိုလာခဲ့ပါသည်။ ယင်းနှင့်ဆက်စပ်လျက် ဝါရှင်တန် ဒီစီ အခြေစိုက် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီ၊ အမေရိကန် ကုန်သည်ကြီးများအသင်းစသည့် စီးပွားရေးအဖွဲ့အစည်းကြီးများသည် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရကဏ္ဍများနှင့် ထိတွေ့လျက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိနေပါသည်။**

**မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် အမေရိကန် စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်းသည့် Webinar featuring တစ်ရပ်ကို အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကြီးမှူး၍ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီ၌ ဇူလိုင်လ ၂၇ ရက်ကကျင်းပခဲ့ရာ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ပါသည်။ အဆိုပါ Webinar အစီအစဉ်တွင် အမေရိကန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန၊ ဆန်ဒီဂို အစိုးရတက္ကသိုလ်၊ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများဆိုင်ရာ ပညာရေးနှင့် သုတေသနဌာနတို့မှ panelist များအဖြစ် ဆောင်ရွက်၍ ကမ္ဘောဒီးယားနိုင်ငံနှင့်မြန်မာနိုင်ငံတို့၏ စီးပွားရေးအခြေအနေ၊ အလားအလာရှိသည့် လုပ်ငန်းအမျိုးအစားများ၊ အားသာချက်နှင့်အားနည်းချက်များကို ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာသူများက မေးခွန်းများပြန်လည် မေးမြန်းခဲ့ပါသည်။**

အဆိုပါဆွေးနွေးပွဲ၌ panelist များက မြန်မာနိုင်ငံ၏ အခြေ အနေနှင့်ပတ်သက်၍ ဆွေးနွေးရာ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေတွင် အားသာချက်၊ အားနည်းချက်များ၊ အခွင့်အလမ်းများရှိနေကြောင်း၊

**အားသာချက်များမှာ**

မြန်မာနိုင်ငံတွင် ယခုအစိုးရသစ် တက်မလာခင်ကာလ ကတည်းမှ စတင်၍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ အဓိကကျသည့် စီးပွားရေးအခွင့်အလမ်းများရှိကြောင်း၊ မြန်မာနိုင်ငံ၌ ဆောင်ရွက်ခဲ့သည့် နိုင်ငံရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲမှုများသည် လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေကြောင်း၊

စီးပွားရေး တွန်းအားအနေဖြင့် လူဦးရေ ၅၁ သန်းနှင့် အိန္ဒိယနှင့်တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့အကြား မဟာဗျူဟာကျသောနေရာ၌ တည်ရှိနေသည့်အပြင် အာဆီယံ အသိုက်အဝန်း၏ အဖွဲ့ဝင် နိုင်ငံလည်းဖြစ်ပါကြောင်း၊

ယခင်အစိုးရဆောင်ရွက်ခဲ့သည့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုသည် ကြီးမားသည့် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊

ငွေကြေးကဏ္ဍဖွံ့ဖြိုးမှုအနေဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ ATM စက်များ တပ်ဆင်ခဲ့ပြီး telecommunication ကဏ္ဍတွင် မိုဘိုင်းဖုန်းသုံးစွဲနိုင်မှုမြင့်မားခဲ့ပြီး၊ တစ်မိနစ်အပေါ် တပ်ဆင်သုံးစွဲခ လျော့နည်းခဲ့ကြောင်း၊ လွန်ခဲ့သည့် သုံးနှစ်ကျော်ကာလတွင် ဆင်းကတ်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၅၀၀ မှ ယနေ့ခေတ်တွင် အမေရိကန်ဒေါ်လာ ၁၅ ဒေါ်လာအောက်လျော့နည်းသွားသည်ကို တွေ့ရကြောင်း၊

မြန်မာပြည်သူများမှာ အလုပ်အကိုင် ကြိုးစားသူများဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ စီးပွားရေး လျင်မြန်စွာတိုးတက်လာမည့် အလားအလာများ ရှိနေကြောင်း၊

၂၀၁၆ ခုနှစ် အာဆီယံ စီးပွားရေး လုပ်ငန်းများ ရှုမြင်သုံးသပ်ချက်စစ်တမ်းတစ်ရပ်အရ မြန်မာနိုင်ငံသို့ လုပ်ငန်းတိုးချဲ့ရန် ရည်ရွယ်သည့် ကုမ္ပဏီများမှာ ၃၁ ဒသမ ၆ ရာခိုင်နှုန်းဖြင့် မြန်မာနိုင်ငံသည် အလားအလာ အမြင့်ဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုတွင် မြန်မာနိုင်ငံသည် ၅၃ ဒသမ ၅ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံသည် ၄၁ ဒသမ ၉ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံသည် ၃၄ ဒသမ ၉ ရာခိုင်နှုန်းဖြင့် အလားအလာရှိကြောင်း၊

**အားနည်းချက်များမှာ**

ငွေကြေးလွှဲပြောင်းမှုတွင် အခက်အခဲများ ရှိနေသေးကြောင်း၊ အမေရိကန်ဘဏ်များ ဝင်ရောက်ရန် လိုအပ်နေကြောင်း၊

အမေရိကန် အစိုးရမှ စီးပွားရေးအရေးယူပိတ်ဆို့မှု ဖယ်ရှားရန်ကျန်ရှိနေပါသေးကြောင်း၊ အခြေခံအဆောက်အဦ လိုအပ်ချက်၊ ဘဏ်လုပ်ငန်းဆိုင်ရာ ဥပဒေစည်းမျဉ်းများ လိုအပ်နေမှုများရှိနေပြီး ပြန်လည်ရေးဆွဲရန် အချိန်ယူရမည်ဖြစ်ကြောင်း၊

လာဘ်ပေးလာဘ်ယူကိစ္စရပ်များ ကျန်ရှိနေသေးသော်လည်း အစိုးရသစ်မှ တိုက်ဖျက်လျက်ရှိပါကြောင်း၊

ထောက်ပံ့ပို့ဆောင်ရေးနှင့်အခြေခံအဆောက်အဦတို့တွင် အဓိကစိန်ခေါ်မှုများ ကျန်ရှိနေသေးကြောင်း၊ သို့ပါ၍ အဆိုပါအခြေအနေများ တိုးတက်ဖြစ်ပေါ်ရေးသည် အမေရိကန်ကုမ္ပဏီများ၏ အခွင့်အလမ်းများဖြစ်ကြောင်း၊

ကျွမ်းကျင်လုပ်သားရှားပါးမှုသည် လေ့ကျင့်ပညာပေးသင်တန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်သည်ကို ရည်ညွှန်းနေကြောင်း၊ ယင်းအခက်အခဲများသည် အခွင့်အလမ်းများဖြစ်ကြောင်း၊

**အခွင့်အလမ်းများမှာ**

ရန်ကုန်မြို့နေရာအနှံ့တွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေသည်ကို မြင်တွေ့ရခြင်းမှာ ယနေ့ကမ္ဘာတွင် စီးပွားရေးလုပ်ငန်းများ စိတ်ဝင်စားမှုမြင့်မားနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်နေခြင်း ကြောင့်ဖြစ်ကြောင်း၊

စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာပြီး၊ သုံးစွဲနိုင်သောဝင်ငွေတိုးတက်လာသဖြင့် စားသုံးသူအခြေပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်း၊

ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ကျွန်းသစ်၊ ဓာတ်သတ္တုစသည့် သဘာဝသယံဇာတများပေါ်များသဖြင့် Extractive Industries များတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များ ဆောင်ရွက်နိုင်ကြောင်း၊

ကုန်စည်၊ ဟိုတယ်၊ ဆက်သွယ်ရေး၊ စားသောက်ဆိုင်လုပ်ငန်းများတွင် လုပ်ကိုင်နိုင်ကြောင်း၊ ကုန်စည်သာမက ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း အခွင့်အလမ်းများရှိနေကြောင်း၊ Franchise market တွင် စိတ်ဝင်စားမှုများရှိကြောင်း၊

ရင်းနှီးမြှုပ်နှံမှုတွင် ပြည်တွင်းပါတနာကုမ္ပဏီ ရှာဖွေနိုင်ကြောင်း၊ ဈေးကွက်ဝင်ရောက်မှု မဟာဗျူဟာနှင့်စပ်လျဉ်း၍ အမေရိကန် Law firms များရှိနေပြီး၊ services provider ကုမ္ပဏီများ ရှာဖွေနိုင်ကြောင်း၊

ရင်းနှီးမြှုပ်နှံသူအများစုက မြန်မာနိုင်ငံအား လုပ်သားအင်အားအလေးပေးနှင့်ထပ်ဆင့်တိုးတန်ဖိုးနည်း ကုန်ထုတ်လုပ်မှု အခြေစိုက်အဖြစ် ရှုမြင်နေကြသော်လည်း လယ်ယာ၊ အပေါ့စားကုန်ထုတ်လုပ်ငန်းများ၊ အခြေခံအဆောက်အဦ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ထုပ်ပိုးမှုလုပ်ငန်းများ၊ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေး၊ ဓာတုဗေဒလုပ်ငန်း၊ ထောက်ပံ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် Fast Moving Consumer Goods (FMCG) စသည့်လုပ်ငန်းများ ဆောင်ရွက်ရန် အခွင့်အလမ်းများရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် တက်ရောက်လာသူများက မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့်မေးခွန်းများကိုလည်း မေးမြန်းခဲ့ရာ

အမေရိကန်ကုမ္ပဏီများသည် မြန်မာနိုင်ငံအတွင်းမည်သည့်ကုမ္ပဏီများနှင့်ယှဉ်ပြိုင်ရမည်နည်း။ မြန်မာနိုင်ငံအတွင်း လက်ရှိလုပ်ကိုင်နေသည့် Multi National Companies မည်မျှရှိနေသနည်း။

မြန်မာနိုင်ငံအတွင်းရှိ အစိုးရဝန်ထမ်းများ၏ အကျင့်ပျက်ခြစားမှုနှင့်စပ်လျဉ်း၍ မည်သို့ စောင့်ကြည့်ဖယ်ရှားနေပါသလဲ။

ငွေကြေးလွှဲပြောင်းမှုသည် မြန်မာနိုင်ငံ၏ ပြင်ပမှုဖြစ်နေသဖြင့် အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (သို့မဟုတ်) အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တိုးတက်လာစေရန် မည်သို့ဆောင်ရွက်ပေးနိုင်မည်နည်း။

မြန်မာနိုင်ငံတွင် အခြေခံအဆောက်အဦ တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ဆက်သွယ်နိုင်မှုလမ်းကြောင်း စီမံကိန်းများ (Connectivity projects) များ၊ One Belt One Road, AIIB စသည့် စီမံကိန်းလုပ်ငန်းကြီးများ၊ ဈေးကွက်တွင် တရုတ်နိုင်ငံတစ်နိုင်ငံတည်းမှပင် ဈေးကွက်အကြာကြီးရရှိနေသည်မှာ မှန်ပါသလား။

ရထားပို့ဆောင်ရေးကဏ္ဍတွင် JICA နှင့် ဆောင်ရွက်နေမှု မည်သို့ရှိနေပါသနည်းတို့ဖြစ်သည်။

အမေရိကန်စီးပွားရေးလုပ်ငန်းများမှ မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားမှုများရှိနေသော်လည်း၊ အမေရိကန်နိုင်ငံအစိုးရမှ မြန်မာနိုင်ငံအပေါ် ချမှတ်ကျင့်သုံးခဲ့သည့် စီးပွားရေး အရေးယူပိတ်ဆို့မှုများ ရှိနေသေးသဖြင့် အကန့်အသတ်များ ကျန်ရှိနေပါသေးသည်။

မကြာသေးမီက အမေရိကန်ကုန်သည်ကြီးများအသင်းမှ ရန်ကုန်မြို့တွင် ဖတ်ကြားတင်ပြခဲ့သည့် အမေရိကန်-မြန်မာကုန်သွယ်မှု ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် သဘောထားမှတ်ချက်ကြေညာစာတမ်းအရ မြန်မာနိုင်ငံအတွင်း၌ ဖြစ်ပေါ်နေသည့် စိန်ခေါ်မှုများ အနေဖြင့် ငွေကြေးအရင်းအနှီးရရှိနိုင်မှု၊ မြေအသုံးပြုနိုင်မှု၊ လျှပ်စစ်ဓာတ်အားရရှိနိုင်မှု၊ ကျန်းမာ၍ အရည်အချင်း တစ်ရပ်ပိုင်ဆိုင်ထားသည့် ကျွမ်းကျင်လုပ်သားရရှိနိုင်မှု၊ ဥပဒေစိုးမိုးမှုနှင့် လာဘ်ပေးလာဘ်ယူကိစ္စရပ်များ၊ စည်းမျဉ်းဥပဒေနှင့်အခွန်ကောက်ခံမှုဆိုင်ရာ မရေရာမှု၊ အခြေခံအဆောက်အဦမလုံလောက်မှုတို့ကို အလေးပေးဖော်ပြသွားသည်ကို တွေ့ရပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအတွင်း အားကောင်းစေရန် ဆောင်ရွက်ရမည့် အစီအမံများရှိသကဲ့သို့ အမေရိကန်ဘက်မှလည်း နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အထောက်အကူပြုစေရန်အတွက် ဖြေလျှော့ပေးမှုများဆက်လက်ပေးရန် လိုအပ်နေပါသေးကြောင်း၊ GSP အခွင့်အရေးပေးအပ်ရေးကဲ့သို့သော ကိစ္စရပ်များကျန်ရှိနေပါသေးကြောင်း သိရှိရပါသည်။ ■

# စာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ဓာတ်ဆီနဲ့ ဒီဇယ် ပြန်လည်တင်သွင်း

ဩဂုတ် ၇ ရက်မှ ၁၃ ရက် သီတင်းပတ်အတွင်းအဆင့်မြင့်ဒီဇယ် ၆ ဒသမ ၃၂၂တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ဓာတ်ဆီ၊ ဒီဇယ် အဝင် စုစုပေါင်းမှာ ၇၄ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၆၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အဆင့်မြင့် ဒီဇယ်နဲ့ စက်ဆီ၊ ချောဆီ၊ ရေနံကတ္တရာစေးနဲ့ အင်ဂျင်ဝိုင်တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြဝတီစခန်းမှ ကန်ဒေါ်လာ ၂၉၂၉၈ တန်ဖိုးရှိ ဓာတ်ဆီ ၅၀ ဒသမ ၅ တန်တင်သွင်းခဲ့သလိုမြိတ်စခန်းမှ ကန်ဒေါ်လာ ၅၉၉၄၈၂ တန်ဖိုးရှိ ဒီဇယ် ၁၂၆၀ တန်၊ တာချီလိတ်စခန်းမှ ကန်ဒေါ်လာ ၁၄၈၆၃၀ တန်ဖိုးရှိ ဓာတ်ဆီ ၂၈၄ ဒသမ ၂၈၁ တန်နဲ့ ကန်ဒေါ်လာ ၃၅၈၂၁၃ တန်ဖိုးရှိဒီဇယ် ၇၅၁ ဒသမ ၁၇၃တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အောက်တိန်း (92)၊ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်ပြန်မြင့်လာပြီး အောက်တိန်း(95)မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာဒီဇယ်၅၃၀ ကျပ်၊ အောက်တိန်း (92) ၅၃၀ ကျပ်၊အောက်တိန်း (95) ၅၉၀ ကျပ်၊အဆင့်မြင့်ဒီဇယ်၅၆၀ကျပ်နဲ့ အရောင်း အဝယ် ဖြစ်တယ်လို့ သိရပါတယ်။ ဩဂုတ် ၁၅ရက် ဒီဇယ်ဝယ်ဈေး ၁၀၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၄၀၀၀ ကျပ်ဈေးရှိခဲ့ရာမှ ၁၈ ရက်တွင် ဝယ်ဈေး ၁၀၂၀၀၀ကျပ် ရောင်းဈေး ၁၀၆၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီပီပါ ဈေးမှာ ဩဂုတ် ၁၅ ရက်တွင်ဝယ်ဈေး ၁၂၁၀၀၀ကျပ်၊ ရောင်းဈေး ၁၂၆၀၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာတစ်ပတ်လုံးဒီဈေးနဲ့ပဲအရောင်း အဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဓာတ်ဆီ ဈေးငြိမ်နေပေမယ့် ဒီဇယ်ဈေး နည်းနည်းမြင့်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဈေးမှာ မပြောင်းဘဲ ဒီဇယ်ရော ဓာတ်ဆီပါ ယခင်တစ်ပတ်ဈေးဖြစ်တဲ့ တစ်ဂါလန် ၂၈၀၀-၃၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ၆၄၅ ကျပ်၊ ဒီဇယ် ၅၅၅ ကျပ်၊အဆင့်မြင့် ဒီဇယ် ၆၀၀ကျပ်၊အောက်တိန်း (92) ၆၀၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပ လက်လီဆိုင်များမှာအရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဩဂုတ် ၁၅ ရက် ဒီဇယ် ဝယ်ဈေး ၁၀၇၀၀၀ ကျပ်၊ရောင်းဈေး ၁၁၁၀၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ပြီး ၁၈ ရက်တွင် ဝယ်ဈေး ၁၀၉၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၃၀၀၀ ကျပ်ဈေးနဲ့ အရောင်း အဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဩဂုတ် ၁၅ ရက်တွင် ဝယ်ဈေး ၁၃၀၀၀၀ကျပ်၊ ရောင်းဈေး ၁၃၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ဈေး ၂၀၀၀ ကျပ်ဝန်းကျင် ဈေးမြင့်ခဲ့ပေမယ့် ဓာတ်ဆီဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၆၀၀ ကျပ်၊ ဓာတ်ဆီ ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဓာတ်ဆီ၊ ဒီဇယ်မှာယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများမှာ ဓာတ်ဆီ တစ်ဂါလန် ၃၁၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၆၀၀ ကျပ်နဲ့ ရောင်းချတယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလန် ၃၃၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၉၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ဓာတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၅၆၅ကျပ်၊ အောက်တိန်းတစ်ဂါလန် ၂၅၂၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၁၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၆၀၀ ကျပ်၊ အောက်တိန်း တစ်ဂါလန် ၂၆၀၀ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ **MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက်

ယခုတစ်ပတ်တွင် ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက်ခဲ့ရာ အမြင့်ဆုံးရောင်းဈေးအဖြစ် ကျပ်၁၂၀၀ သို့ရောက်ရှိခဲ့ကြောင်း သိရသည်။ ဈေးကွက်တွင် အဝယ်လိုက်လာသဖြင့် ဈေးမြင့်တက်လာရခြင်းဖြစ်သည်ဟုဆိုသည်။

“ဈေးကွက်ထဲမှာ အဝယ်ပြန်လိုက်လာတာ နှစ်ပတ်လောက်ရှိနေပြီ။ ပြီးခဲ့တဲ့ တစ်ပတ်ကတည်းက အဝယ်လိုက်နေတာပါ။ ဈေးပြန်တက်လာတဲ့အတွက် ဈေးကွက်ထဲမှာ ပြန်ပြီးလှုပ်လာတယ်။ နိုင်ငံတကာမှာလည်း ဈေးမြင့်တက်လာတဲ့အတွက် ပြည်တွင်းငွေလဲနှုန်းတွေ မြင့်တက်လာရတာပါ။ သွင်းကုန်တွေကလည်း များလာတော့ သွင်းကုန်အတွက် ဝယ်ကြတာများပါတယ်”ဟု ဈေးကွက်အတွင်းဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် ဩဂုတ် ၁၅ ရက်က ရောင်းဈေး ၁၁၃၉ကျပ်၊ ဝယ်ဈေး ၁၁၉၁ ကျပ်ရှိခဲ့ပြီး ဩဂုတ် ၁၇ ရက်တွင် ရောင်းဈေး ၁၁၉၅ကျပ်၊ ဝယ်ဈေး ၁၁၉၃ ကျပ်ရှိခဲ့သည်။ ဩဂုတ် ၁၉ ရက်တွင် ရောင်းဈေး ကျပ် ၁၂၀၀၊ ဝယ်ဈေး ၁၁၉၇ ကျပ်သို့ မြင့်တက်ခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းငွေလဲနှုန်း မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေး ကျပ်ရှစ်သိန်းငါးသောင်းကျော်သို့ ရောက်ရှိ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများ နေ့စဉ်မြင့်တက်လာမှုများကြောင့် ပြည်တွင်းရွှေဈေးနှုန်းများလည်း ဆက်လက်မြင့်တက်လျက်ရှိကြောင်း သိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းက ပြည်တွင်းရွှေဈေးများ မြင့်တက်ခဲ့သဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ အေးစက်ခဲ့သည့်နည်းတူ ယခင်တစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်ခဲ့သဖြင့် ဈေးကွက်တွင် အရောင်းအဝယ်များ အေးသည်ထက်အေးစက်လာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေးကျဆင်းသွားသော်လည်း ပြည်တွင်းငွေလဲနှုန်းများ ဆက်တိုက်မြင့်တက်လာမှုကြောင့် ရွှေဈေးများ မြင့်တက်လာရခြင်းဖြစ်သည်ဟုဆိုသည်။

“တကယ်ဆိုရင် ရွှေဈေးကကျလာရမှာ။ ဒေါ်လာဈေးနဲ့ရွှေဈေးက ပြောင်းပြန်အချိုးကျနေတာ။ အခုတော့ ပြည်တွင်းငွေလဲနှုန်းကလည်း တက်လာသလို ရွှေဈေးကလည်းတက်လာတော့ ဘယ်လိုချိန်ထိုးရမလဲဆိုတာတောင် မသိတော့ဘူး။ ဈေးကွက်ထဲမှာလည်း ရွှေဈေးက အမြင့်ဆုံးကိုရောက်နေတော့ အရောင်းအဝယ်ကမရှိတော့ဘူး။ ရောင်းတဲ့သူ အနည်းအကျဉ်းလောက်ပဲရှိတော့တယ်”ဟု ရွှေကုန်သည်တစ်ဦးကမှတ်ချက်ပြုသည်။

ပြည်တွင်းရွှေဈေးများသည် ဩဂုတ် ၁၅ ရက်က ကျပ် ၈၄၇၅၀၀ ရှိခဲ့ရာမှ ဩဂုတ် ၁၈ ရက်တွင် ကျပ် ၈၅၁၀၀၀ သို့မြင့်တက်ခဲ့ပြီး ဩဂုတ် ၁၉ ရက်တွင် ကျပ် ၈၅၃၅၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် ဩဂုတ် ၁၅ ရက်က ၁၃၃၀ ဒေါ်လာရှိခဲ့ပြီး ဩဂုတ် ၁၈ ရက်တွင် ၁၃၅၃ ဒေါ်လာသို့ မြင့်တက်ခဲ့သော်လည်း ဩဂုတ် ၁၉ ရက်တွင် ၁၃၄၇ ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့သည်။
**မယ်သီတာ**

## သီလဝါရှယ်ယာဈေးများ အနိမ့်ဆုံးအဖြစ် ကျပ် ၄၁၀၀၀ အထိ စံချိန်တင်ကျဆင်း

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းကတည်းက ကျဆင်းခဲ့သည့် သီလဝါ ရှယ်ယာဈေးနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်ကျဆင်းခဲ့ရာ စံချိန်တင်အနိမ့်ဆုံးဈေးအဖြစ် ကျဆင်းခဲ့ကြောင်း YSX ၏ ဈေးနှုန်းထုတ်ပြန်ချက်များအရ သိရသည်။

ဇူလိုင်လ လကုန်ပိုင်းက သီလဝါ အစုရှယ်ယာတစ်စုလျှင် ကျပ် ၄၇၀၀၀ သာရှိခဲ့သော်လည်း ဩဂုတ်လအတွင်း အတက်အကျ အနည်းငယ်ဖြင့်သာ ရောင်းဝယ်လျက်ရှိသည်။ သို့သော် ယခုတစ်ပတ်အတွင်းတွင်မူ ကျပ် ၄၁၀၀၀ အထိ အနိမ့်ဆုံးကျဆင်းသွားခဲ့သည်ဟု ဆိုသည်။

သီလဝါအစုရှယ်ယာဈေးနှုန်းများမှာ ဝယ်လိုအားထက် ရောင်းလိုအားက ပိုမိုများပြားနေခြင်းကြောင့် ယခုကဲ့သို့ ဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေခြင်းဖြစ်သည်ဟု ဆိုသည်။

“ဈေးကွက်ရဲ့ သဘောအတိုင်းပါပဲ။ ဒီမှာက ရှယ်ယာရဲ့သဘောကို သိလို့ ဝယ်ရောင်းလုပ်နေကြတာမဟုတ်ဘဲ ဈေးကွက်မှာ ရောင်းလိုအားများလာရင် ဈေးကျမယ်၊ ဝယ်လိုအားများလာရင် ဈေးတက်မယ်၊ အခုဒီအတိုင်းပဲဖြစ်နေတာ။ သီလဝါရှယ်ယာဈေးက ဈေးစဖွင့်တုန်းက ကျပ် လေးသောင်းဆိုတော့ အခု ကျသွားတဲ့ဈေးက အဖွင့်ဈေးထက် ကျပ်တစ်သောင်းပဲ ပိုတော့တယ်။ အမှန်ဖြစ်သင့်တာက ကုမ္ပဏီရဲ့အနေအထားကြောင့် ဈေးအတက်အကျဆိုတာ ဖြစ်သင့်တာ။ အခုတော့ ရှယ်ယာဝယ်ထားတဲ့သူတွေရဲ့ ရောင်းလိုအား ဝယ်လိုအားပေါ် မူတည်ပြီးဈေးအတက်အကျဖြစ်နေတာပါ”ဟု ရှယ်ယာများ ရင်းနှီးမြှုပ်နှံသူတစ်ဦးက ပြောကြားခဲ့သည်။ FMI ရှယ်ယာများမှာမူ ကျပ်နှစ်သောင်းဖြင့် ဈေးငြိမ်ကာ ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် လာမည့် ဩဂုတ် ၂၆ ရက်တွင် မြန်မာနိုင်ငံသားများဘဏ်သည် ရန်ကုန်စတော့အိတ်ချိန်းတွင် Listed ဝင်သည့်အများပိုင်ကုမ္ပဏီတစ်ခုအဖြစ် ရောက်ရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

## Currency Exchange Rate

August 19, 2016
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.31 |
| BDT | Bangladesh Taka | 78.22 |
| CAD | Canada Dollars | 1.28 |
| CNY | China Yuan Renminbi | 6.64 |
| EUR | Euro | 0.88 |
| H KD | Hong Kong Dollars | 7.75 |
| I NR | India Rupees | 66.93 |
| I DR | Indonesia Rupiahs | 13152.37 |
| JPY | Japan Yen | 100.09 |
| MYR | Malaysia | 4.01 |
| PKR | Pakistan Rupees | 104.69 |
| PHP | Philippines Pesos | 46.41 |
| RUB | Russia Rubles | 63.74 |
| SGD | Singapore Dollars | 1.34 |
| KRW | South Korea Won | 1116.76 |
| LKR | Sri Lanka Rupe | 145.45 |
| THB | Thailand Baht | 34.61 |
| GBP | United Kingdom Pounds | 0.76 |
| VND | VietnamDon | 22296.54 |

*Source : xe.com*

## World Gold Price

August, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 15 | 1339 | 1339 | 1340 |
| 16 | 1344 | 1346 | 1346 |
| 17 | 1352 | 1354 | 1354 |
| 18 | 1348 | 1350 | 1350 |
| 19 | 1345 | 1348 | 1348 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 15 -8- 2016 | 848.00 | 847.90 |
| 16 -8- 2016 | 849.00 | 849.90 |
| 17 -8-2016 | 849.50 | 849.00 |
| 18- 8- 2016 | 853.00 | 853.70 |
| 19 -8- 2016 | 855.50 | 855.70 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ်လ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 15 | 6 .64 | 34.60 | 78.32 | 66.85 |
| 16 | 6. 63 | 34.63 | 78.27 | 66.84 |
| 17 | 6 62 | 34.55 | 78.17 | 66.82 |
| 18 | 6 .63 | 34.58 | 78.28 | 66.77 |
| 19 | 6.64 | 34.61 | 78.22 | 66.93 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 15 - August | 19.79 | 2263.30 | 1660.96 | 4818.69 | 1126.00 |
| 16 - August | 19.99 | 2276.96 | 1678.43 | 4824.74 | 1123.00 |
| 17 -August | 19.84 | 2311.90 | 1706.21 | 4874.91 | 1131.00 |
| 18 - August | 19.73 | 2307.42 | 1707.55 | 4874.24 | 1126.00 |
| 19 - August | 19.59 | 2319.30 | 1699.49 | 4889.70 | 1122.00 |

Source:kitco.com

## Energy NYMEX 19-8-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 48.62 | 0.40 | 0.83 |
| Brent Crude Futr (USD/bbl) | 51.14 | 0.25 | 0.49 |
| Gasoline Rbob Fut (Cent/gal) | 148.91 | -0.06 | -0.04 |
| Natural Gas Futr (USD/MMBtu) | 2.66 | -0.01 | -0.41 |
| Heating Oil Futr (Cent/gal) | 153.11 | 0.51 | 0.33 |

## ဘိလပ်မြေ



### မိုးတွင်းကာလဖြစ်၍ ဘိလပ်မြေတင်သွင်းမှု လျော့ကျ

ဩဂုတ် ၇ ရက်မှ ၁၃ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၇၉၂၂၁ တန်ဖိုးရှိ ဘိလပ်မြေ ၄၅၂၉၀ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ တန်ချိန် ၂၂၀ နဲ့ ထိုင်းနိုင်ငံမှ တန်ချိန် ၄၅၀၇၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တန်ချိန် ၃၁၅၀၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၁၃၆၉၀ ကျော်ပိုမို တင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းမှာ ဘိလပ်မြေများ ပိုမိုထုတ်လုပ်လာတာကြောင့် ပြည်ပမှတင်သွင်းမှုများ လျော့နည်းလာသလို မိုးတွင်းကာလဖြစ်တာကြောင့်လည်း ဘိလပ်မြေတင်သွင်းမှုများ လျော့နည်းလာတယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် အရောင်းအဝယ်ပြန်အေး

ဩဂုတ် ၇ ရက်မှ ၁၃ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၄၅၂၉၀ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဘိလပ်မြေအဝင်မှာ ၃၁၅၉၇ တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၃၆၉၀ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၇၇၉ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန်ချိန် ၁၃၀၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၂၃၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီးနယ်စပ်လမ်းမှ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီရက်ပိုင်းမိုးလည်း များလာတာကြောင့် အရောင်းအေးသလိုဈေးလည်းငြိမ်နေသေးတယ်လို့ဆိုပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်၅၃၀၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၉၀၀ ကျပ်နဲ့ စိန်(ထိုင်း) ၅၂၅၀ ကျပ် နဲ့အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိသလို ဈေးလည်းငြိမ်နေပါတယ်။ ဈေးကွက်ထဲ ပြည်တွင်းဘိလပ်မြေများက အသုံးများလို့ အဝယ်လိုက်တယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၄၉၀၀ ကျပ်၊ မြန်မာဆင် ၄၆၀၀ကျပ်၊ ဆင် (ထိုင်း) ၆၈၀၀ကျပ်၊ စိန်(ထိုင်း) ၆၈၀၀ကျပ်၊ ဆင်မင်း (ကျောက်ဆည်) ၄၅၀၀ ကျပ်၊ ကျားခေါင်း ၄၅၀၀ ကျပ်၊ မြင်းခေါင်း ၄၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက မိုးကောင်းနေတာကြောင့် လုပ်ငန်းတွေလည်း နားထားရတယ်။ဒါကြောင့်အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာစိန်(ထိုင်း) ၆၉၀၀ ကျပ်၊ အေသုံးလုံး ၅၂၀၀ ကျပ်၊ အပါချီ ၄၇၀၀ကျပ်၊ ကမ္ဘောဇ ၄၃၀၀ကျပ်၊ နဂါး ၄၈၀၀ ကျပ်၊ ဆင် (ထိုင်း) ၆၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### မြေဩဇာ ဆက်တိုက်အဝင်ကောင်း

ဩဂုတ် ၇ ရက်မှ ၁၃ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၆၉၄၁၃၅ တန်ဖိုးရှိ မြေဩဇာ ၁၆၁၃၉ဒသမ ၃၇၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ နိုက်တြိုဂျင်၊ ယူရီးယား၊ ကွန်ပေါင်း၊ ဖလော်လာ၊ ပိုတက်ဆီယမ်စတဲ့အမျိုးအစားများတင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့နိုင်ငံများနဲ့ တန်ချိန်မှာ တရုတ်နိုင်ငံမှ ၁၀၆၀၈ ဒသမ ၅၇၇တန်၊ ဒိန်းမတ်မှ ၉ တန်၊ ဂျာမနီမှ ၅၀၉ဒသမ ၀၂၂တန်၊မလေးရှားမှ ၂၉၃တန်၊နော်ဝေးမှ ၁၁ ဒသမ ၂၆ တန်၊ ရုရှားမှ ၁၀၄၂ ဒသမ ၃၇တန်၊ ထိုင်းနိုင်ငံမှ ၁၂၁၆ ဒသမ ၁၄၄ တန်နဲ့ ဗီယက်နမ်မှ ၂၄၅၀ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး ဗီယက်နမ်မှ ဒုတိယအများဆုံးနဲ့ ထိုင်းမှ တတိယအများဆုံးတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က မြေဩဇာ တန်ချိန် ၂၄၅၀၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန်၈၃၆၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းအဝယ်အေး

ဩဂုတ် ၇ရက်မှ ၁၃ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၁၆၁၃၉ တန်ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်မှာ ၂၄၅၀၄ တန် ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၈၃၆၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာ အဝင်မှာ ၃၄၁၀၈ တန် ကျော်ရှိခဲ့ပြီး၊ ယခင်တစ်ပတ်အဝင်မှာ၁၇၇၅၀တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၆၃၅၈ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ မြေဩဇာအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာက ဆက်လက်အရောင်းပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုလဲ-အသေးက ဈေးနည်းနည်းပြန်မြင့်လာပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီလိုဈေးမြင့်ရတာလည်း ကုမ္ပဏီ ဈေးမြင့်လို့သာ မြင့်ရတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးက ဆိုပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရေတောင်) (တရုတ်)၂၀၂၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၄၅၀၀ကျပ်၊ကွန်ပေါင်း၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၀၅၀၀ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်)၂၁၀၀၀ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ် နယ်ဘက်ကအဝယ်ဆင်းသလို ပတ်ဝန်းကျင်ဒေသဘက်ကလည်း ဆင်းဝယ်တာကြောင့်ပုံမှန်အရောင်းရှိတယ်လို့ သိရပါတယ်။ ပုံမှန်အရောင်းရှိပေမယ့် မြေဆီဈေးက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၈၂၀၀ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်)၁၈၅၀၀ကျပ်၊ တီစူပါ (၄၆%-တရုတ်) ၁၉၀၀၀ ကျပ်၊ ကွန်ပေါင်း၁၀း၁၀း၅ ၁၅၀၀၀ကျပ်၊မြားသီးစုံ၁၃၅၀၀ ကျပ်၊ ပန်းသီးစုံ ၁၄၀၀၀ ကျပ် ဈေးရှိတယ်လို့မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** မြေဩဇာများက အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အရောင်းငြိမ်နေသလို ဈေးလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း ၁၃ ၁၅၅၀၀ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၅၀၀၀ ကျပ်၊ သီးစုံ (ဝါစိမ်းပြာ) ၁၅၀၀၀ကျပ်၊အာမို၁၅ ပတ်လည် ၃၇၀၀၀ကျပ်၊အာမို ၁၆း၁၆း၈က ၃၅၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)၁၉၂၀၀ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင် -တရုတ်) ၁၈၅၀၀ ကျပ်၊ မြား ၁၅း၇း၈ ၁၈၅၀၀ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ က ၁၈၀၀၀ ကျပ်၊တီစူပါ၁၉၅၀၀ကျပ်နဲ့ တောင်သူမ ၁၄၈၀၀ကျပ်၊ ဇာမဏီ ၁၇၆၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေ ဩဇာအ ရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယားက ဈေးငြိမ်နေပေမယ့် တီစူပါနဲ့ ပိုတက်က ဈေးနည်းနည်း တက်လာတယ်လို့ သိရပါတယ်။ ဒီအချိန်က တီစူပါက ရောင်းအားသွက်တယ်။ တီစူပါက ၅၀၀ ကျပ် ဈေးမြင့်ခဲ့သလို ပိုတက်က ၁၅၀၀ ကျပ် ဈေးမြင့်ခဲ့ပြီး ကွန်ပေါင်းက ယခင်ဈေး နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်)၂၁၅၀၀ ကျပ်၊ ယူရီးယား(ရွှေတောင်-တရုတ်)၂၁၅၀၀ ကျပ်၊ တီစူပါ(သံကွင်း-တရုတ်) ၂၁၀၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည် ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇း (အမ်) ၃၁၉၀၀ ကျပ်၊ ကွန်ပေါင်း၁၅း၁၅း၁၅(အမ်-တရုတ်) ၃၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီရော နို့မှုန့်ပါ အဝင်လျော့

ဩဂုတ် ၇ရက်မှ ၁၃ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၅၉၃၀ တန်ဖိုးရှိ နို့ဆီ ၄၉ ဒသမ ၆၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းနို့ဆီတစ်မျိုးသာ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၂၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန်၁၇၀ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၈၆၈၈၀ တန်ဖိုးရှိ နို့မှုန့်၁၈ ဒသမ ၃၆၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ စင်ကာပူမှ ၃ ဒသမ ၁၁၅တန်နဲ့ နယူးဇီလန်မှ ၁၅ ဒသမ ၂၅ တန် ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ်နို့မှုန့်အဝင်မှာ တန်ချိန် ၄၆၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၀၀ ကျော်တင်သွင်းမှု လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်စခန်းဖြစ်တဲ့မြဝတီစခန်းမှ ကန်ဒေါ်လာ ၉၂၃၀ တန်ဖိုးရှိနို့ဆီ ၁၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၈ မှ ၁၂/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၇ မှ ၅/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၇၇၉·၅၀ | ၁၁၁၂·၀၀ | (-) ၃၃၂·၅၀ |
| ၂။ | လွယ်ဂျယ် | ၅၇၀·၀၀ | ၆၆၂·၀၀ | (-) ၉၂·၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၃၈၅၁·၀၀ | ၁၃၂၅·၀၀ | (+) ၂၅၂၆·၀၀ |
| ၅။ | တာချီလိတ် | - | ၂၂၅၀·၀၀ | (-) ၂၂၅၀·၀၀ |
| ၆။ | မြဝတီ | ၈၄၂·၅၁ | ၉၁၆·၀၀ | (-) ၇၃·၄၉ |
| ၇။ | ကော့သောင်း | ၁၈၅၀·၀၀ | ၃၅၀၀·၀၀ | (-) ၁၆၅၀·၀၀ |
| ၈။ | မြိတ် | ၁၇၄၀·၀၀ | ၃၃၂၅·၀၀ | (-) ၁၅၈၅·၀၀ |
|  | စုစုပေါင်း | ၉၆၃၃·၀၁ | ၁၃၀၉၀·၀၀ | (-) ၃၄၅၆·၉၉ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၈ မှ ၁၂/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၇ မှ ၅/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၂၇၀၆၁·၂၀၅ | ၁၂၁၈၀·၁၂၀ | (+) ၁၄၈၈၁·၀၈၅ |
| ၂။ | လွယ်ဂျယ် | ၆၄၆·၄၀၀ | ၇၂၇·၀၀၀ | (-) ၈၀·၆၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၈၉၈·၀၀ | ၃၅၇၃·၅၀၀ | (+) ၃၂၄·၅၀၀ |
| ၄။ | ကန်ပိုက်တီး | - | - | - |
| ၅။ | မြဝတီ | ၁၇၄၃·၁၀၀ | ၁၀၄၄·၉၀၀ | (+) ၆၉၈·၂၀၀ |
| ၆။ | ကော့သောင်း | ၁၆၀·၀၀၀ | ၇၅·၀၀၀ | (+) ၈၅·၀၀၀ |
| ၇။ | မြိတ် | ၅၀·၀၀၀ | ၁၅၀·၀၀၀ | (-) ၁၀၀·၀၀ |
| ၈။ | ရိုဒ် | ၅၅၀·၀၀၀ | - | (+) ၅၅၀·၀၀ |
|  | စုစုပေါင်း | ၃၄၁၀၈·၇၀၅ | ၁၇၇၅၀·၅၂ | (+) ၁၆၃၅၈·၁၈၅ |

ခင်မိုးသူ

## နှမ်း/မြေပဲ

### ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဩဂုတ် ဒုတိယပတ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၈၆ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၂၄၄၉ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နှမ်းရောင်စုံတွေမှာ နှမ်းဖြူ ၈၃၈ တန်ကျော်၊ နှမ်းနက် ၁၄၇၁ တန် ကျော်နဲ့ နှမ်းညို ၁၃၉ တန်ခွဲဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က နှမ်းရောင်စုံ ၂၁၁၇ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်နှမ်း ၃၃၂ တန် ပိုမိုတင်ပို့လာတာတွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဩဂုတ်လ ဒုတိယပတ်ရဲ့ နှမ်းဖြူတစ်တန်ဈေးကတော့ ၁၂၂၂၀၂၅ ကျပ်၊ နှမ်းနက်ဈေးက ၂၂၈၇၇၄၄ ကျပ် ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### ပြည်ဈေးကွက်မှာ နှမ်းနီဈေး အနည်းငယ်မြင့်တက်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းနီဈေးအနည်းငယ်တက်လာပြီး နှမ်းနက်နဲ့ စမုံနက်နှမ်းဈေးပုံမှန်ဖြစ်နေတာ တွေ့ရပါတယ်။ မြန်အောင်ဘက်မှ တစ်နေ့လျှင် အိတ် ၅၀၀ ခန့် ဝင်ရောက်လာတာ တွေ့ရပါတယ်။ အချို့ဒေသများတွင် ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်သဖြင့် နှမ်းအဝင်နည်းသွားတာဖြစ်တယ်လို့ သိရပါတယ်။ မန္တလေးဝယ်လက်များက နှမ်းနက်ကို ဝယ်ယူနေသော်လည်း ပစ္စည်းမရှိ၍ ဈေးမတက်ဘဲ ပုံမှန်ဖြစ်နေတာတွေ့ရပါတယ်။ ယခုနှစ်မိုးနှမ်းရာသီတွင် နှမ်းရိတ်ခါနီးမှ မိုးများရွာကျခြင်း၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်သဖြင့် နှမ်းအထွက်နည်းမည်ဟု တောင်သူတစ်ဦးက ပြောကြားပါတယ်။

နှမ်းနီကိုဆီစက်သမားများက အဝယ်ရှိသဖြင့် နှမ်းနီဈေးမှာ သုံးတင်း တစ်အိတ်လျှင် ကျပ် ၅၀၀၀ ဈေးမြင့်လာတာ တွေ့ရပါတယ်။ နှမ်းနီတစ်တင်းလျှင် ကျပ် ၂၈၃၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၃၃၀၀၀ နှင့် စမုံနက်နှမ်းတစ် တင်းလျှင် ကျပ် ၄၃၀၀၀ ဈေးဖြင့် တစ်နေ့လျှင် နှမ်း အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

### ပြည်ဈေးကွက်တွင် မြေပဲဆန်အရောင်းအဝယ်ငြိမ်

မြေပဲဆန်ကို ရွှေတောင်ဘက်မှ တစ်နေ့လျှင်အိတ် ၈၀ ခန့် ဝင်ရောက်လာပေမယ့် ယခုတစ်ပတ် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ပျောက်နေတာတွေ့ရပါတယ်။

ရွှေတောင်မြို့တွင် မြစ်ရေများဝင်ရောက်မှုကြောင့် ကုန်းမြင့်တွင် စိုက်ပျိုးတဲ့မြေပဲများသာ ဈေးကွက်သို့ ရောက်ရှိသဖြင့် အဝင်နည်းနေတာတွေ့ရပါတယ်။ ဈေးကွက်တွင် အဝယ်မရှိသဖြင့် ဆီကြိတ်မြေပဲဆန်ဈေးမှာ ယခင်တစ်ပတ်ထက်စာရင် တစ်ပိဿာကို ကျပ် ၃၀၀ ဈေးကျလာတာ တွေ့ရပါတယ်။ လုံးဆန်ကတော့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာ ဖြစ်ပါတယ်။

မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၅၀၀၊ လုံးဆန်တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ဖြင့် အရောင်းအဝယ်ငြိမ်နေတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# ရောင်းလိုအားကျဆင်းမှုကြောင့် စားအုန်းဆီဈေးနှုန်းမြင့်တက်



စားအုန်းဆီရောင်းလိုအား ကျဆင်းမှုက ဈေးကွက်ကို အထောက်အကူဖြစ်စေတဲ့အတွက် ဩဂုတ် ၁၇ ရက်က မလေးရှား စားအုန်းဆီကြိုရောင်းဈေးက လေးရာခိုင်နှုန်းမြင့်တက်ကာ ၁၀ လအတွင်း အမြင့်ဆုံးကို ရောက်ရှိခဲ့ပါတယ်။

စားအုန်းဆီရောင်းဝယ်ရာမှာ အသုံးပြုတဲ့ ငွေကြေးဖြစ်တဲ့ ရင်းဂစ်တန်ဖိုးမြင့်တက်မှုကြောင့် နိုင်ငံခြား ငွေကြေးကို အသုံးပြု ဝယ်ယူသူတွေအတွက် စားအုန်းဆီကို ဝယ်ယူတဲ့အခါ ငွေကြေးပိုမိုစိုက်ထုတ်နေတာကို တွေ့ရပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ အောက်တိုဘာအတွက် စားအုန်းဆီ အခြေခံစံထားဈေးနှုန်းက ၄ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၂၆၄၃ ရင်းဂစ် (အမေရိကန် ဒေါ်လာ ၆၅၉) နှုန်းရှိခဲ့ပါတယ်။ ဒါကြောင့် ဈေးဖွင့်ရက် လေးရက်အနက် သုံးရက်မြောက်အဖြစ် စားအုန်းဆီဈေး မြင့်တက်ခဲ့ပါတယ်။ စောစောပိုင်းက အမြင့်ဆုံးရရှိခဲ့တဲ့ ဈေးကတစ်တန်ကို ၂၆၆၈ ရင်းဂစ်နှုန်းဖြစ်ခဲ့ရာ စက်တင်ဘာ ၂၅ ရက် နောက်ပိုင်း တစ်ရက်အတွင်း တိုးတက်နှုန်းအများဆုံးဖြစ်ခဲ့ပြီး ဇွန် ၇ ရက်နောက်ပိုင်း ဈေးအမြင့်ဆုံးဖြစ်ခဲ့ပါတယ်။

ဩဂုတ် ၁၆ ရက်ဈေးပိတ်ချိန်က ရရှိခဲ့တဲ့ စာရင်းများအရ ရောင်းချရတဲ့ပမာဏက ၂၅ တန်ရှိ အတွဲ ၇၆၀၃၉ တွဲရှိခဲ့ရာ ၂၀၁၅ ခုနှစ်အတွင်း ပျမ်းမျှရောင်းချရတဲ့ အတွဲဖြစ်တဲ့ ၄၄၆၀၀ တွဲနဲ့ နှိုင်းယှဉ်ရင် မြင့်တက်နေတာကို တွေ့ရပါတယ်။

စားအုန်းဆီဈေးမြင့်တက်မှုကြောင့် စားအုန်းဆီနဲ့ ပဲပုပ်ဆီတို့ရဲ့ ဈေးနှုန်းကွာဟချက်က နည်းပါးလာတဲ့အတွက် အိန္ဒိယနိုင်ငံရဲ့ စားသုံးဆီတင်သွင်းမှုမှာ စားအုန်းဆီပါဝင်မှုအချိုးက ကျဆင်းလာခဲ့ပါတယ်။ ယခုရောင်းဝယ်ရေးနှစ်အတွင်းမှာ စံချိန်တင်ကျဆင်းလိမ့်မယ်လို့လည်း ခန့်မှန်းပါတယ်။

“အယ်နီညို အကျိုးသက်ရောက်မှုကြောင့် စားအုန်းဆီရောင်းလိုအား ကျဆင်းခဲ့ပါတယ်”လို့ ကွာလာလမ်ပူ အခြေစိုက် အရောင်းတာဝန်ခံတစ်ဦးက ပြောပါတယ်။ နောက်တစ်လအထိ ဒီအတိုင်း ဆက်သွားလိမ့်မယ်လို့လည်း သူကပြောပါတယ်။

အင်ဒိုနီးရှားနိုင်ငံမှာ အများပြည်သူရုံးပိတ်ရက် ဖြစ်တာကြောင့် ဈေးကွက်ထဲမှာ စားအုန်းဆီရောင်းချသူနည်းပါးနေတယ်လို့ အခြားအရောင်းတာဝန်ခံတစ်ဦးက ပြောပါတယ်။ ဒါကြောင့် လက်ရှိရောင်းလိုအားကို အားနည်းကျဆင်းစေခဲ့ပါတယ်။ ကမ္ဘာမှာ စားအုန်းဆီ ဒုတိယအများဆုံးထုတ်လုပ်တဲ့ မလေးရှားနိုင်ငံရဲ့ စားအုန်းဆီ ထုတ်လုပ်မှုက အယ်လ်နီညိုရာသီဥတုဂယက်ကြောင့် ဇူလိုင်အတွင်းက တန် ၁ ဒသမ ၅၉ သန်းသာရှိတဲ့အတွက် လအလိုက်နှိုင်းယှဉ်ရင် ၃ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းပါတယ်။

ကာလတူချင်းနှိုင်းယှဉ်ရင် ဇူလိုင်ထုတ်လုပ်မှုက ခြောက်နှစ်အတွင်း အနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။ ရာသီဥတုအခြေအနေကြောင့် အရှေ့တောင်အာရှဒေသမှာ အဆမတန်ပူပြင်းတဲ့အတွက် ထိပ်တန်းစားအုန်းဆီ ထုတ်လုပ်တဲ့ နိုင်ငံတွေဖြစ်တဲ့ မလေးရှားနဲ့ အင်ဒိုနီးရှားမှာ သီးနှံတွေ ပျက်စီးပြီး ထွက်နှုန်းကျဆင်းခဲ့ပါတယ်။

အခြားဟင်းရွက်ဆီဈေးကွက်ဖြစ်တဲ့ တရုတ်ဒါလီယံကုန်စည်ဒိုင်ဈေးကွက်မှာ ဇန်နဝါရီအတွက် ပဲပုပ်ဆီဈေးက သုညဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်ချီကာဂိုဈေးကွက်မှာ ဒီဇင်ဘာအတွက် စားအုန်းဆီ ကြိုရောင်းဈေးက ၁ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၉-၈-၂၀၁၆) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၄၀၀၀ | △ | ၁၈၀၀ | ၂၀၀၀ | △ |
| ရန်ကုန် | ၅၄၀၀ | ၅၂၀၀ | ▽ | ၄၆၀၀ | ၃၅၀၀ | ▽ | ၁၆၃၀ | ၁၈၂၀ | △ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၇၂၀ | ၁၈၇၀ | △ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၆၇၀ | ၁၈၆၀ | △ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၅၀၀ | ▽ | ၁၆၇၀ | ၁၈၇၅ | △ |
| မုံရွာ | ၄၄၀၀ | ၄၁၀၀ | ▽ | ၃၃၀၀ | ၃၂၀၀ | ▽ | ၁၇၇၀ | ၁၉၄၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၉-၅-၂၀၁၆ US$/Ton

| အမျိုးအစား | ဩဂုတ်လဒုတိယပတ် | ဩဂုတ်လတတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၄၀.၅၀ | ၆၈၁.၀၀ | △ |
| RBD P.Olein | ၆၅၀.၅၀ | ၇၀၈.၅၀ | △ |
| RBD P.Strarin | ၆၂၃.၄၀ | ၆၆၅.၅၀ | △ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၉- ၈ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၂၆.၃၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၈၂ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၆၃ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၁၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၃.၈၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၄၄.၈၉ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၈၃ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၇၇.၃၆၀ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၉-၈-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၈၅ဒေါ်လာနှင့် USD ဈေး ၁၁၉၀ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၉-၈-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၁၉၀ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မန္တလေးမြို့၌ ကုန်သည်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်သည် ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဩဂုတ်လ ၁၄ ရက်က မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ ၇၈ လမ်းမပေါ်ရှိ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းအသင်းရုံး၌ ကျင်းပပြုလုပ်သော ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍတွင် အဓိက ဆောင်ရွက်နေကြသည့် ပုဂ္ဂလိက ကဏ္ဍမှ အသင်းအဖွဲ့များ၊ ကုန်သည် လုပ်ငန်းရှင်များ၊ ကုန်စည်ဒိုင်များ၊ ကုန်သွယ်မှုနှင့် သက်ဆိုင်သော အသင်းအဖွဲ့များ၏ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဝယ်ယူရောင်းချမှု၊ သယ်ယူပို့ဆောင်မှုအစရှိသော လုပ်ငန်းကဏ္ဍများတွင် ကြုံတွေ့နေရသည့် အခက်အခဲများကိုသိရှိလို၍ လာရောက်ရခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုကဏ္ဍသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော ကဏ္ဍမှ ပါဝင်သလို မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင်လည်း အရေးပါသည့်အတွက် မိမိတို့ဝန်ကြီးဌာနသည် ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထား ဆောင်ရွက်လျက်ရှိပြီး ကုန်သွယ်မှု ဖြေလျှော့ပေးရေး၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုပညာပေးရေး၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဟူသော မဏ္ဍိုင်ကြီး(၆)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်မှုကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သူ၊ ကုန်ပစ္စည်း ထုတ်လုပ်သူ၊ ကြိတ်ခွဲသူ၊ သယ်ယူပို့ဆောင်သူ၊ သိုလှောင်သူ၊ ထုပ်ပိုးသူ၊ ဖြန့်ဖြူးရောင်းချသူ၊ စားသုံးသူ အစရှိသော Supply Chain လုပ်ငန်းစဉ်တစ်ရပ်လုံးတွင်ရှိနေကြသူအားလုံးသည် အပြန်အလှန်အကျိုးသက်ရောက်မှုနှင့် အခွင့်အလမ်းများ တစ်ပြေးညီရရှိစေရန် လိုအပ်ပါကြောင်း၊ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဒေသတွင်းကူးသန်းရောင်းဝယ်မှုအဆင့်မှ နိုင်ငံတကာနှင့် ချိတ်ဆက်၍ ကူးသန်းရောင်းဝယ်နိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ နိုင်ငံတကာနှင့် ရင်ဘောင်တန်း လုပ်ကိုင်နိုင်ရေး ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်နိုင်ရန် ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း၊ ကုန်သွယ်မှုတွင် မလိုလားအပ်သော ကုန်ကျစရိတ်နှင့် အချိန်လျှော့ချနိုင်ရေးတို့အတွက် မိမိဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်/စက်မှု အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး တက်ရောက်လာကြသည့် ညီနောင်အသင်းများ၊ ကုန်သည်လုပ်ငန်းရှင်များက မိမိတို့လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများအား တင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

## ➲ စာမျက်နှာ - ၃- စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မုံရွာရှိ ... မှ အဆက်

မှ စားသုံးသည်အထိ Supply Chain တစ်ခုလုံး လုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်သွားမှာဖြစ်ပြီး အသင်းအဖွဲ့များ၊ ကုန်သည် လုပ်ငန်းရှင်များအနေဖြင့် ခိုင်မာတောင့်တင်းသည့် Institution ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမည့် အခြေအနေကောင်းများ၊ အခွင့်အလမ်းကောင်းများ ရရှိနိုင်စေရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များကို မှန်ကန်ထိရောက်သော ဦးဆောင်မှုနှင့် ကျယ်ကျယ်ပြန့်ပြန့်စည်းရုံးပါဝင်ဆောင်ရွက်စေပြီး နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျရာကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

အစီအစဉ်အရ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးဒဏ် ခံစားခဲ့ရသည့် ကျေးရွာများအတွက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ အား အသင်းချုပ်ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ဥက္ကဋ္ဌ ဦးမျိုးမင်းက ပေးအပ်လှူဒါန်းရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးကလက်ခံရယူသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များက ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ အားနည်းချက် အားသာချက် များအား ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပါတယ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မုံရွာမြို့၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **MOC (IR)**

## ➲ စာမျက်နှာ- ၃ - ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဂျပန်နိုင်ငံ ... မှ အဆက်

အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံး ဧည့်ခန်းမ (၁) ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် Mr.Yoichi Kobayashi က ITOCHU Corporation ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှု မြှင့်တင်နိုင်ရေးနှင့် ဆက်ဆံရေး တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် အခက်အခဲများအား ဖြေရှင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပါသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# MSEC မှ မြန်မာနိုင်ငံသားများဘဏ်လီမိတက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲ အခမ်းအနား ကျင်းပ

မြန်မာနိုင်ငံသားများဘဏ် လီမိတက်အနေဖြင့် Yangon Stock Exchange တွင် စာရင်းဝင်နိုင်ရန်အတွက် အစုရှယ်ယာရှင်များအား ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရန် ဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက်က ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးမြင့်ဝင်းက ရှယ်ယာအရောင်းအဝယ်ပြုလုပ်သူများအနေဖြင့် မြန်မာနိုင်ငံသားများဘဏ်၏ လုပ်ငန်းဆောင်တာများအကြောင်းကို သေသေချာချာ စိစစ်လေ့လာပြီးမှ ရင်းနှီးမြှုပ်နှံသင့်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက (က)အစုနှင့် ပြည်သူများက (ခ)အစုဟူ၍ ဘဏ်လုပ်ငန်းများအား လုပ်ငန်းအဆင့်ဆင့်တိုးတက်ပြောင်းလဲ လုပ်ဆောင်ခဲ့ပါကြောင်း၊ ထိုအချိန်တွင် ဝန်ကြီးဌာနဘက်မှ ဌာနဆိုင်ရာအရာရှိများ အပါအဝင် ဒါရိုက်တာ ၁၀ ဦး၊ ပြင်ပအစုရှယ်ယာဝင်များက ဒါရိုက်တာ ငါးဦး စုစုပေါင်း ဒါရိုက်တာ ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ သို့သော် YSX တွင် Listed ပြုလုပ်ရန် အတွက်ကိုမူ သတ်မှတ်ချက်များအတိုင်း ဖြစ်စေရန် အတွက် အားလုံးပြောင်းလဲခဲ့ရပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် မြန်မာ့ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (MSEC) မှ အမှုဆောင်ဒါရိုက်တာ ဒေါ်ရင်မြတ်မင်းက စာရင်းဝင်မည့် ကုမ္ပဏီများအနေဖြင့် YSX တွင် ရှယ်ယာများ ရောင်းချနိုင်ရေးအတွက် ထည့်သွင်းဖော်ပြရမည့် အခြေခံ အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် MSEC မှ လက်ထောက်မန်နေဂျာ ဦးသောင်းထိုက်မင်းက MEC တွင် ဆောင်ရွက်ပေးလျက်ရှိသည့် ဝန်ဆောင်မှုများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံသားများဘဏ်နှင့် MSEC တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသားများဘဏ်မှ အစုရှယ်ယာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခင်မိုးသူ**

■

## ➲ စာမျက်နှာ- ၃ - ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့ရှိ... မှ အဆက်

အဆိုပါ တွေ့ဆုံပွဲတွင် ပဲခူးတိုင်းဒေသကြီးအတွင်း၌ Korea Industrial Complex Co.Ltd (KIC) ၏ ဦးဆောင်မှုဖြင့် စက်မှုဇုန် တစ်ခုဖော်ဆောင်သွားနိုင်ရေးနှင့် ပတ်သက်၍ အသေးစိတ်လုပ်ငန်းစဉ်များကို KIC ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Baecho CHO မှ ရှင်းလင်းတင်ပြခဲ့ရာတွင် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များအား ပူးပေါင်း ကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သည်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **MOC (IR)**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အိန္ဒိယနိုင်ငံ ဆိုလာစီမံကိန်းအတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေအမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိမည်

အိန္ဒိယနိုင်ငံ၏ ဆိုလာစွမ်းအင်ထုတ်လုပ်မှု စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ တစ်ဘီလီယံထောက်ပံ့ပေးမည်ဟု ဇွန်လ ၃၀ ရက်မှာ ကမ္ဘာ့ဘဏ်က ကြေညာခဲ့ကြောင်း၊ ၎င်းပမာဏသည် ဆိုလာ စီမံကိန်းများအတွက် ကမ္ဘာ့နိုင်ငံများသို့ ထုတ်ချေးသည့် ကမ္ဘာ့ဘဏ် ချေးငွေများထဲတွင် အများဆုံးဖြစ်ကြောင်း၊ အဆိုပါ ချေးငွေစီမံကိန်းသည် လက်ရှိအခြေအနေတွင်ပြင်ဆင်ဆောင်ရွက်နေဆဲဖြစ်ပြီး၊ ခေါင်မိုးတွင် တပ်ဆင်အသုံးပြုသည့်ဆိုလာ (Rooftop Solar)နည်းပညာရပ်များ၊ ဆိုလာ ဥယျာဉ်များအတွက် လိုအပ်သည့် အခြေခံ အဆောက်အဦ၊ တီထွင်ဆန်းသစ်သည့် ဆိုလာနှင့် ကပြားနည်းပညာများ ဈေးကွက်တင်သွင်းခြင်းနှင့်ဆိုလာစွမ်းအင်ကြွယ်ဝသော ပြည်နယ်များအတွက် ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းတို့ပါဝင်ကြောင်း၊ အဆိုပါ ချေးငွေသဘောတူညီချက်၌ ဓာတ်အားကွန်ရက်သို့ ဆက်သွယ် မည့် Rooftop Solar အစီအစဉ်အတွက် အမေရိကန် ဒေါ်လာ ၆၂၅ သန်းလည်း ပါဝင်ကြောင်း သိရပါသည်။

အိန္ဒိယနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ပါဝင်မှုအချိုးသုံးဆတိုးလာရန် လျာထားသည့်အတွက် နိုင်ငံ၏ စွမ်းအင်ပေးဝေထောက်ပံ့မှုပုံစံကိုလည်း အသွင်ကူးပြောင်းနိုင်ပြီး၊ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရာ၌ အတော်ပင် ခရီးရောက်လိမ့် မည်ဖြစ်ကြောင်း၊ COP21 နှင့် ကမ္ဘာကြီးပူနွေးလာမှုအားဆန့်ကျင်တိုက်ဖျက်နိုင်မည့် ကြိုးပမ်းအားထုတ်မှုများအတွက် ပဲရစ်မြို့၌ ပြုလုပ် ခဲ့သည့် ကတိကဝတ်များကို အကောင်အထည်ဖော်ရာ၌ အိန္ဒိယနိုင်ငံက ဦးဆောင်နေကြောင်း၊ ကမ္ဘာ့ဘဏ်အနေဖြင့်လည်း ကမ္ဘာတစ်ဝန်း ၌ ဆိုလာအသုံးပြုမှု တိုးတက်လာရေးပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် International Solar Alliance(ISA) အတွက် ဘဏ္ဍာငွေများ ထောက်ပံ့ပေးမည့် ပူးပေါင်းဆောင်ရွက်ရေး သဘော တူညီချက်ကိုလက်မှတ်ရေးထိုးထားခဲ့ကြောင်း၊ သို့ဖြစ်၍ ကမ္ဘာ့ဘဏ်အနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် အဆိုပါ ကဏ္ဍသို့ဘဏ္ဍာငွေအမေရိကန်ဒေါ်လာ တစ်ထရီလီယံ ရင်းနှီးမြှုပ်နှံမှုပြုရန် ရည်မှန်းထားကြောင်း၊ ISA အဖွဲ့၌ လက်ရှိတွင် နိုင်ငံပေါင်း ၁၂၁ နိုင်ငံပါဝင်ထားပြီး၊ အိန္ဒိယနိုင်ငံမှ ဦးစီးဆောင်ရွက်နေကြောင်း၊ ကမ္ဘာ့ဘဏ်အုပ်စု၏ ဥက္ကဋ္ဌဖြစ် သူ Jim Yong Kim က ပြောကြားထားကြောင်း သိရပါသည်။

ထို့ပြင် ကမ္ဘာ့ဘဏ်အနေဖြင့် အိန္ဒိယနိုင်ငံအား ဆက်လက် ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး၊ အထူးသဖြင့် ခေတ်မီစမတ်မြို့တော်များ တည်ဆောက်ရေး၊ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဂင်္ဂါမြစ်ကြောင်း တစ်လျှောက် သန့်ရှင်းသာယာလှပရေး၊ အိန္ဒိယနိုင်ငံ သန့်ရှင်းသာယာလှပရေးနှင့် စွမ်းအင်ကဏ္ဍတို့အတွက် အကူအညီပေးသွားမည်ဖြစ်၍ ကျေးဇူးတင်ရှိကြောင်း မိုးဒီ၏ တရားဝင်ထုတ်ပြန်ကြေညာချက်၌ ဖော်ပြထားကြောင်း သိရ ပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# တစ်ပတ်လျှင် အလုပ်ချိန် ၄၄ နာရီသတ်မှတ်ပေးရန် ဟောင်ကောင်မှ အလုပ်သမားများက တောင်းဆို

ဟောင်ကောင်မှ အလုပ်သမားများက တစ်ပတ်လျှင် အလုပ်ချိန် ၄၄ နာရီအား ပုံသေစံသတ်မှတ်ပေးရန် ဟောင်ကောင်အစိုးရသို့ တောင်းဆိုခဲ့သည်။ အလုပ်သမားများက ၎င်းတို့၏ ကျန်းမာရေးနှင့် အနားယူချိန်များ ပြန်လည်ရယူလိုကြောင်း၊ ၎င်းတို့မှာ အလုပ်ချိန် နာရီကြာမြင့်မှု၏ ထောင်ချောက်အတွင်း ရောက်ရှိနေကြောင်း ပြောကြားခဲ့သည်။ ကုန်တင်ကားမောင်းသည့်သူများသည် တစ်ပတ်လျှင် အနည်းဆုံး ၇၂ နာရီအလုပ်လုပ်ရပြီး၊ အလုပ်ချိန်နာရီလျှော့ချပေးရေး တောင်းဆိုရန် အခွင့်အရေးမရှိခဲ့ကြောင်း နှင့်တစ်ခါတရံတွင် တစ်နေ့လျှင် ၁၅ နာရီခန့် အလုပ်လုပ်ရပြီး နားချိန်မရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

အိမ်အကူများကလည်း အစိုးရအနေဖြင့် အလုပ်ချိန်နာရီအတွက် ဥပဒေရေးဆွဲရာတွင် အိမ်အကူများအတွက်ပါထည့်သွင်းရေးဆွဲသင့်ကြောင်း နိုင်ငံခြားအိမ်အကူများ အားလုံးသည်လည်း တစ်နေ့လျှင် ၁၂ နာရီမှ ၁၆ နာရီအထိ ခက်ခဲပင်ပန်းစွာ အလုပ်လုပ်ကြရပြီး အနားယူချိန် လုံလောက်စွာ မရရှိကြောင်းနှင့်ထိုသို့ အနားယူချိန်မရှိသည့်အတွက် အလုပ်ကို ပုံမှန်လုပ်ဆောင်နိုင်ရန် အဆင်မပြေကြောင်း ပြောကြားခဲ့သည်။

ကုန်ပို့ဆောင်သည့် အလုပ်သမားများ၏ လုပ်ငန်းစာချုပ်တွင် အလုပ်ချိန်မှာ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိသာဖြစ်သော်လည်း လက်တွေ့တွင် နံနက် ၇ နာရီမှ ည ၈ နာရီအထိ တစ်နေ့လျှင် ၁၃ နာရီခန့်လုပ်နေရကြောင်း၊ အလုပ်ချိန်ပြီးပါက အလွန်ပင်ပန်းသည့်အတွက် သားသမီးများနှင့်အတူအချိန်ပေးပျော်ရွှင်စွာနေနိုင်ရန် စွမ်းအားများမရှိတော့ကြောင်းပြောကြားခဲ့ပြီး အစိုးရအား အလုပ်ချိန် သတ်မှတ်ပေးရန် တောင်းဆိုခဲ့ကြကြောင်း သိရှိရပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# နယ်စပ်မြို့များတွင် ကုန်သွယ်မှု တိုးတက်လာစေရန် ထိုင်းနိုင်ငံက အခွန်လျှော့ချပေးမည်

ထိုင်းနိုင်ငံရှိ နယ်စပ်မြို့များတွင် ကုန်သွယ်မှုကို မြှင့်တင်ရန် အတွက် အခွန်အကောက်များလျှော့ချပေးရန် ဘဏ္ဍာရေးဝန်ကြီးဌာနမှ စီစဉ်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

ထိုင်းနိုင်ငံနယ်စပ်မြို့များမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ စားသုံးကုန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများကို ရောင်းချသည့် လုပ်ငန်းများအား ဝင်ငွေခွန် (Income Tax)၊ တန်ဖိုးမြှင့်အခွန် (Value Added Tax) နှင့် အကောက်ခွန် (Customs Duty) များကို လျှော့ချ ပေးမည်ဖြစ်ပါသည်။

အထူးစီးပွားရေးဇုန်များ တည် ထောင်မည့် Tak ပြည်နယ်၊ Sakaeo ပြည်နယ်၊ Trat ပြည်နယ်၊ Mukdahan ပြည်နယ်၊ Songkhla ပြည်နယ်၊ Chiang Rai ပြည်နယ်၊ Kanchanaburi ပြည်နယ်၊ Narathiwat ပြည်နယ်၊ NakhonPhanan ပြည်နယ်နှင့် Nongkhai ပြည်နယ်များရှိ နယ်စပ်မြို့များ၌ ကုန်သွယ်မှုကို တိုးမြှင့်ရန်အတွက် အခွန်လျှော့ချမှုများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ကျော်သူရ စီးပွားရေးသံမှူး ၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# အစားအစာပို့ကုန်တင်ပို့မှုကန့်သတ်ချက်များအား စစ်ဆေးရန် စင်ကာပူ၏ အဆိုပြုတင်ပြချက်အတွက် အိန္ဒိယနိုင်ငံ စိုးရိမ်

စားသောက်ကုန်ပစ္စည်း တင်ပို့မှုများအား အစိုးရများက သတ်မှတ်ထားသည့် ကန့်သတ်ချက်များအပေါ် တားမြစ်ခြင်းများအား ရှာဖွေစိစစ်ရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization- WTO) သို့ စင်ကာပူမှ လတ်တလောအဆိုပြု တင်ပြထားပါသည်။ အဆိုပါအဆိုပြု ချက်က အိန္ဒိယနိုင်ငံအား အထိတ်တလန့်ဖြစ်စေခဲ့ကြောင်း၊ ၎င်းတင်ပြချက် သည် ပြည်တွင်းဈေးကွက်၌ ရှားပါးမှု ဖြစ်ပေါ်သည့်အခါ ဈေးနှုန်းထိန်းညှိစစ် ဆေးနိုင်ရန်အတွက် ပို့ကုန်များအား ကန့်သတ်ရန်ထားရှိသည့် အိန္ဒိယအစိုးရ၏ ပြုလွယ်ပြောင်းလွယ်သည့် မူဝါဒများအတွက် ကန့်သတ်မှုများရှိလာနိုင်ကြောင်း သိရပါ သည်။

စင်ကာပူနိုင်ငံ၏ တင်ပြချက်၌ ပို့ကုန်ကန့်သတ်ချက်များအား အရေးယူခြင်းအားဖြင့် ပွင့်လင်းမြင်သာမှုများ တိုး တက်လာစေနိုင်ကာ စားသောက်ကုန် တင်သွင်းသည့် အဖွဲ့ဝင်နိုင်ငံများကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး၊ ၎င်းတို့အနေဖြင့် နိုင်ငံတကာဈေးကွက်ရှိစားသောက်ကုန်ထောက်ပံ့ရောင်းချသူများ၏ သတင်းအရင်းအမြစ်များရယူရန် ထိရောက်လုံလောက်သည့်အချိန်များ ရရှိလာနိုင်လိမ့်မည်ဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ်က စားနပ်ရိက္ခာအခက်အခဲများအား မီးမောင်းထိုးပြခဲ့ပြီး စားသောက်ကုန်များအပေါ် ပို့ကုန်ကန့်သတ်ချက်များသည် စားနပ်ရိက္ခာဖူလုံရေးနှင့် စားသောက်ကုန်ဈေးနှုန်းမတည်ငြိမ်မှုတို့အပေါ်တွင် သက်ရောက်မှု ရှိနိုင်ကြောင်း၊ သို့ဖြစ်၍ ယခုအဆိုပြုချက်သည် ကမ္ဘာ့စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းဈေးကွက်တွင် ကုန်သွယ်မှုဆိုင်ရာကန့်သတ်ချက်များနှင့် ပျက်ယွင်းနေမှုများအားကာကွယ်တားဆီးရန်၊ သင့်လျော်မှန်ကန်အောင် ပြင်ဆင်ရန်နှင့်စားသောက်ကုန်ဈေးနှုန်းများ အဆမတန် မြင့်တက်ခြင်းအား ကန့်သတ်နိုင်ရန်အတွက် စားသောက်ကုန် ကုန်စည်ဈေးကွက် သင့်တင့်စွာလည်ပတ်နိုင်စေရေး အစီအမံများ ချမှတ်ဆောင်ရွက်ရန် လိုအပ်ချက်များအား အလေးထားပြောကြားထားကြောင်းသိရပါသည်။

စင်ကာပူနိုင်ငံ၏ အဆိုပြုတင်ပြချက်၌ ၁၉၉၅ ခုနှစ်ကတည်းက ပို့ကုန်တားမြစ်ချက်နှင့်ကန့်သတ်ချက် ၁၄ ခုကို အဖွဲ့ဝင်ရှစ်နိုင်ငံကသာလျှင် သတ်မှတ်ထားကြောင်း၊ သို့ဖြစ်၍ စင်ကာပူနိုင်ငံအနေဖြင့် ပို့ကုန်ကန့်သတ်ချက်များအတွက် အသိပေးကြေညာချက်များအပါအဝင် ထိုကဲ့သို့သော အစီအမံများအပေါ် ရှင်းလင်းပြတ်သားမှုကို သိရှိလိုခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

အဆိုပါတင်ပြချက်သည် ပြည်တွင်းစားနပ်ရိက္ခာထောက်ပံ့ရောင်းချရာတွင် လုံလောက်စေရန် ပို့ကုန်တင်ပို့မှုအား မကြာခဏဖြတ်တောက်မှုများ ပြုလုပ်နေသည့် အိန္ဒိယနိုင်ငံအတွက် စိုးရိမ်ပူပန်စေရမည့် အချက်တစ်ချက် ဖြစ်လာကြောင်း၊ စင်ကာပူ၏ အဆိုပြုချက်အား WTO မှ လက်ခံပါက အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ကဲ့သို့သော နိုင်ငံများအတွက် ပို့ကုန်ကန့်သတ် ချက်များပြဋ္ဌာန်းရန် ခက်ခဲလာနိုင်လိမ့်မည်ဖြစ်ကြောင်း၊ ၎င်းအဆိုပြုချက် သည် ထိုကဲ့သို့သော ကန့်သတ်ချက်များအား ဖယ်ရှားရန်အတွက် အစပျိုးခြင်းမျှသာဖြစ်နိုင်ကြောင်း ကျွမ်းကျင်ပညာရှင်များက သတိပေးပြောကြားထားပါသည်။

စင်ကာပူနိုင်ငံ၏ ယခုအဆိုပြုတင်ပြချက်သည် ပို့ကုန်ကန့်သတ်ချက်များအား တားမြစ်သည့် အခြားသော အဆိုပြုချက်များအတွက် လမ်းကြောင်းတစ်ခုပွင့်လာစေရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ပြီး၊ ဖော်ပြချက်ပါ စားသောက်ကုန်ပစ္စည်းများ အတွက် ၎င်းအဆိုပြုချက်အား သဘောတူပါက အမေရိကန်နှင့် ဂျပန်နိုင်ငံတို့သည်လည်း သဘာဝအရင်းအမြစ် ပို့ကုန်တင်ပို့မှုများနှင့် စပ်လျဉ်းသည့် အဆိုပြုချက်များကို ထပ်တိုးတင်ပြလာနိုင်ဖွယ်ရှိကြောင်း Indian Institute of Foreign Trade မှ WTO ဆိုင်ရာ လေ့လာရေးဗဟိုဌာန၏ အကြီးအကဲဖြစ်သူ Abhijit Das က သုံးသပ်ပြောကြားထားကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၂–၈–၂၀၁၆)

ဇော်ဝင်း

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေး ဆက်လက်ငြိမ်

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေး အပြောင်းအလဲမရှိဘဲ ယခင်တစ်ပတ်အတိုင်း ဆက်လက်ဈေးငြိမ်နေကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ၅၀ ကီလိုတစ်အိတ်ကို ၈၃ ယွမ်မှ ၈၇ ယွမ် (တစ်တန်ကို ၁၆၆၀ ယွမ်မှ ၁၇၄၀ ယွမ်) နဲ့ အရောင်းအဝယ်ဖွင့်ခဲ့ပြီး တစ်ပတ်အတွင်းမှာ တန်ချိန် ၁၃၂၂ တန်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးငြိမ်ပြီး အရောင်းအဝယ်အေး

ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးအတက်အကျမရှိဘဲ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဆက်လက်ဈေးငြိမ်နေကြောင်း သိရပါတယ်။ ပြောင်းဈေး တစ်ပိဿာ ၃၈၀ ကျပ် (တစ်တန်ကို ၂၃၂၇၀၈ ကျပ်) နဲ့ ရန်ကုန်ဝယ်လက်နဲ့ တိရစ္ဆာန်အစာစပ်စက်ရုံတွေက ဈေးဖွင့်ဝယ်ခဲ့ပေမယ့် ပြောင်းအရောင်းအဝယ်အေးခဲ့ပြီး တစ်ပတ်အတွင်း ပိဿာချိန် ၄၀၀၀၀ မှ ၅၀၀၀၀ ကြားသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်သွက်

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးအတက်အကျမရှိဘဲ ဆက်လက်ဈေးငြိမ်နေပြီး ယခင်တစ်ပတ်ဈေးနှုန်းအတိုင်းတစ်ပိဿာကျပ် ၄၀၀ (တစ်တန်ကို ၂၄၄၉၅၆ ကျပ်)နဲ့ တရုတ်ဝယ်လက်က အဝယ်ဖွင့်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ပိဿာချိန် ၂၂၀၀၀ ခန့်သာရှိခဲ့ရာမှ ယခုတစ်ပတ်အတွင်း ပိဿာချိန် ၅၃၃၀၀၀ ခန့်ရှိခဲ့တာမို့ အရောင်းအဝယ်သွက်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲနဲ့ အစေ့ထုတ်ပြောင်းဈေးကျ

ဒီတစ်ပတ် ဟင်္သာတဈေးကွက်မှာ မတ်ပဲနဲ့အစေ့ထုတ်ပြောင်းဈေးကျဆင်းခဲ့ပါတယ်။ မတ်ပဲအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၆၂၅ ကျပ် ဖြစ်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၃၅၀ ကျပ် (တစ်တန်ကို ၁၄၃၉၁၁၆ ကျပ်)သာရှိတာမို့ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက တစ်တန်ကိုကျပ် ၁၆၀၀၀၀ ကျော် ဈေးကျဆင်းခဲ့ပြီး အရောင်းအဝယ်အနေနဲ့ တစ်နေ့ကို တန် ၅၀ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းကလည်း ယခင်တစ်ပတ်မှာ တစ်ပိဿာကျပ် ၄၀၀ ဖြစ်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၉၀ ကျပ်(တစ်တန်ကို ၂၃၈၈၃၂ ကျပ်) ဖြစ်ခဲ့တာမို့ ယခင်တစ်ပတ်ထက် ဈေးနှုန်းကျဆင်းခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုကတော့ တစ်နေ့ကို တန် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီ၊ ကုလားပဲဖြူလုံးကြီး ဈေးကျ

ယခုတစ်ပတ်ပြည်ဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ကုလားပဲဖြူလုံးကြီးတို့ ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၂၆၀၀ဖြစ်ခဲ့တဲ့မတ်ပဲက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၃၂၅ ကျပ် (တစ်တန်ကို ၁၄၂၃၈၀၆ ကျပ်) ရှိတဲ့အတွက် တစ်တန်ကို ကျပ် ၁၇၀၀၀၀ ခန့် ဈေးကျဆင်းခဲ့ပြီး တစ်ရက်ကို အိတ် ၃၀၀ မှ ၄၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်မှာ တစ်ပိဿာ ၂၀၅၀ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၇၅၀ကျပ် (တစ်တန်ကို ၁၀၇၁၆၈၂ ကျပ်) နဲ့ဈေးဖွင့်ခဲ့တာမို့ ယခင်တစ်ပတ်ထက် ဈေးနှုန်း ကျဆင်းခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ရက်ခြားဆို သလို အိတ် ၂၀၀ မှ ၃၀၀ ခန့်သာအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကလည်း ယခင်တစ်ပတ်ထက်ဈေးကျပြီး ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၁၀၀ (တစ်တန်ကို ၁၂၈၆၀၁၉ ကျပ်)နဲ့ ဈေးဖွင့်ခဲ့ပြီး ရက်ခြားမှသာ တစ်နေ့ကိုအိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းဈေး ဆက်လက်ကျဆင်း

ယခုတစ်ပတ်အောင်လံဈေးကွက်မှာ ပဲစင်းငုံနီနဲ့ပဲတီစိမ်းဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ဈေးကျဆင်းခဲ့တဲ့ပဲစင်းငုံနီဟာ ယခုတစ်ပတ်မှာလည်းဈေးဆက်လက်ကျဆင်းခဲ့ပြီး တစ်ပိဿာကို ကျပ် ၁၈၀၀ (တစ်တန်ကို ၁၁၀၂၃၀၂ ကျပ်)နဲ့ ဈေးဖွင့်ခဲ့ပါတယ်။ အရောင်းအဝယ်အနေနဲ့ တစ်ရက်ကိုပဲစင်းငုံနီ အိတ် ၁၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။ အလားတူ ယခုတစ်ပတ်မှာ ပဲတီစိမ်းဈေး ဆက်လက်ကျဆင်းခဲ့ပြီး တစ်ပိဿာ ၉၇၅ ကျပ် (တစ်တန်ကို ၅၉၇၀၈၀ ကျပ်)နဲ့ ဈေးဖွင့်ခဲ့ပါတယ်။ ပဲတီစိမ်းကတော့ တစ်နေ့ကိုအိတ် ၈၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ ဈေးအတက်အကျ မရှိဘဲ ငြိမ်နေခဲ့ပြီး ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း နှမ်းနီတစ်ပိဿာ ၁၉၃၅ ကျပ်၊ နှမ်းနက်တစ်ပိဿာ ၂၁၁၀ ကျပ်နဲ့ သိပ္ပံနှမ်းကတော့ ယခင်တစ်ပတ်ထက်ဈေးအနည်းငယ်မြင့်ပြီး တစ်ပိဿာကျပ် ၃၄၀၀ နဲ့ ယခုတစ်ပတ်မှာ ဈေးဖွင့်ခဲ့ပါတယ်။ နှမ်းမျိုးစုံတစ်နေ့ကို အိတ် ၃၅၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေးဆက်လက်ကျပြီး ကုလားပဲဖြူလုံးကြီးလည်း ဈေးကျ

ဒီတစ်ပတ်ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေး ဆက်လက်ကျဆင်းခဲ့ပြီး ကုလားပဲဖြူလုံးကြီးလည်း ဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေနဲ့ ယခုတစ်ပတ်မှာ တစ်ပိဿာကို ၁၇၃၀ ကျပ်(တစ်တန်ကို ၁၀၅၉၄၃၄ ကျပ်)နဲ့ ဈေးဖွင့်ခဲ့ပြီး တစ်နေ့ကိုအိတ် ၅၀ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနဲ့ ကုလားပဲဟော်လန်ကလည်း ယခုတစ်ပတ်မှာ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၁၈၅ ကျပ်ရှိခဲ့တဲ့ ကုလားပဲ ဖြူလုံးကြီးက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၀၈၀ ကျပ် (တစ်တန်ကို ၁၂၇၃၇၇၁ ကျပ်)နဲ့ ဈေးဖွင့်ခဲ့တာမို့ ဈေးနှုန်းကျဆင်းခဲ့ပြီး တစ် ရက်ကို အိတ် ၁၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၈၀ ကျပ် ဖြစ်ခဲ့တဲ့ ကုလားပဲဟော်လန်ဟာ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၀၂၅ ကျပ် (တစ်တန်ကို ၁၂၄၀၀၈၉ ကျပ်)နဲ့ ဈေးနိမ့်အဝယ်ဖွင့်ခဲ့ပြီး တစ်နေ့ကို အိတ် ၅၀ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းဈေး ဆက်လက်ကျဆင်းပြီး၊ နှမ်းဖြူဈေးကျ နှမ်းနက်စမုံ ဈေးတက်ခဲ့

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းဈေးဆက်လက်ကျဆင်းခဲ့ပြီးနှမ်းမျိုးစုံအနေနဲ့ နှမ်းဖြူဈေးကျခဲ့ပြီး နှမ်းနက်စမုံကတော့ ဈေးတက်ခဲ့ကြောင်းသိရပါတယ်။ ပဲစင်းငုံနီက ယခင်တစ်ပတ်မှာ ဈေးကျခဲ့တာကြောင့် တစ်ပိဿာကျပ် ၂၀၀၀ ဈေးရှိခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၇၅၀ ကျပ်(တစ်တန်ကို ၁၀၇၁၆၈၂ ကျပ်) ဈေးဖွင့်ခဲ့တာမို့ ဈေးဆက်လက်ကျဆင်းခဲ့ပြီး ပဲစင်းငုံနီတစ်ပတ်အတွင်း အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၁၆၀ ကျပ်ရှိခဲ့တဲ့ ပဲတီစိမ်းကလည်း ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၀၅၀ ကျပ်(တစ်တန်ကို ၆၄၃၀၀၉ ကျပ်)နဲ့ ဈေးဖွင့်ခဲ့ တာမို့ ဈေး ဆက်လက်ကျဆင်းခဲ့ပြီး တစ်ပတ်အတွင်း အိတ် ၄၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ကတော့ နှမ်းဖြူက ယခင်တစ်ပတ်ထက်ဈေးနိမ့်ပြီး တစ်ပိဿာ ၂၁၃၅ကျပ်၊ နှမ်းနက်စမုံက ယခင်တစ်ပတ်က တစ်ပိဿာ ၃၅၁၀ ကျပ်မှ ယခုတစ်ပတ်မှာ ဈေးမြင့်ခဲ့ပြီး တစ်ပိဿာကျပ် ၃၆၀၀ နဲ့ ဈေးဖွင့်ခဲ့ပါတယ်။ တစ်ပတ်အတွင်း နှမ်းမျိုးစုံ အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးပြန်ကျပြီး ပဲတီစိမ်းဈေး ဆက်လက်ကျဆင်း

ယခုတစ်ပတ်မန္တလေးဈေးကွက်မှာ မတ်ပဲဈေးပြန်လည်ကျဆင်းခဲ့ပြီး ပဲတီစိမ်းဈေးကတော့ ဆက်လက်ကျဆင်းနေကြောင်းသိရပါတယ်။ မတ်ပဲအနေနဲ့ယခင်တစ်ပတ်က တစ်ပိဿာ ၂၇၅၀ကျပ်ထိ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၅၀၀ (တစ်တန်ကို ၁၅၃၀၉၇၅ ကျပ်) ဖြစ်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် ဈေးနှုန်းကျဆင်းခဲ့ပါတယ်။ မတ်ပဲကို ပြည်ပအတွက် ရန်ကုန်ဝယ်လက်တွေက အဝယ်ရှိပြီးတစ်နေ့ကို သုံးတင်းအိတ် ၃၀၀ မှ ၄၀၀ကြား အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲတီစိမ်းအညာက ဈေးဆက်လက်ကျဆင်းခဲ့ပြီး ယခင်တစ်ပတ်က တစ်ပိဿာ ၁၃၆၉ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၃၁၆ ကျပ်(တစ်တန်ကို ၈၀၅၉၀၅ ကျပ်)နဲ့ ဈေးဖွင့်ခဲ့ပါတယ်။ တရုတ်ဝယ်လက်က တစ်နေ့ကို သုံးတင်းအိတ် ၂၀၀၀မှ ၃၀၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ကုလားပဲဖြူလုံးကြီးကတော့ တစ်ပိဿာ ၂၀၆၁ ကျပ် (တစ်တန်ကို ၁၂၆၂၁၃၅ ကျပ်) နဲ့ဈေးဖွင့်ခဲ့ပြီး ဒေသတွင်းပဲခွဲစက်တွေက တစ်နေ့ကို သုံးတင်းအိတ် ၂၅၀ မှ ၃၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေးကျပြီး ပဲစင်းငုံနီဈေး ဆက်လက်ကျဆင်း

ဒီတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေးယခင်တစ်ပတ်ထက်ကျဆင်းခဲ့ပြီး ပဲစင်းငုံနီဈေးလည်း ဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ တစ်တန်၁၆၅၁၀၀၀ ကျပ်၊ SQ တစ်တန်ကို၁၆၇၅၀၀၀ ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ မတ်ပဲ FAQ တစ်တန်ကို ၁၄၈၅၀၀၀ကျပ်၊ SQ တစ်တန်ကို ၁၅၁၅၀၀၀ ကျပ်ဖြစ်ခဲ့တာမို့ယခင်တစ်ပတ်ထက် ဈေးနှုန်းကျဆင်းခဲ့ပြီး ပဲစင်းငုံနီ FAQ ကလည်း ယခင်တစ်ပတ်က တစ်တန်ကို ၁၂၁၅၀၀၀ ကျပ် ဖြစ်ခဲ့သော်လည်း ယခုတစ်ပတ်မှာ တစ်တန်ကို ၁၀၂၃၀၀၀ ကျပ်နှုန်းသာ ရှိတဲ့အတွက် ဈေးဆက်လက်ကျဆင်းနေကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီနဲ့ပဲတီစိမ်းဈေး ဆက်လက်ကျဆင်း

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲစင်းငုံနီဈေးဆက်လက်ကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၀၈၅ ကျပ် ဈေးရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာလည်း ဈေးဆက်လက်ကျဆင်းခဲ့ပြီး တစ်ပိဿာ ၁၆၇၅ ကျပ် (တစ်တန်ကို ၁၀၂၅၇၅၃ ကျပ်) နဲ့ဈေးဖွင့်ခဲ့ပါတယ်။ ဈေးနှုန်းဆက်တိုက်ကျဆင်းမှုရှိနေပေမယ့်လည်း တစ်ပတ်အတွင်း တစ်ရက်ထဲမှာ အိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင် တစ်ပတ်က တစ်ပိဿာ ၁၂၅၀ ကျပ်ရှိခဲ့တဲ့ ပဲတီစိမ်းကလည်း ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၁၅၀ ကျပ် (တစ်တန်ကို ၇၀၄၂၄၈ ကျပ်) နဲ့ဈေးဖွင့်ခဲ့ကြောင်းလည်း သိရပါတယ်။



# မန္တလာမင်း အဆင့်မြင့်ခရီးသည်တင် ယာဉ်လိုင်းနှင့် Jovaco ပြည်တွင်းခရီးသွားအွန်လိုင်း ဝန်ဆောင်မှုတို့ အကျိုးတူပူးပေါင်း

မြန်မာနိုင်ငံရှိအဆင့်မြင့်ခရီးသည်တင် ယာဉ်လိုင်းများအနက် မန္တလာမင်း အဆင့်မြင့်ခရီးသည်တင် ယာဉ်လိုင်းနှင့် ပြင်သစ်နိုင်ငံအခြေစိုက် Jovaco ပြည်တွင်း ခရီးသွားအွန်လိုင်းဝန်ဆောင်မှုလုပ်ငန်းတို့ အကျိုးတူပူးပေါင်း၍ ပြည်တွင်း ခရီးသွားလုပ်ငန်းများမြှင့်တင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မန္တလာမင်းနှင့် Jovaco တို့ ပူးပေါင်းဆောင်ရွက်မှုများအရ ဩဂုတ် ၁၈ ရက်မှစတင်ကာ အထူးနှုန်းများဖြင့် ဝန်ဆောင်မှုများပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းခရီးသည်များအနေဖြင့် Jovaco တွင် ကြိုတင်ဘွတ်ကင်ပြုလုပ်၍ လက်မှတ်များမှာယူထားသည့်ခရီး သည်များအနေဖြင့် မန္တလာမင်းမှ လက်မှတ်များ ဝယ်ယူရာတွင် မည်သည့်ခရီးစဉ်မဆို ငါးရာခိုင်နှုန်း လျှော့ဈေးရရှိမည်ဖြစ်ပြီး မန္တလာမင်းတွင် ကားလက်မှတ်များ ဝယ်ယူထားသူများအနေဖြင့်လည်း Jovaco တွင် အခန်းငှားဘွတ်ကင်တင်ရာ၌ ၁၀ ရာခိုင်နှုန်း လျှော့ဈေးထပ်မံ ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအထူးလျှော့ဈေးများကို အချိန်အကန့်အသတ်မရှိဘဲ ခံစားရရှိနိုင်မည်ဖြစ်ကြောင်း မန္တလာမင်းအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းမှ အုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်စန်းစန်းအေးက ပြောကြားခဲ့သည်။

"ကျွန်မတို့ယာဉ်လိုင်းအနေနဲ့ရော Jovaco မှာပါ အဲဒီအထူးလျှော့ဈေးကို ကာလအကန့်အသတ်မရှိဘဲ ခံစားရရှိနိုင်မှာပါ။ ကျွန်မတို့ယာဉ်လိုင်းအနေနဲ့တော့ ဒီလိုမျိုးအထူးလျှော့ဈေးတွေအပြင် ကာလအလိုက်လည်း အထူးပရိုမိုးရှင်းအစီအစဉ်တွေပြုလုပ်ထားပါသေး တယ်"ဟု ပြောကြားခဲ့သည်။

ယခုကဲ့သို့ Jovaco နှင့် မန္တလာမင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံတစ်ဝန်း ခရီးသွားလုပ်ငန်းအခွင့်အလမ်းများ ပိုမိုပွင့်လင်းလာစေရန်အတွက် ရည်ရွယ်သည့် ခြေလှမ်းတစ်ခုဖြစ်သည်ဟု ဆိုသည်။

မန္တလာမင်းအနေဖြင့် မြန်မာနိုင်ငံ တစ်ဝန်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေစဉ် Jovaco အနေဖြင့်လည်း ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်ကဲ့သို့သောဝေးလံသောဒေသများရှိ ဟိုတယ်များနှင့်သာမက မြန်မာနိုင်ငံတစ်ဝန်းရှိ ဟိုတယ်များနှင့်ပါ ချိတ်ဆက်ထားပြီးဖြစ်ရာ ယခုကဲ့သို့ ပူးပေါင်းမှုသည် ပြည်တွင်း၊ ပြည်ပခရီးသွားမြင့်တက်လာစေရန်အတွက် အကူအညီတစ်ခုဖြစ်လာမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

"ကျွန်တော်တို့ရဲ့ရည်ရွယ်ချက်က ပြည်တွင်းခရီးသွားလာခြင်းဆိုတာ နိုင်ငံခြားသားတွေ ပြည်ပနိုင်ငံတွေအတွက် လမ်းဖွင့်ပေးရုံသာမက မြန်မာနိုင်ငံသားတွေအတွက်ကိုပါ ရည်ရွယ်ပါတယ်။ မန္တလာမင်းဟာ သူ့ရဲ့များပြားလှတဲ့ ယာဉ်လိုင်းတွေနဲ့ မြို့တွေကို ချိတ်ဆက်ဖို့အတွက် ဆောင်ရွက်နေစဉ်မှာပဲ Jovaco ကလည်း ခရီးသွားတွေအတွက် ဟိုတယ်တွေရဲ့အသေးစိတ် အချက်အလက်ပေါင်းများစွာပါဝင်တဲ့ အကြောင်းအရာတွေနဲ့ ဟိုတယ်တွေကို ချိတ်ဆက်ပေးနေပါတယ်"ဟု Jovaco မှ အုပ်ချုပ်မှုဒါရိုက်တာ Hugo Schleicher က ပြောကြားခဲ့သည်။

Jovaco သည် အွန်လိုင်းမှတစ်ဆင့် ဟိုတယ်ဘွတ်ကင်ဝန်ဆောင်မှုများကို ပေးအပ်နေသည့်လုပ်ငန်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းတွင် ရုံးခွဲပေါင်း ၁၅ ခုကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# ဘုန်းတော်တန်ခိုးနဲ့ နှစ်ဆများ တိုးလေရော့သလား

|မိုးမိုးမြင့် (ဆားလင်းကြီး)|

ဘယ်အရာမဆို မိမိမူလရှိရင်းစွဲထက် နှစ်ဆတိုးလာတယ်ဆိုရင် လူတွေကြိုက်နှစ်သက်ကြမှာဖြစ်ပါတယ်။ အထူးသဖြင့်တော့ ကောင်းတဲ့အရာတွေ နှစ်ဆတိုးလာတယ်ဆိုရင် ဖရဏာပီတိ ဂွမ်းဆီထိသလို့ အားပါတရနဲ့ ရပ်ထဲရွာထဲ ရပ်သိရွာသိ ကမ္ဘာသိဖြစ်အောင် ကြော်ငြာကြမှာ အမှန်ပါ။

စာရေးသူ ငယ်စဉ်က အမှတ်မှားခဲ့တာလေးတစ်ခုကို ပြောချင်ပါသေးတယ်။ မုန့်လက်ဆောင်းဖတ်ဟာ ရေထဲမှာ စိမ်ထားရင်ပွလာတာ လူတိုင်းသိကြမှာပါ။ ငယ်စဉ်ဘဝဆိုတော့ လူကြီးတွေ ပြောစကားနားကြားလွဲပြီး "ပွ"တာကို "ပွား"တယ်လို့ မှတ်ထားမိခဲ့တာပါ။ စိတ်ထဲမှာတော့ မုန့်လက်ဆောင်းတစ်ခွက်ဝယ်ပြီး အိမ်ရောက်ရင်တော့ နှစ်ခွက်သောက်ရမှာပဲဆိုတဲ့ အတွေးနဲ့ ဈေးထဲကနေ မုန့်လက်ဆောင်းတစ်ခွက် ဝယ်လာခဲ့တာပါ။ အိမ်ရောက်တဲ့အထိ မသောက်သေးဘဲ မုန့်လက်ဆောင်းခွက်နားမှာ ခွက်တစ်လုံးအပိုချပြီးထိုင်ကြည့်နေတဲ့ စာရေးသူကို မိခင်ကြီးက မသောက်သေးဘဲ ထိုင်ပြီးမုန့်လက်ဆောင်း ကသိုဏ်းရှုနေတာလားလို့ မေးပါတယ်။

အဲဒီအခါကျမှ "အမေကလည်း ခဏနေရင်နှစ်ခွက်ရမှာ၊ အဲဒီကျမှ ပိုသောက်ရမှာပေါ့" လို့ ပြောလိုက်တော့။ "နင့်ကိုဘယ်သူပြောတုန်း ဒီလိုဖြစ်မယ်လို့" "မသိဘူးလေ အမေတို့ဘဲ ဟိုနေ့က ပြောပြီးတော့ မုန့်လက်ဆောင်းက တစ်ပြည်ဝယ်ရင် ပွားလာမှာ၊ အဲဒီတော့ တွက်ခြေကိုက်တယ်လို့ ပြောတယ်လေ" ဆိုတော့ အမေက "ရှာရှာ ကြံကြံအေ နားကြားကလည်း လွဲပါဘိ၊ ပွားတာမဟုတ်ဘူး ပွလာတာကိုပြောတာ" ဟုဆိုပြီး စာလုံးပေါင်းပါ ရွတ်ပြသွားခဲ့တာ အခုထိ မှတ်မိနေပါသေးတယ်။

စာရေးသူတို့ ဒေသတွေမှာ စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲတွေ ကျင်းပနေတာကြာပြီ။ ဒါပေမယ့် လည်းပြည်သူတွေကြားမှာ စားသုံးသူ အကာအကွယ်ပေးရေးနဲ့ ပတ်သက်တဲ့ အသိဉာဏ်တွေ ဘယ်လောက်တောင်ရနေပြီလဲလို့ ကွင်းဆင်းစပ်စုရင်းနဲ့ နှစ်ဆတိုးတဲ့ အကြောင်းလေးကို ကြားလိုက်ရလို့ ငယ်ငယ်ကဖြစ်စဉ်လေးကို သတိတရ ရေးလိုက်မိတာပါ။

ကနီမြို့ကို ရောက်နေတဲ့ စာရေးသူဟာ ကနီမြို့သား တစ်ဦးရဲ့ နှစ်ဆတိုးတဲ့ အတွေ့အကြုံလေးကို ကြားလိုက်ရတဲ့အတွက် ဒီအသိပညာကို ပြည်သူတွေသိအောင် တင်ပြရတာ ဖြစ်ပါတယ်။

အဲဒီ ကနီမြို့သားဟာ ကွမ်းအလွန်ကြိုက်တဲ့သူပါ။ စားသုံးသူကာကွယ်ရေးဆိုတာတွေ မလုပ်ခင်တုန်းကတော့ ကွမ်းယာဆိုတာ စိတ်ကြိုက်စားခဲ့တဲ့သူတစ်ဦးပါ။ အိန္ဒိယက တင်သွင်းတဲ့ Signal၊ဆေးဝါ၊ ဆေးမည်း၊ နှပ်ဆေး စတဲ့ ဆေးပေါင်းစုံ အမယ်မျိုးစုံ၊ တံဆိပ်မျိုးစုံကို စိတ်ကြိုက် စားလာခဲ့တဲ့သူတစ်ဦးပါ။

ဒီနှစ်ထဲမှာ စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲတွေကြောင့်ရော သတင်းစာမှာ ဖော်ပြထားတဲ့ ကြေညာချက်တွေကြောင့်ရော ကွမ်းယာကို ဆေးမျိုးစုံနဲ့ ဝယ်စားဖို့ တော်တော်လေး ထိတ်လန့်မိခဲ့ပါတယ်။

ဒါပေမယ့်လည်း သူ့ရဲ့အတွေးက အရင်တုန်းက တို့ မြန်မာကြီးတွေလည်း ကွမ်းစားခဲ့ကြတာပဲ။ အဖိုးတို့ အမေတို့ အဖွားတို့တောင် ကွမ်းစားခဲ့ကြတာပဲ၊ သူတို့ဆိုအသက် ကိုးဆယ်ကျော်အထိ နေသွားကြရတယ်။ သူတို့က ကွမ်းအစ် တည်ပြီး စားကြတာကိုး၊ ဒါဆိုငါလည်း ကွမ်းယာကို ဆိုင်က ဝယ်မစားဘဲ အိမ်မှာ ကွမ်းအစ်တည်ပြီး စားတော့မယ်။ ဒါဆို တော်တော်အန္တရာယ် ကင်းသွားပြီဆိုတဲ့ အတွေးနဲ့ပေါ့။

သူ့အတွေးနဲ့သူ ကွမ်းသီးစိမ်းကိုဝယ်၊ အခွံခွာ၊ နေလှမ်း၊ အိမ်မှာတင် ကွမ်းညှပ်နဲ့ ညှပ်၊ သမ္ဘာတောရွာက ဆေးရွက်ကြီးကို လှမ်းမှာ၊ ကွမ်းရွက်ကိုတော့ မုံရွာဈေးထဲကနေဝယ်ယူပြီး အိမ်မှာ ကွမ်းအစ်တည်ပြီး စားခဲ့တဲ့သူပါ။

ဒါပေမယ့်တစ်နေ့မှာ သူ့အတွက် အံ့သြစရာ ဖြစ်ရပ်တစ်ခုကြုံလာခဲ့ရပါတယ်။ မုံရွာဈေးထဲကနေ ဝယ်လာတဲ့ ကွမ်းရွက် (အနေတော်အရွက်) တွေကို အိမ်ကရေပုံးထဲမှာ ထည့်ထား ခဲ့ပါတယ်။ မနက်မိုးလင်းတဲ့အခါကျတော့ အဲဒီ ရေပုံးထဲက ကွမ်းရွက်တွေဟာ ဘုန်းတော်တန်ခိုးနဲ့ နှစ်ဆတိုးသွားတာကို အံ့သြဖွယ်ရာတွေ့ရပါတယ်။

ကွမ်းရွက်တွေ ဈေးကောင်းတဲ့အတွက် စိုက်ခင်းရှင်ဟာ အရွက်အားတိုးဆေးဖြန်းထားတာကို မေ့လျော့ပြီး ကွမ်းရွက်တွေကို အချိန်မီဈေးကို ပို့နိုင်ဖို့ ခူးလိုက်ရတာဖြစ်ပါလိမ့်မယ်။ ရွက်ဖြန်းအားတိုးဆေးရဲ့ အရွက်ကြီးတဲ့အချိန်ဟာ ကနီသားအိမ်ရောက်တဲ့အချိန်ဖြစ်သွားတာကြောင့် ကွမ်းရွက်တွေဟာ မူလဝယ်ယူစဉ်က အရွယ်အစားထက် နှစ်ဆမက ပိုပြီးကြီးထွားသွားခဲ့ရတာ ဖြစ်ပါ တယ်။

ကွမ်းအင်မတန် ကြိုက်တဲ့ကနီသားလည်း အဲဒီ အချိန်တည်းက ကွမ်းပြတ်သွားခဲ့ရပါပြီလို့ စာရေးသူကို ရင်ဖွင့်ခဲ့ ပါတယ်။

တိုးတက်လာတဲ့ လူဦးရေကြောင့် သစ်သီးဝလံတွေ၊ သားငါးတွေ အစရှိတဲ့ စားသောက်ကုန်တွေမှာ အသီးအားတိုးဆေး၊ အရွက်အားတိုးဆေး၊ အပွင့်အားတိုးဆေး၊ အသားအားတိုးဆေး စတဲ့ ဓါတုဗေဒဆေးဝါးတွေကို သုံးစွဲကြရပါတယ်။ အဲဒီလိုသုံးစွဲတဲ့အခါမှာ သူ့နေရာနဲ့သူ အံဝင်ခွင်ကျ ရှိဖို့အရေးကြီးလှပါတယ်။ ဖြန်းသင့်တဲ့အချိန်မှာ ဖြန်းပြီး ခူးဆွတ်သင့်တဲ့ အချိန်မှာ ခူးဆွတ်မှသာ မှန်ကန်သင့်လျော်တဲ့ အသီးအရွက်၊ သားငါးတွေရရှိမှာဖြစ်ပါတယ်။

ကနီသားရဲ့ အတွေ့အကြုံဟာ သူ့အတွက် သာမက စားသုံးသူပြည်သူတွေကိုပါ အသိသတိရှိအောင် ညွှန်ပြပေးလိုက်သလိုပါပဲ။ စားသုံးသူတွေအနေနဲ့ အရာရာကို မိမိရဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားဆင်ခြင်ပြီး ရွေးချယ် စားသောက်တတ်ကြပါစေလို့ ရေးသားတင်ပြလိုက်ရပါတယ်။

# Dagon Center Shopping Mall ၏ ၁၂ နှစ်ပြည့် အထိမ်းအမှတ် ကံထူးရှင်ရွေးချယ်ပွဲကျင်းပ

Dagon Center Shopping Mall ၏ ၁၂နှစ်ပြည့် အထိမ်းအမှတ် ကံထူးရှင် ရွေးချယ်ပွဲကို ရန်ကုန်မြို့ မြေနီကုန်း ရှိ Dagon Center Shopping Mall မှာ ဩဂုတ် ၁၈ ရက်က ကျင်းပခဲ့ပါတယ်။

၂၀၁၆ ခုနှစ် ဇွန်လမှ ဇူလိုင်လ အတွင်း Dagon Center Shopping Mall ရှိဆိုင်ခန်း များတွင် တစ်ရက် ကျပ်သုံးသောင်းဖိုး ဝယ်ယူသည့် ဈေးဝယ်သူများအတွက် ဒဂုံစင်တာ ရှော့ပင်းမောလ် ရှိ ကျေးဇူးတုံ့ပြန်တဲ့အနေဖြင့် ကံစမ်းမဲများ ပြုလုပ်ပေးခဲ့တာဖြစ်ပါတယ်။ ကံစမ်းမဲများမှာ iPhone 6S+64 နှစ်လုံး၊ တစ်ကျပ်သား ရွှေဆွဲကြိုး ၁၀ ကုံး၊ LCD TV များ၊ ရေခဲသေတ္တာများ၊ အဝတ်လျှော်စက်များဖြစ်ကြောင်း သိရှိရပါတယ်။

ကံစမ်းမဲများကို အနုပညာရှင်များက အများပြည်သူတို့၏ ရှေ့မှောက်မှာ မဲနှိုက်ပေးခဲ့ရာ အဆိုပါကံစမ်းမဲများအနက် i Phone 6S+64 နှစ်လုံးကို ကတ်ပြားအမှတ် 01307 ဖြင့် ဦးတင်ဌေးနဲ့ ကတ်ပြားအမှတ် 01855 ဖြင့် မဇူးဇူးတို့ရရှိသွားကြောင်း သိရပါတယ်။

**မြင့်ဆွေ**

Vol: 16, No.31 Monday August 22 2016

# မြဝတီကုန်သွယ်ရေးဇုန်တွင် သက်တမ်းလွန် ITC ကတ်များ သက်တမ်းတိုးမြှင့်ကြရန်နဲ့ သက်တမ်းတိုးမြှင့်ခြင်းမရှိက ပယ်ဖျက်သွားမည်

မြဝတီ ကုန်သွယ်ရေးဇုန်တွင် ယနေ့ထိ ITC ကတ် ဆောင်ရွက်ထားသူ ၅၆ ဦးရှိသော်လည်း ၁၀ ဦးသာ သက်တမ်းရှိပြီး ကျန် ၄၆ ဦးမှာ သက်တမ်းကုန်ဆုံးနေသည့်အတွက် အဆိုပါ သက်တမ်းလွန် ITC ကတ်ပိုင်ရှင်များအနေဖြင့် ဩဂုတ်လ ၇ ရက်နေ့ နောက်ဆုံးထား၍ လာရောက်သက်တမ်းတိုးမြှင့်ကြရန်နဲ့ လာရောက်သက်တမ်းတိုးမြှင့်ခြင်းမရှိတဲ့ ITC ကတ်များအား ပယ်ဖျက်သွားမှာဖြစ်ကြောင်းကို ဇူလိုင် ၂၉ ရက်က မြဝတီကုန်သွယ်ရေးဇုန်မှာ ကျင်းပတဲ့ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ သွင်းကုန်လိုင်စင်နှင့် ကွန်ပျူတာတာဝန်ခံအရာရှိက ပြောကြားသွားတယ်လို့ သိရပါတယ်။

အဆိုပါ နှိုးဆော်စာများအား ကြော်ငြာသင်ပုန်းတွင် ကပ်ထားသည့်အပြင် မြဝတီကုန်သည်ကြီးများ အသင်းမှတစ်ဆင့် ကုန်သည်လုပ်ငန်းရှင်များအား ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ဆောင်ရွက်ပေးစေလိုကြောင်း၊ သက်တမ်းလွန် ITC ကတ်များဖြင့် လိုင်စင်မဲ့ ( Non Licence ) ပို့ကုန် သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်မှုမရှိစေရေး စိစစ်ကြီးကြပ်ပေးရန်လည်း အကောက်ခွန်ဦးစီးဌာန OSS သို့ ထပ်မံ အကြောင်းကြားထားပြီးဖြစ်ကြောင်း၊ သို့ပါ၍ သက်တမ်းကုန်ဆုံးနေသော ITC ကတ်များအား သတ်မှတ်ရက်အမီ သက်တမ်း လာရောက်တိုးမြှင့်ကြပါရန် နှိုးဆော်လိုပါကြောင်းကိုလည်း ဖြည့်စွက်ဆွေးနွေးခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ကော့သောင်းကုန်သွယ်ရေးစခန်းမှ ဇူလိုင်လအတွင်း ရေထွက်ကုန်ပစ္စည်း တင်ပို့မှုကျဆင်းခြင်းကြောင့် ကုန်သွယ်မှုလျော့ကျ

ကော့သောင်း ကုန်သွယ်ရေးစခန်းသည် ဇူလိုင်လအတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၇၁ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၈၀ သန်း ဆောင်ရွက်ခဲ့ပါတယ်။ ယခင်နှစ်ကာလတူအောက် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ သုညဒသမ ၉၅၀ သန်းနဲ့ အနီးစပ်ဆုံးကာလဖြစ်တဲ့ ဇွန်လအောက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၄၆ သန်း ကျဆင်းခဲ့ပါတယ်။

ကော့သောင်း ကုန်သွယ်ရေးစခန်းရဲ့ ကုန်သွယ်မှု ပမာဏက အနီးစပ်ဆုံးကာလအောက်ရော ယမန်နှစ်ကာလ တူအောက်ပါ ကျဆင်းရခြင်းမှာ ပို့ကုန်ပစ္စည်းဖြစ်တဲ့ ရေထွက် ကုန်ပစ္စည်း တင်ပို့မှု လျော့နည်းခြင်း၊ ယခုလတွင် ယခင် ဘဏ္ဍာနှစ်များက တင်ပို့နိုင်ခြင်းမရှိတဲ့ မလိဝမ်ကျေးရွာမှ ရော်ဘာစိမ်း စတင်တင်ပို့ခဲ့သော်လည်း ငါးသယံဇာတ ထိန်းသိမ်းရန် အတွက် ဇွန်၊ ဇူလိုင်၊ ဩဂုတ် သုံးလအတွင်း ငါးဖမ်းလှေများအား ၄၀ ရာခိုင်နှုန်းသာ ပင်လယ်ပြင်ထွက်ခွာခွင့်ပေးခြင်းကြောင့် ရေထွက်ပစ္စည်းအုပ်စု လျော့နည်းပြီး ပို့ကုန်ပိုင်း လျော့နည်းခြင်း၊ သွင်းကုန်ပိုင်းတွင်လည်း အဓိကသွင်းကုန် ပစ္စည်းဖြစ်တဲ့ ဘိလပ်မြေက ရခိုင်ဒေသသို့ အများဆုံး တင်ပို့ရာ ရာသီဥတုဆိုးရွားသည့်ကာလများတွင် တင်သွင်းမှု လျော့နည်းခြင်းကြောင့်ဖြစ်တယ်လို့ ကုန်သွယ်ရေးစခန်းမှ သိရပါ တယ်။

ကုန်သွယ်မှုကျဆင်းနေခြင်းကို တိုးတက်လာစေရေးအတွက် ကော့သောင်းကုန်သွယ်ရေးစခန်း အနေဖြင့် အဓိက ပို့ကုန်ဖြစ်တဲ့ ရေထွက်ပစ္စည်းများ မှန်မှန်ကန်ကန်တင်ပို့ရေး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနဲ့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊ သွင်းကုန်ပစ္စည်း မှန်မှန်ကန်ကန် တင်သွင်းရေး၊ လစဉ် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးများတွင် ကုန်သည် လုပ်ငန်းရှင်များအား ကုန်သွယ်မှုတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ခြင်း၊ လုပ်ငန်းရှင်များရဲ့ အခက် အခဲများအား အထက်ဌာနများသို့ တင်ပြ၍ ဖြေရှင်းဆောင်ရွက်ပေးခြင်းတို့ကြောင့် ဇူလိုင်လတွင် လျာထားချက်အပေါ် ပို့ကုန်တွင် ၄၄ ဒသမ ၂၈ ရာခိုင်နှုန်း၊ သွင်းကုန်အပေါ် ၆ ဒသမ ၅၇ ရာခိုင်နှုန်း၊ ကုန်သွယ်မှုအပေါ် ၅၅ ဒသမ ၉၂ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခြင်း ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မြိုတ်ကုန်သွယ်ရေးစခန်းမှ ဩဂုတ်လဒုတိယပတ်အတွင်း ရေထွက်ကုန်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြိုတ် ကုန်သွယ်ရေးစခန်းမှ ဩဂုတ် ဒုတိယ ပတ်အတွင်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၆၆၈ သန်းတန်ဖိုးရှိ ရေထွက်ကုန်မျိုးစုံ တန် ၁၅၀၀ ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၁၅၆၅ တန် တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ ၂၇ တန်ခွဲ ပိုမိုတင်ပို့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်ရေထွက်ကုန် ပိုမိုတင်ပို့နိုင်ခြင်းမှာ မြိုတ်ကုန်သွယ်ရေးစခန်းမှ အေးခဲ ပုစွန်၊ အေးခဲ ကဏန်းပျော့၊ ပုစွန်ခြောက်၊ ငါးခြောက်၊ ငါးအသားလွှာ ကဏန်း အသေး (အသေ)တို့ တင်ပို့မှု မရှိ သော်လည်း ငါးမျိုးစုံ၊ ရေငန်ပုစွန်နဲ့ ကင်းမွန်တို့ တင်ပို့မှုပိုမိုခြင်းကြောင့် ဖြစ်တယ်လို့ မြိုတ်ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

ဩဂုတ်ဒုတိယပတ်အတွင်း မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၉ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၂၈ တန်နီးပါး၊ အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၅ သန်း တန်ဖိုးရှိကဏန်း ၈ တန် နဲ့ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၁၂ သန်း တန်ဖိုး ရှိပုစွန် တစ်တန် ခွဲကိုလည်းကောင်း၊ ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုညဒသမ ၀၈၃ သန်းတန်ဖိုးရှိ ငါးမျိုးစုံ တန် ၉၀ ကျော်၊ အမေရိကန် ဒေါ်လာ သုညဒသမ ၀၀၈ သန်း တန်ဖိုးရှိ ပုစွန် တစ်တန်ခွဲနဲ့ အမေ ရိကန်ဒေါ်လာ သုညဒသမ ၀၀၄ သန်း တန်ဖိုးရှိ အခြားရေထွက် ပစ္စည်း ၅ တန်ခန့်ကိုလည်း တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မူဆယ်မှ တရုတ်နိုင်ငံသို့ ရေထွက်ကုန်များ တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ်လ ဒုတိယပတ်တွင် အမေရိကန်ဒေါ်လာ ၂ဒသမ ၀၅၆ သန်း တန်ဖိုးရှိရေထွက် ကုန် ပစ္စည်း ၉၉၂ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး ယခင်တစ်ပတ်ထက် တန် ၄၀ခန့် ပိုမိုတင်ပို့ ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ရေထွက်ကုန်တွေကတော့ ကဏန်း ၄၂တန်ခွဲ၊ ငါးမှန့် ၆၈ တန်ခွဲ၊ ငါးဟောက်တစ်တန်နီးပါး၊ မျှော့အရှင် တစ်တန်ခန့်၊ ငါးရှဉ့် ၁၂တန်ကျော်၊ ပုစွန်ခြောက် ၆၉တန်၊ ငါးဆားနယ် ၂၉တန်၊ ငါးစီဖောင်း ၂တန်နီးပါးနဲ့ ငါးမျိုးစုံ ၈ တန်ခန့်ဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံဈေးအနေနဲ့ ကဏန်းတစ်တန်ကို ၄၀၁၀၄ ယွမ်နဲ့ ငါးရှဉ့် တစ်တန်ကို ၂၇၀၀၀ ယွမ်ဈေးရရှိတယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

# ဩဂုတ်လဒုတိယပတ်အတွင်း ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ သန်းတစ်ရာကျော်ရရှိ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဩဂုတ် ၆ ရက်မှ ၁၂ ရက် အထိ ပို့ကုန်တင်ပို့နိုင်မှုအခြေအနေမှာ အမေရိကန်ဒေါ်လာ ၃၄၈ ဒသမ ၉၂ သန်း၊ သွင်းကုန်တင်သွင်းနိုင်မှုမှာ အမေရိကန် ဒေါ်လာ ၂၄၃ ဒသမ ၄၈၈ သန်းဖြစ်ပြီး၊ ကုန်သွယ်မှုပမာဏမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၉၂ ဒသမ ၄၀၈ သန်းဖြစ်ပါတယ်။ ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၁၀၅ ဒသမ ၄၃၂ သန်းဖြစ်ပြီး ထိုသို့ ပိုမိုရခြင်းမှာပြောင်း၊ မတ်ပဲနဲ့ ပဲတီစိမ်းတို့ ပိုမိုတင်ပို့နိုင်ခဲ့လို့ ဖြစ်ပါတယ်။

ယခုတစ်ပတ်အတွင်းမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှရော ကုန်သွယ်ရေးစခန်းများမှပါ ပို့ကုန်ပိုမို တင်ပို့ခဲ့တာတွေ့ရပါတယ်။ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၄၅ ဒသမ ၉၄၅ သန်းနဲ့ သွင်းကုန်တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၁၈၂ ဒသမ ၁၄၈ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုပိုငွေမှာ အမေရိကန် ဒေါ်လာ ၆၃ ဒသမ ၇၉၇ သန်းဖြစ်ပါတယ်။

ကုန်သွယ်ရေး စခန်းများမှ ပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၀၂ ဒသမ ၉၇၅ သန်းဖြစ်ပြီး၊ သွင်းကုန်တင်သွင်းမှုမှာ ၆၁ ဒသမ ၃၄၀ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုပိုငွေမှာ အမေရိကန် ဒေါ်လာ ၄၁ ဒသမ ၆၃၅ သန်းဖြစ်ပါတယ်။ တစ်ပတ်အတွင်း စုစုပေါင်းကုန်သွယ်မှုပိုငွေမှာ အမေရိကန် ဒေါ်လာ ၁၀၅ ဒသမ ၄၃၂ သန်းဖြစ်ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၇၅ သန်းသာဖြစ်တဲ့အတွက် ယခုတစ်ပတ် ကုန်သွယ်မှုပိုငွေမှာ အမေရိကန် ဒေါ်လာ ၁၀၃ ဒသမ ၆၅၇ သန်းပိုမိုလာကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# တမူးကုန်သွယ်ရေးစခန်းရဲ့ ဇူလိုင်လကုန်သွယ်မှု လျာထားချက်ထက် ကျော်လွန်ဆောင်ရွက်နိုင်

တမူးကုန်သွယ်ရေးစခန်းမှ ဇူလိုင်လအတွင်း ပို့ကုန်တင်ပို့ရန် လျာထားချက်မှာ အမေရိကန်ဒေါ်လာ သုံးသန်းဖြစ်ပြီး၊ သွင်းကုန် အမေရိကန်ဒေါ်လာတစ်သန်းနဲ့ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ လေးသန်းဖြစ်ပါတယ်။

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ လျာထားချက်အပေါ် ပို့ကုန်အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၃၀ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုညဒသမ ၈၃၇ သန်းနဲ့ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၆၇ သန်း ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် လျာထားချက်ရဲ့ ၁၄၆ ဒသမ ၆၇ ရာခိုင်နှုန်းအထိ ကျော်လွန်အကောင်အထည်ဖော်နိုင်ခဲ့တာ တွေ့ရပါတယ်။

တမူးကုန်သွယ်ရေးစခန်းရဲ့ ဇူလိုင်လ လျာထားချက်အပေါ် ဆောင်ရွက်နိုင်ခြင်းမှာ လစဉ်ကုန်သွယ်မှုလျာထားချက် ပြည့်မီရေးအတွက် ရုံးချုပ်၏ ညွှန်ကြားချက်များနဲ့အညီ ခရိုင်စီမံခန့်ခွဲရေးကော်မတီ၏ အနီးကပ်ပူးပေါင်းကြီးကြပ်ပံ့ပိုးမှုနဲ့ ဒေသတွင်းရှိ ဆက်စပ်ဌာနဆိုင်ရာများ၊ OSS ဌာနများနဲ့ ကလေးတမူး- ကလေးဝ နယ်စပ်ကုန်သည် များအသင်း၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ ကြိုးပမ်း ဆောင်ရွက်ခြင်းကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

တမူးကုန်သွယ်ရေးစခန်းရဲ့ ဇူလိုင်လကုန်သွယ်မှုကို ယခင်ဘဏ္ဍာနှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါကလည်း ပို့ကုန်အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၇၃ သန်းပိုမိုပြီး သွင်းကုန် အမေရိကန်ဒေါ်လာ သုညဒသမ ၂၇၆ သန်းလျော့နည်းခဲ့ သော်လည်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၉၇ သန်းပိုမို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကာလတူထက်ပိုမိုရခြင်းမှာ ဇူလိုင်လအတွင်း တမူးကုန်သွယ်ရေးစခန်းရဲ့ အဓိကပို့ကုန်ဖြစ်တဲ့ ကွမ်းသီး၊ ငရုတ်ကောင်း၊ အုန်းသီး၊ ပန်းသီး၊ စီးကရက်၊ နမ့်ဖာလုံအမယ်စုံတို့ ပိုမိုတင်ပို့နိုင်ခြင်းကြောင့် ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# နေ့စဉ်ဘဝ သင်္ခါရ

|မောင်မောင်အေး (ငြိမ်း)|

ပင်စင်ကြိုတင် ပြင်ဆင်ခံစားခွင့်လေး ရရှိပြီးနောက် လက်ရှိ ဒီမြို့မှာ ခဏခိုနားဖြစ်သည်။ ဒီမြို့ဆိုတာကလည်း ၁၉၉၉ - ၂၀၀၀ ပြည့်နှစ်များက မြို့နယ်မန်နေဂျာ တာဝန် ထမ်းဆောင်ခဲ့တာဆိုတော့ ဝန်ထမ်းဟောင်း မိတ်ဆွေများ ရှိသည်။ ကိုယ်ပင် သက်ပြည့်ပင်စင် ခံစားပြီဆိုမှတော့ မိတ်ဆွေဝန်ထမ်းဟောင်းအများစုမှာလည်း ပင်စင်စားများ ဖြစ်နေကြသည်။ တစ်နေ့တစ်နေ့ ပျင်းပျင်းရှိလျှင် အဆိုပါ ပင်စင်စား ဝန်ထမ်းဟောင်းများထံ ဖုန်းကြိုဆက် ချိန်းပြီး သွားလည် ဖြစ်သည်။ မတွေ့ကြသည်မှာ ၁၅နှစ် ၁၆နှစ်တောင်ရှိခဲ့ပြီ။ အိုမင်းခြင်း စနေတဲ့ သူ့မျက်နှာ ကိုယ့်မျက်နှာပေါ်မှာ ဘယ်သူ့ကိုမှ အလွတ်မပေး တွေးကြည့်လျှင် သတိသံဝေဂရစရာ။

အချို့က မိမိဌာန၏ လက်ရှိနာမည်ကိုပင် မပြော နိုင်ကြ။ သူတို့ဌာနအတွင်းမှာ ရှိစဉ်က ကုန်သွယ်/လယ်ယာ သည် ဧည့်မထ၊ ငစိန်၊ ငကျွဲနှင့် ဆန်ကွဲ၊ ဖွဲနု RC ၊ RM မ-၄၊ တ-၄တို့နှင့် သာ ရင်းနှီးခဲ့သည်ကို ယခု စားသုံးသူရေးရာ ကိစ္စဆိုတော့ ဝိုင်းဝန်း မေးခွန်းထုတ်ကြသည်။ ဒီကလူကလည်း ဒီအကွက် ချောင်းနေ တာဆိုတော့ စုံစုံစေ့စေ့ ရှင်းပြလိုက် ရသည်။ လက်ကမ်းစာစောင် များလည်း ဝေငှဖြစ်သည်။ အစားအသောက်တွင် ပါရှိသော လူကို အန္တရာယ်ဖြစ်စေမည့် အကြောင်းအရာများကိုလည်း သတိမူဖြစ် အောင် ပြောပြ ဖြစ်သည်။ အနည်းဆုံး အိမ်မှာကျန်ခဲ့သော အဖိုးကြီး၊ အဖွားကြီး၊ သားသမီးမြေးများကိုတော့ ဝေငှဖြစ်လိမ့်မည် ထင်သည်။

အဲဒီအထဲက ဝန်ထမ်းတစ်ဦးကတော့ စားသုံးသူရေးရာ လုပ်ငန်းတွေအပေါ်ကို အတော် စိတ်ဝင်စားတာ တွေ့ရ သည်။ သူ့နာမည် “ကိုထွန်း” ဟု ဆိုကြပါစို့။ သက်ပြည့်ပင်စင် ယူပြီးတာ ၇နှစ် ၈နှစ် ရှိပြီ၊ သူကပြောသည်။ ကျွန်တော်တို့ လူဖြစ်တာကပဲ အတော်စောနေတာလား၊ မိခင်ဌာနကပဲ စားသုံးသူ လုပ်ငန်းတွေ လုပ်ခွင့်ရတာ နောက်ကျတာပဲလား တစ်ခုခုတော့ တစ်ခုခုပဲလို့ ပြောသည်။ ပြောတာမှ ရင်ထဲကလာသော စကားသံ ဖြစ်သည်။

သူ ဌာနထဲမှာရှိစဉ်က ကုန်ရောင်းပြေစာဖြတ် စာရေး ဖြစ် သည်။ ရုံးမှ နေ့စဉ် ဝန်ထမ်းဆန်၊ တပ်ရိက္ခာဆန်၊ စုပုံဆန်၊ စီမံကိန်း ဆန်များကို ပြေစာရေးပေးရသည်။ ပြင်ပလူပုဂ္ဂိုလ်များနှင့် ဆက်ဆံ ရသဖြင့် မျက်နှာပွင့်သည်။ သူက စီးကရက် ကြိုက်တော့ စီးကရက်၊ အရက်ကြိုက်တော့ အရက်၊ ကွမ်းယာ ဆိုရင် အံဆွဲထဲမှာ မပြတ်စေရ။ ရုံးချိန်ကုန်လျှင်လည်း အရက် ဆိုင်မှာ အချိန်ကုန်တာ များသည်။ အရက်ခွက်ကိုင်သည့် လက်ချောင်းများ အကြားမှာ စီးကရက် မီးကမပြတ် တငွေ့ငွေ့။ ငယ်ငယ်တုန်းကတော့ ပျော်လိုက်သည့် ဖြစ်ခြင်း၊ နေဝင်မိုးချုပ်မှာကို နေ့တိုင်းစိုးရိမ်မိသည်။ နေဝင်တာ စော များ နေသလားလို့ နေ့တိုင်း ထင်မိသည်။

ဒီလိုနဲ့ ဝန်ထမ်းသက်တမ်းတစ်လျှောက် သွားဟယ်၊ လာဟယ်၊ ပျော်ဟယ်၊ ပါးဟယ်၊ သောက်ဟယ်၊ စားဟယ် နှင့် ဖြတ်သန်းလာ ခဲ့မိသည်။ အသက် ၆၀ပြည့်လို့ သက်ပြည့် ပင်စင်ယူချိန်မှာတော့ ကိုယ်ခံအားနည်းချိန် လူရော စိတ်ပါ ကျချိန်မှာ ပျော်စရာ၊ ရွှင်စရာ မင်းသားခေါင်း ဆောင်းထားသော ဘီလူးခေါင်းက ဘွားဘွားကြီး ပေါ်လာသည်။

စွဲစွဲမြဲမြဲ သောက်ခဲ့သော စီးကရက်နှင့် အရက်တို့၏ အကျိုး ကျေးဇူးကြောင့် သွေးတိုး၊ နှလုံးနှင့် သွေးချို၊ ဆီးချို ရောဂါများ ကျရောက်ခဲ့ရသည်။ သေတွင်းက သီသီကလေး လွတ်ကာ နှစ်ကြိမ် သုံးကြိမ်မက၊ နောက်တော့ ဘယ်ဘက် ခြေဖမိုးတွေ လေးလံအေးစက် လာပြီး၊ ခြေချောင်းလေးတွေ မည်းခြောက်လိုက်လာသည်။ မျက်စိရှေ့ မှာပင် ကြွေကျတာလည်း မြင်ရသည်။ နောက်ခြေဖမိုး တစ်ခုလုံး မည်းခြောက်လာသဖြင့် မန္တလေးရှိ ပုဂ္ဂလိကဆေးရုံတစ်ရုံတွင် တက်ကာ ဘယ်ဘက် ခြေထောက်တစ်ဖက် ဒူးအောက်မှ ဖြတ်လိုက် ရသည်။ အဲဒီတုန်းကသာ ဌာနက စားသုံးသူရေးရာ ကိစ္စ ရပ်တွေ လုပ်နေပြီဆိုရင် စီးကရက်၊ အရက်၊ ကွမ်းယာ သောက်ဖြစ် စားဖြစ် ချင်မှ စားဖြစ်မှာဗျဟု အချိန်တွေကို နောက်ပြန်ဆွဲလိုသော မချိ တင်ကဲသံနှင့် ဆိုပါသည်။

> **အဲဒီတုန်းကသာ ဌာနကစားသုံးသူရေးရာ ကိစ္စရပ်တွေ လုပ်နေပြီဆိုရင် စီးကရက်၊ အရက်၊ ကွမ်းယာ သောက်ဖြစ် စားဖြစ်ချင်မှ စားဖြစ်မှာဗျဟု အချိန်တွေကို နောက်ပြန်ဆွဲလိုသော မချိတင်ကဲသံနှင့် ဆိုပါသည်။**

ဒါပေမယ့် သူ့ကို ကံကောင်းလိုက်တာဗျာလို့ ပြောတော့ သူက အံ့ဩသွားသည်။ ပထမ ကံကောင်းတာက စောစော စီးစီး အချိန်မီ ကုသပြီး ခြေထောက်တစ်ချောင်းပဲ ဆုံးရှုံးလိုက်လို့နဲ့ ဒုတိယ ကံကောင်း တာက အနှစ် ၂၀ခန့် စောပြီး မွေးခဲ့လို့ ပေါ့ ဟု ဖြေသိမ့်ရသည်။ ပြီးမှ ပဟေဠိဖြစ်နေသော သူတို့ကို ရှင်းပြရသည်။

ခြေထောက်တစ်ချောင်းကို ခင်တွယ်၊ ဖက်တွက် နေမယ်ဆိုရင် ဒီထက်ပိုဆိုးပြီး ခြေထောက်တစ်ချောင်းလုံး သာမက တစ်ကိုယ်လုံး ပျံ့နှံ့သွားပြီး အသက်ပါ အန္တရာယ် ရှိနိုင်သည်။ အနှစ် ၂၀ခန့် နောက်ကျပြီး ယနေ့ခေတ်မှာ မွေးခဲ့ မယ်ဆိုရင် စိန်ခေါ်မှုတွေ ပြည့်နှက်နေတဲ့ အစားအသောက် နယ်ပယ်ကြီးမှာ ကြီးပြင်းနေရမှာ ပေါ့၊ နာတာရှည်ရောဂါနဲ့ ကင်ဆာအမျိုးမျိုးရဲ့ ဘေးအန္တရာယ်ကလည်း ရှောင်လို့ လွတ်နိုင်မယ်မထင်။

ယနေ့ခေတ် အစားအသောက်တွေထဲမှာ ကြည့်ရင် ကယ်မီ ကယ်ဆိုတဲ့ ဓါတုဆေးဝါးလွတ်တာ ခပ်ရှားရှား၊ တရားမဝင် ဆိုးဆေး များ၊ ဓါတုဓါတ်ကြွင်းများ၊ ကြီးထွားဆေး၊ အမြန်မှည့်ဆေး၊ တာရှည်ခံ ဆေး အမျိုးမျိုးတို့ရဲ့ အန္တရာယ်တွေအပြင် အရည်အသွေး မပြည့်မီ သော လူသုံးကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများကလည်း ပတ်ဝန်း ကျင်မှာ အတောမသတ်နိုင်။

ဒီလို အန္တရာယ်တွေ စားသုံးသူတွေအပေါ် ကျရောက်နေသည် ကို နိုင်ငံတော်အစိုးရက စားသုံးသူ အကာအကွယ် ပေးရေး ဥပဒေ တစ်ရပ်၊ ပြည်သူ့လွှတ်တော်မှ ၂၀၁၄ ခုနှစ်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနက ဦးဆောင်မှုပြုပြီး စားသုံးသူများကို အသိပညာပေးခြင်း၊ ကုန်စည်များ စစ်ဆေး ခြင်းများ ပြုလုပ်လျက် ရှိသည်။ ယင်းသို့ပြုလုပ် ရာတွင် အခြား ဌာနဆိုင်ရာများ ဖြစ်သော ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ စည်ပင် သာယာ၊ ပညာရေးဌာန၊ မွေး/ကုဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဥပဒေရုံးများ၊ ထွေ/အုပ်ဌာနများနှင့်အတူ စားသုံးသူရေးရာ လူမှုအဖွဲ့အစည်းများနဲ့ ပူးပေါင်း ဆောင်ရွက်လျက် ရှိပါသည်။

ဒီလို ရှင်းပြလိုက်တော့လည်း ကုန်သွယ်/လယ်ယာ ပင်စင်စား များ နားလည် သဘောပေါက်သွားကြသည်။ မိခင်ဌာန အမည်ပြောင်း ပြီးနောက်၊ လက်ရှိဘာတွေလုပ်နေ၊ လှုပ်ရှားနေသည်ကို ဆက်လက် ရှင်းပြဖြစ်သည်။ ကိုထွန်းကို ကြည့်ရတာလည်း နားလည် သဘော ပေါက်ပေမယ့် သူ့ခြေထောက် အစိတ်အပိုင်းကို လွမ်းနေပုံရသည်။

ကျွန်တော့်ကို အဖေနဲ့အမေက မွေးတော့ ဒီမြို့မှာ၊ ကျွန်တော့် ခြေထောက် တစ်ပိုင်းကို မန္တလေးမှာ မြှုပ်ခဲ့ရတယ်ဟု လွမ်းလွမ်း ဆွေးဆွေး ဆိုသည်။ သင်္ခါရတရားကိုလည်း လေးလေးနက်နက် ဆင်ခြင်ပုံရသည်။

ကိုထွန်းက ရောဂါဖြစ်ခဲ့သော ခြေထောက်တစ်ပိုင်းကို ဖြတ်ပြီး မန္တလေးမှာ ပစ်ထားခဲ့ရလို့ တရားရနေပုံရတယ်ဟု ဆိုတော့ “အေး ဗျာ” ဟု ကိုထွန်းက ဆွေးဆွေးမြေ့မြေ့ ပြောသည်။ တခြား အချိန် တွေမှာကော အဲဒီလို သတိထားမိရဲ့လားလို့ မိမိက ထပ်မေးတော့ ဘာကိုပြောတာလဲဟု ကိုထွန်းက မေးသည်။ “တစ်လတစ်ခါ၊ နှစ်လတစ်ခါ ဆံပင်ညှပ်တဲ့အခါ မျိုးဗျာ”။ “အေးနော်” “တစ်ပတ် တစ်ခါ ခြေသည်း၊ လက်သည်း ညှပ်တဲ့အခါမျိုးဗျ ”။ “အေးနော်” “အသက်ကြီးလာလို့ သွားများ မကောင်းလို့ နှုတ်ပစ်ရတဲ့အခါမျိုး ရောဗျာ”။ “အေးနော်”။ “ ကြည့်တတ်မယ်ဆိုရင် သင်္ခါရတရားတွေ ပေါ့ဗျာ။“ ကိုယ့်ခန္ဓာကိုယ် အစိတ်အပိုင်းတွေ စွန့်လွှတ်နေရ တာတွေလေ ”ပင်စင် စားများ အားလုံး ငြိမ်သက်လျက်၊ သောက်ရန် ငှဲ့ထားသော ရေနွေးသည် အေးစက်လျှောက် . . . . . . . . . .

## ပြည်ပသို့တင်ပို့ခွင့်ပြုသည့် ကုန်ပစ္စည်းအမယ်များအား ထပ်မံကြေညာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သည်ပြည်ပသို့တင်ပို့ခွင့်မပြုသော ကုန်ပစ္စည်းများအနက် ပြည်ပသို့ တင်ပို့ခွင့်ပြုသည့် ကုန်ပစ္စည်း ၁၂ မျိုးအနက် ပို့ကုန်ပစ္စည်း ငါးမျိုးကို ထပ်မံဖြေလျှော့လိုက်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

အဆိုပါပြည်ပသို့တင်ပို့ခွင့်ပြုသည့် ကုန်ပစ္စည်းအမယ် ငါးမျိုးမှာ ပန်းနှမ်းဆီ၊ မုန်ညင်းစေ့၊ မုန်ညင်းဆီ၊ နေကြာ စေ့၊ နေကြာဆီ၊ ဆီကြိတ်ဖတ်အားလုံးနှင့် ပုစွန်ဖွဲ့တို့ဖြစ် ကြောင်း သိရသည်။

ယခင်က အဆိုပါကုန်ပစ္စည်းအမယ်ငါးမျိုးကို တင်ပို့ ခွင့်မပြုသည့် ကုန်ပစ္စည်းစာရင်းတွင် ထည့်သွင်းထားသော် လည်း ဩဂုတ်လ ၁၆ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၆၂/၂၀၁၆)အရ ဖြေလျှော့ပေး လိုက်ခြင်းဖြစ် ကြောင်း သက်ဆိုင်ရာဌာနမှ သိရသည်။ **မယ်သီတာ**

## အဝလွန်ခြင်းက ဦးနှောက်အိုမင်းမှုကို ပိုမိုလျင်မြန်စေ

သက်လတ်ပိုင်းအရွယ်အဝလွန်သူများရဲ့ ဦးနှောက်မှာ ပိုမိုလျင်မြန် စွာ အိုမင်းရင့်ရော်လာတဲ့ လက္ခဏာများ တွေ့ရှိရ တယ်လို့ ဩဂုတ်လ ၄ ရက်က ထုတ်ပြန်ခဲ့တဲ့ လေ့လာမှု အစီရင် ခံစာအရ သိရပါတယ်။

ဦးနှောက်ရဲ့ အစိတ်အပိုင်းများကို ချိတ်ဆက်ပေးတဲ့ တစ်သျှူးတစ်မျိုး ဖြစ်တဲ့ အဖြူရောင်ပစ္စည်းဟာ ခန္ဓာကိုယ် ကျစ် လျစ်တဲ့ သူများထက် အဝလွန်သူတို့မှာ သိသိသာသာလျော့ကျ နေတာကို သုတေသီများက တွေ့ရှိခဲ့ကြတယ်။ ဒါ့ပြင် အသက် ၄၀ အရွယ် အဝလွန်သူတို့ရဲ့ ဦးနှောက်များမှာ ဆယ်စုနှစ်တစ်စုခန့် ပိုမိုအိုမင်း နေကြဖွယ်ရှိတယ်လို့လည်း လေ့လာမှုအစီရင်ခံစာမှာ ဖော်ပြထားတယ်။ အဝလွန်သူတို့ရဲ့ အသက်နဲ့ယင်းတို့ရဲ့ ဦးနှောက် တို့ကြား တစ်ဆယ်နှစ် သက်တမ်းကွာဟမှုမှာ ပြောင်းလဲခြင်းမရှိလို့ သိရတယ်။

အသက်အရွယ်အိုမင်းလာပြီဆိုရင် ဦးနှောက်ရဲ့ အရွယ် အစားကလည်း ပုံမှန်အားဖြင့် ကျုံ့သွားပါတယ်လို့ ယင်းလေ့လာမှု ဦးဆောင်သူ ကိန်းဘရစ်တက္ကသိုလ်၊ စိတ်ရောဂါဌာနမှ သိပ္ပံ ပညာရှင် ဒေါက်တာ လီဆာရိုနန်က ပြောကြားပါတယ်။ သာမန် ကိုယ်အလေး ချိန်ရှိ သူများနဲ့ နှိုင်းယှဉ်ရင် အဝလွန်သူတွေမှာ အဖြူရောင်ပစ္စည်း လျော့ကျမှုဟာ ပိုများတယ်ဆိုတာ တွေ့ရတယ် လို့ ၎င်းက ပြောပါတယ်။ အဆိုပါ လေ့လာမှု အစီရင်ခံစာကို ပြုစုရာမှာ အသက် ၂၀ မှ ၈၇ နှစ်ကြား လူ ၅၀၀ နီးပါးကို စစ်တမ်း ကောက်ယူပြုစုခဲ့တယ်လို့ ဆိုပါတယ်။

ရိုနန်ရဲ့ပြောကြားချက်အရ လောလောဆယ်မှာ အဝလွန်မှု မှာ ဦးနှောက်ပျက်စီးမှုကိုဖြစ်စေနိုင်ခြင်းရှိမရှိနဲ့ ကိုယ်အလေးချိန် တိုးလာခြင်းကြောင့် အဖြူရောင်ပစ္စည်းပါဝင်မှု အဆင့်လျော့ကျ သွားခြင်းရှိမရှိကို သိပ္ပံပညာရှင်များက မှန်ဆရုံသက်သက်သာ ဆောင်ရွက်နိုင်ခဲ့သေးတယ်လို့ ဆိုပါတယ်။ **ဒေါက်တာလွင်သန့်**

# လက်မှုအနုပညာ အချောထည်များ တိုးမြှင့်တင်ပို့ခြင်းဖြင့် ပို့ကုန်တိုးမြှင့်ခြင်းကို အထောက်အကူပြုမည်

|ကြည်ကြည်မြင့်|

မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ စကျင်ကျေးရွာထွက် စကျင်ကျောက်များမှ လက်မှုအနုပညာ ပစ္စည်းများဖြစ်အောင် ကျောက်ဆစ်ထုလုပ်ပြီး ဗုဒ္ဓဆင်းတုတော်၊ ဦးတီပွားပုံ၊ တီဆံ (တရုတ်ဘုန်းတော်ကြီး) ပုံ၊ ကွမ်ရင်မယ်တော်ပုံနှင့် ဆင်၊ ကျား စသည်ဖြင့် တိရစ္ဆာန်ပုံများ (အမှာရှိသောပုံများ)ကို ထုတ်လုပ်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ထောက်ခံချက်၊ ရှေးဟောင်းပစ္စည်းမဟုတ်ကြောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ထောက်ခံ ချက်တို့ဖြင့် စကျင်ကျောက်တုံး တစ်ကီလိုဂရမ် သုည ဒသမ ၆၀ ဒေါ်လာနှင့် စကျင်ဆင်းတု တစ်ကီလိုဂရမ် သုည ဒသမ ၈၀ ဒေါ်လာနှုန်းဖြင့် ပို့ကုန် လိုင်စင်လျှောက်ထားပြီး မူဆယ် ( ၁၀၅ ) မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့လျက်ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၂၇ သန်းတန်ဖိုးရှိစကျင်ကျောက်တုံးနှင့် စကျင်ဆင်းတု လက်မှုပစ္စည်းများက ၂၉၁၅ ဒသမ ၁၆ တန်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအထိ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၇၁ သန်းတန်ဖိုးရှိ စကျင်ကျောက်တုံးနှင့် စကျင်ဆင်းတု ၉၁၉ ဒသမ ၉၇၆ တန်တင်ပို့ထားပြီး ဖြစ်ပါသည်။

စကျင်ကျေးရွာတွင် စကျင်ကျောက်တောင် (ကိုးခု - ၁၀ ခု ) ခန့်ရှိပြီး ၎င်းကျောက်တောင်များမှ စကျင်ကျောက်များအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနတွင် မှတ်ပုံတင်ပြီး လုပ်ကွက် ရရှိထားသောသူများ (အစိုးရ လုပ်ကွက်၊ နိုင်ငံခြားကုမ္ပဏီနှင့် ဖက်စပ်လုပ်ကွက်၊ မြန်မာ့ စီးပွားရေး ဦးပိုင် လုပ်ကွက်၊ ပြည်တွင်းလုပ်ငန်းရှင်များ လုပ်ကွက်၊ စကျင်ရွာသားများ လုပ်ကွက်) မှ ခွင့်ပြုထားသည့် လုပ်ကွက်အတွင်းရှိ ကျောက်တုံးများကို ထုတ်လုပ်ပြီး ကျောက်ဆစ်ထုလုပ်ငန်း လုပ်ကိုင်သူများကို ရောင်းချ၍ လည်းကောင်း၊ လုပ်ကွက်ရှိသူများ ကိုယ်တိုင် ကျောက်ဆစ်ထုလုပ်ငန်း လုပ်ကိုင်ကြပြီး ကုန်ချောများကို ရောင်းချကြကြောင်းသိရသည်။ စကျင်ကျောက်တောင်များမှ ကျောက်သားသုံးမျိုးထွက်ရှိရာ ကျောက်သားအညံ့၊ ကျောက်သားအလတ်၊ ကျောက်အရည်သားတို့ ဖြစ်ပြီး အရောင်



မှာ အဖြူရောင်၊ အစိမ်းရောင်၊ အပြာရောင်တို့ ထွက်ရှိကြောင်း ကျောက်ဆစ်ထုလုပ်သူတို့၏ ပြောပြချက်အရ သိရှိရပါသည်။

စကျင်ကျေးရွာရှိ ကျောက်ဆစ်ထုလုပ်ငန်းတွင် အသုံးပြုသော ကျောက်သားများမှာ အညံ့သားနှင့် အလတ်သားတို့ကို အသုံးပြုမှုများကြောင်း၊ အညံ့သားနှင့် အလတ်သားတို့တွင်သာ အရွယ်အစား ကြီးမားသော ကျောက်တုံးများရကြောင်း၊ အရည်သား ကျောက်တုံးမှာ အရွယ်အစား မကြီးမားဘဲ အကြီးဆုံးတစ်မီတာခွဲ ဆိုဒ်သာရှိ၍ ကျောက်ဆစ်ထုလုပ်ငန်းတွင် အသုံးပြုမှုနည်းပါးကြောင်းနှင့် အရောင်အနေဖြင့် ကိုးကွယ်မှုပိုင်းတွင် အသုံးများသော အဖြူရောင်ကိုသာ အသုံးပြုထုလုပ်ပြီး အစိမ်းရောင်နှင့် အပြာရောင်များကို အော်ဒါမှာမှသာ ထုလုပ်ပေးကြောင်း၊ စကျင်ကျောက်၏ သဘာဝ တရားမှာ အရောင်စပ်ကျောက်လွှာများပါရှိပြီး ၎င်းအရောင်စပ် ကျောက်လွှာများကို မိမိထုလုပ်မည့် အရောင်သို့ ရောက်အောင် ဆေးစပ်ပြီး ရေးခြယ်ရကြောင်းနှင့် စကျင်ကျောက်တွင် ထုံးခါတ်များ ပါရှိခြင်းကြောင့် စကျင်ကျောက် တောင်များ၌ ကျောက်လွှာများ ထပ်မံပွားများကြောင်း သိရှိရပါသည်။

ကျောက်ဆစ်ထုလုပ်ငန်းတွင် ကိုးကွယ်မှုပိုင်းအတွက် မြတ်စွာ ဘုရားပုံအား စကျင်ကျောက်အဖြူရောင်ဖြင့် ထုလုပ်ပြီး မိမိတို့ ပြည်တွင်း၌ ကိုးကွယ်ကြရန်အတွက် ရောင်းဝယ်ဖောက်ကားခြင်းနှင့် တရုတ်ပြည်တွင် ကိုးကွယ်ရန်အတွက် ပို့ဆောင်ခြင်း၊ ကွမ်ရင် မယ်တော်၊ ဦးတီပွား၊ တရုတ်ဘုန်းတော်ကြီး ပုံများကို တရုတ်ပြည်တွင် ကိုးကွယ်ရန်အတွက် တင်ပို့ကြကြောင်းနှင့် တရုတ်



ပြည် ဈေးကွက်တွင် ရောင်းချရန်အတွက် နိုင်ငံခြားခရီးသွားများအကြိုက် တိရစ္ဆာန်မျိုးစုံ၏ ရုပ်ထုများကိုလည်း အော်ဒါမှာကြကြောင်း၊ စကျင်ရွာနေပြည်သူများ မိရိုးဖလာ ကျောက်ဆစ် ထုလုပ်ခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်ကြပြီး ထုလုပ်ရာတွင် ခန္ဓာကိုယ်ပိုင်း၊ မျက်နှာတော်ပိုင်း ထုလုပ်ပြီး ၊ အချောကိုင်ခြင်း၊ ပန်းချီပညာဖြင့် ပုံဖော်ခြင်း လုပ်ငန်းကို လုပ်ကိုင်ကြရကြောင်း၊ ကျောက်ဆစ်ထုလုပ်သားများ လုပ်အားခ တစ်နေ့ကျပ် ၅၀၀၀ မှကျပ် ၁၀၀၀၀ အထိရရှိကြောင်း၊ ထုလုပ်သည့် လက်ရာပေါ်မူတည်ပြီး လက်ရာကောင်း၊ လက်ရာလှပါက ဈေးကောင်းရရှိကြောင်း၊ ပြည်တွင်းဈေးအနေဖြင့် ကျောက်သား အညံ့ဖြင့်ထုသော မြတ်စွာဘုရားပုံတော်များအား လေးဘက်ချ ( အချောမကိုင်ရ၊ မျက်နှာတော်မဖွင့်ရသေး) အမြင့် ၁ မီတာ ( ၃ ပေ ၃ လက်မ ) တစ်ဆူလျှင် ကျပ် ၁၅၀၀၀ မှကျပ် ၂၀၀၀၀ ကျပ်အထိရှိပြီး တစ်ဖက် နိုင်ငံတွင် ကျပ် ၅၀၀၀၀ မှကျပ် ၈၀၀၀၀ အထိ ရရှိကြောင်း ကျောက်သားအလတ်ဖြင့် ထုသော မြတ်စွာ ဘုရားပုံတော် အမြင့် ၁ မီတာ (၃ ပေ ၃ လက်မ) တစ်ဆူလျှင် မိမိဘက်၌ ကျပ် ၃၀၀၀၀ မှ ကျပ် ၄၀၀၀၀ အထိရှိပြီး တစ်ဖက်နိုင်ငံတွင်ကျပ် ၁၂၀၀၀၀မှ ကျပ် ၁၅၀၀၀၀ အထိ ရရှိကြောင်း၊ အရည်သားဖြင့် ထုလုပ်သော ပုံတော်မှာ တစ်ဖက်နိုင်ငံတွင်ကျပ် ၂၀၀၀၀၀ အထိ ရရှိကြောင်း သိရှိရပါသည်။

စကျင်ရုပ်ထုများအား စကျင်ကျေးရွာမှ စတင် တင်ဆောင်ပြီး တစ်ဖက်တရုတ်နိုင်ငံသို့ တင်ပို့ပါက ကားခ တစ်တန်လျှင်ကျပ် ၈၀၀၀၀ ပေးဆောင်ရပြီး စကျင်ရွာမှ မူဆယ် ( ၁၀၅ ) မိုင် ကုန်သွယ်ရေးဇုန်ထိ သယ်ဆောင်ရာတွင် ငါးရက်မှ ခုနစ်ရက်ခန့် ကြာမြင့်ကြောင်းနှင့် တရုတ်နိုင်ငံရှိ အရောင်းဆိုင်များသို့ ရောက်ရှိပါက ရုပ်ထုများအား အချောကိုင်ခြင်း၊ မျက်နှာတော်ဖွင့်ခြင်း၊ လက်ရာပြင်ခြင်းများနှင့် လိုအပ်သော ဆေးခြယ်ခြင်းများ ပြုလုပ်ကြကြောင်း၊ ထိုကဲ့သို့ ပြုလုပ်ပေးရသူများမှာ မိမိနိုင်ငံရှိ စကျင်ကျေးရွာမှ လက်မှုပညာရှင်များကသာ ပြုလုပ်ပေးကြကြောင်း၊ တရုတ်နိုင်ငံ အရောင်းဆိုင်များမှတစ်ဆင့် တိဘက်ကုန်သည်များကပါ လာရောက်ဝယ်ယူကြကြောင်း၊ တိဘက် ကုန်သည်များသည် ခေတ်ပုံပြပြီး အော်ဒါမှာ ဝယ်ယူကြောင်း သိရှိရပါသည်။

မိမိနိုင်ငံထွက် လက်မှုအနုပညာ ပစ္စည်းများထဲတွင် သစ်သားပန်းပုရုပ်စုံများလည်း ပါဝင်ပြီး မန္တလေးတိုင်း ဒေသကြီး အမရပူရမြို့နယ်တွင် ထုလုပ်ကြကြောင်း ၊ ကုက္ကိုလ်သားဖြင့် အဓိက ထုလုပ်ကြကြောင်း၊ ကုက္ကိုလ်သား ပင်စည်နှင့် မြစ်ဆုံများဖြင့် တိရစ္ဆာန်မျိုးစုံပုံ ( ဆင်၊ ဒေါင်း၊ ကျား) ထုလုပ်ပြီး အရုပ် တစ်ရုပ်အား တစ်ပတ်ကြာ ထုလုပ်ရကြောင်းနှင့် အရုပ်များအား တရုတ်နိုင်ငံ ရွှေလီမြို့ရှိ ဝါဖုန်းအရောင်း ခန်းမသို့ တင်ပို့ရကြောင်း၊ တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် အကြမ်းထည်များ တင်ပို့ပြီး တရုတ်နိုင်ငံတွင် အချောကိုင်ခြင်း၊ ဆေးပေါင်းခြင်းများ ၊ ပြန်လည် လုပ်ကိုင်ရကြောင်း၊ ပန်းပုရုပ်များမှာ သုံးလက်မမှ လက်မ ၁၀၀ အတွင်းရှိသော်လည်း ရှစ်လက်မမှ လက်မ ၂၀ အတွင်းသာ အရောင်းအဝယ်များပြီး လက်ခအနေဖြင့် လက်မ ၂၀ လျှင် ကျပ် ၇၀၀၀၊ ရှစ်လက်မလျှင် ကျပ် ၈၀၀ ကျပ် ရရှိကြောင်း၊ ပန်းပုရုပ်များအား တစ်ဖက်နိုင်ငံသို့ တင်ပို့ရာတွင် ကားတစ်စီးလျှင် သယ်ဆောင်ခ ကျပ်တစ်ဆယ်သိန်းပေးရပြီး တင်ပို့သည့် ပန်းပုရုပ်မှာ အကြမ်းထည်ဖြစ်၍ တရုတ်ပြည်ရောက်မှ စက်ချော၊ လက်ချော၊ ချက်ထိုး ပြုလုပ်ကာခံဆေး ( အင်တွဲ၊ ခါတ်ဆီ ) သုတ်လိမ်းပြီးမှ ဆိုင်တင် ရောင်းချကြကြောင်း၊ တရုတ်ပြည်တွင် ဆင်ရုပ်အား ရတနာပစ္စည်းအဖြစ် စားပွဲများတွင် အလှတင်ခြင်း၊ ဟိုတယ်များတွင် အလှဆင် တန်ဖိုးထားကြကြောင်း သိရှိရပါသည်။

➲ စာမျက်နှာ - ၂၂ သို့



## UNIQUE BROTHERS CO., LTD.

**(EXPORT- IMPORT)**

**AGENT & DISTURIBUTOR OF**

**M.J Biopharm Pvt.Ltd.**

No.100-102,52th Street,Yangon,Myanmar.
Tel: 01-290055,9010243 Fax:0951-290055
E-mail:ubwin@mptmail.net.mm

လက်ဖက်၊ ကြက်သွန်နီကြော်၊ ကြက်သွန်ဖြူကြော်
နှင့် အကြော်စုံရောင်းဝယ်ရေး

အမှတ် (၂၄-၂၅-၃၆-၃၇)၊ အေ ဘလောက်၊ မြေအောက်ထပ်၊ သိမ်ကြီးဈေး(ဒီ)ရုံ မြို့တော်ပဟိုဈေး
Tel: (ဆိုင်) 240600 Ex:4389, 242775 Ex:2278 Hp:09 5184715 (အိမ်) 01-299112




## Shwe Ma Naw Myay Trading Co., Ltd.









G/45,Padauk Street,Bayintnaung Warehouse,Mayangone Township,Yangon,Myanmar.
Ph:+951-680719,680763,09-970706688,09-450028867,09-972280811,
E-mail:yazar18474@gmail.com,www.shwemanawmyay.com

GLOBAL WORLD INSURANCE CO.,LTD

**သင်နှင့်သင့်ပိုင်ဆိုင်မှုများအတွက် စိုးရိမ်နေသလား ဂလိုဘယ်ဝေါ(လ်) မှာ အာမခံထား**

*We always with you.*

- အသက်အာမခံ (Life Insurance)
- မီးအာမခံ (Fire Insurance)
- အလုံးစုံမော်တော်ယာဉ်အာမခံ (Comprehensive Motor Insurance)
- ငွေသားလုံခြုံမှုအာမခံ (Cash In Safe Insurance)
- ငွေပို့ငွေသယ်အာမခံ (Cash In Transit Insurance)
- သမာဓိအာမခံ (Fidelity Guarantee Insurance)
- အထူးခရီးသွားအာမခံ (Special Travel Insurance)
- ကျန်းမာရေးအာမခံ (Health Insurance)
- ရေကြောင်းကုန်ပစ္စည်းအာမခံ (Marine Cargo Insurance)

**Hot Line : 09 - 33087771, 33087774, 793087771**

## ပြောင်း



### မူဆယ်မှ ပြောင်းတန်ချိန် တစ်သောင်းခွဲနီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊လွယ်ဂျယ်၊ ချင်းရွှေ ဟော်နဲ့ ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဩဂုတ်လ ဒုတိယပတ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၈၂ သန်း တန်ဖိုးရှိပြောင်းဖူးစေ့ ၁၇၀၄၉ တန်ကျော် တင် ပို့နိုင်ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မူဆယ်မှ ၁၄၅၆၇ တန်ကျော်၊ ချင်းရွှေဟော်မှ ၁၁၈၃ တန်၊ လွယ်ဂျယ် မှ ၅၂၄ တန်နဲ့ ကန်ပိုက်တီးမှ ၇၇၅ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က အဆိုပါစခန်း လေးခုမှတင်ပို့တဲ့ ပြောင်းတန်ချိန် ၁၄၂၃၃ တန်ခွဲရှိလို့ ယခုတစ်ပတ်ပြောင်း ပိုမိုတင်ပို့လာတာ တွေ့ရပါတယ်။

သယ်ယူစရိတ်မှာ ယခုတစ်ပတ်တွင် တစ်ပိဿာ ၅၂-၅၅ ကျပ်ရှိပြီး ကားဝင်ရောက်မှုအနေဖြင့် ၅၃၉ စီးဝင်ရောက်ခဲ့ကြောင်း မူဆယ်ကုန်စည်ဒိုင်တွင် ပြောင်းတစ်တန်ကို မိမိဘက်ဈေးမှာ ဩဂုတ် ၅ ရက်က ၂၇၁၈၄၅ ကျပ်ရှိခဲ့ပြီး ဩဂုတ် ၁၂ ရက်မှာတော့ ၂၇၃၅၃၅ ကျပ်သို့ ဈေးအနည်းငယ် မြင့်တက်ခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## သကြား

### မူဆယ်ရော ချင်းရွှေဟော်မှပါ သကြားတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ်လ ဒုတိယပတ်တွင် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅၀၁ သန်းတန်ဖိုးရှိ သကြား ၂၆၃၄၅ တန်ခွဲ တင်ပို့ခဲ့သလို ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၅၀၁၀၀ တန်ဖိုးရှိ သကြား ၈၃ တန်ခွဲတင်ပို့ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်မှ ၃၉၃၄၂ တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မူဆယ်မှ သကြားတင်ပို့မှု ၁၂၉၉၆ တန်ခွဲ လျော့နည်းသွား ခဲ့ပါတယ်။ ယခုတစ်ပတ်မှာလည်း ပြည်တွင်းသကြားဈေးက ယခင်တစ်ပတ်အတိုင်း တစ်တန်ကို ရှစ်သိန်းလေးသောင်းကျပ် ဝယ်ယူရပြီး တစ်ဖက်နိုင်ငံတွင် ၅၀ ကီလို တစ်အိတ်လျှင် ၂၃၇ - ၂၃၈ ယွမ်အထိ ဈေးရရှိတယ်လို့ သိရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၂၅၅၃၃၇၅ တန်ဖိုးရှိသကြား ၄၆၄၂ တန်ခွဲ တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၉၉၁ တန်သာ တင်သွင်းခဲ့တဲ့အတွက် မြဝတီမှ သကြားတင်သွင်းမှု ယခုတစ်ပတ်မှာ ပိုမိုလာတာတွေ့ရပါတယ်။

**မော်မော်အောင်**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးပိုမိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ ဩဂုတ် ဒုတိယပတ်အတွင်းမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၀၈၇ သန်း တန်ဖိုးရှိ ရေချိုငါး ၈၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၇၀ သာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ ၁၄ တန်ခန့် ပိုမိုတင်ပို့တာတွေ့ရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၄ သန်းတန်ဖိုးရှိဆီးဖတ် ၃၉ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၉ သန်း တန်ဖိုးရှိ မန်ကျည်းစေ့ ၁၇၄ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၂ သန်း တန်ဖိုး ရှိ ဆီးယိုထုပ် ၃၈ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၄ သန်းတန်ဖိုးရှိ သစ် ခေါက် ၁၃ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၄ သန်းတန်ဖိုးရှိ ချင်းအစို တန် ၃၀ နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်းတန်ဖိုးရှိ နန္ဒင်းတက် တစ်တန်ကို တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# NLD ၏ အမေ့အိမ်ပညာရေးကွန်ရက်တွင် ကွန်ပျူတာနှင့် အင်္ဂလိပ်ဘာသာစကား သင်တန်းများ ဖွင့်လှစ်မည်

NLD မှ ဖွင့်လှစ်လျက်ရှိသည့် အမေ့အိမ်ပညာရေး ကွန်ရက်တွင် ကွန်ပျူတာနှင့် အင်္ဂလိပ်ဘာသာစကားသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ရာ မည်သူမဆို တက်ရောက်သင်ကြားနိုင်ကြောင်း NLD ပညာရေးကွန်ရက်ကို ဦးဆောင်သူ ဆရာနေအုပ်(စိန်ပေါလ်)က ပြော ကြားခဲ့သည်။

NLD ပညာရေးကွန်ရက်ကို မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းအတွင်းရှိ ပညာဒါနကျောင်း ၁၀ ကျောင်းတွင် အဆိုပါ ကွန်ပျူတာပညာနှင့် အင်္ဂလိပ်ဘာသာစကားသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

MPT ၏ "ရှေ့သို့လှမ်းချီဒီဂျစ် တယ်ပညာရေးဆီ"အစီအစဉ်အရ လက်ပ်တော့ကွန်ပျူတာ အလုံး ၂၀၀ နှင့် သင်ထောက်ကူပစ္စည်းများကို လှူဒါန်းခဲ့သဖြင့် ယခုကဲ့သို့ ပညာဒါနကျောင်းများတွင် ကွန်ပျူတာပညာများကို သင်ကြားပေးရန် ဆောင်ရွက်ရခြင်းဖြစ်သည်။

NLD ၏ အမေ့အိမ်ပညာဒါန ကျောင်းများကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်မှုဖြင့် ၎င်းနေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ခဲ့သည့် ၂၀၁၀ ခုနှစ်မှ စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၁ မှ ၂၀၁၅ ခုနှစ်အတွင်း ရန်ကုန်တိုင်းအတွင်း အမေ့အိမ်အခမဲ့ပညာဒါနကျောင်းပေါင်း ၁၀၄ ကျောင်းကို ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် အခြားပြည်နယ်နှင့် တိုင်းများတွင်လည်း ပညာဒါနကျောင်းပေါင်း ၁၀၀ ကျော်ကို ဖွင့်လှစ်နိုင်ခဲ့ပြီး စေတနာ့ဝန်ထမ်းဆရာဆရာမပေါင်း ၂၀၀၀ ကျော်က မူလတန်းမှ အထက်တန်းအထိရှိသည့် ကျောင်းသား ၂၀၀၀၀ ကျော်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

NLD ပညာရေးကွန်ရက်အနေဖြင့် ကွန်ပျူတာနှင့် အင်္ဂလိပ်ဘာသာစကား သင်တန်းများကို အခမဲ့သင်ကြားပေးမည်ဖြစ်ပြီး မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရသည်။

ယင်းသင်တန်းများကို ရန်ကုန်တိုင်းဒေသကြီးတွင် ကိုးခု၊ မွန်ပြည်နယ်တွင်တစ်ခု ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ရော်ဘာ

### ယခုတစ်ပတ် ရော်ဘာတင်ပို့မှု လျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဩဂုတ် ၆ ရက်မှ ၁၂ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၉၂၃ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၇၅၇ တန် နီးပါးတင်ပို့ခဲ့ရာ မူဆယ် (၁၀၅ ) မိုင် ကုန်သွယ်ရေးဇုန်မှ RSS 1 ၃၁၆ တန်ကျော်၊ RSS -3 ၁၆၈ တန်ခန့်၊ MSR 20 တန် ၃၀ နဲ့ MSR 50 ၃၁ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS 3 ၅၂ တန်ကျော်နဲ့ MSR 20 ၁၅၉ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့မှုရှိခဲ့တဲ့ ကော့သောင်းနဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်း များမှ ယခုတစ်ပတ်မှာ တင်ပို့နိုင်ခြင်းမရှိတဲ့အပြင် မူဆယ်နဲ့ချင်းရွှေဟော်မှပါ တင်ပို့မှုလျော့ကျတဲ့အတွက် ရော်ဘာတင်ပို့မှု ၁၀၂၂တန်လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS 3 တစ် တန်ကို ကျပ် ၁၄ ဒသမ ၈၈၅ သိန်းရှိပြီး ဒေသပေါက်ဈေးအနေနဲ့ မော်လမြိုင်မှာ RSS 3 တစ်တန်ကိုကျပ် ၁၄ ဒသမ ၁၂ သိန်းနဲ့ RSS 5 တစ်တန်ကို ကျပ် ၁၁ ဒသမ ၉၂ သိန်းရှိပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဩဂုတ် ၇ ရက်မှ ၁၃ ရက်အထိ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၈ သန်းတန်ဖိုးရှိ ရော်ဘာတန် ၁၂၀ ကျော်တင်ပို့ခဲ့ရာ စင်ကာပူနိုင်ငံသို့ MSR 20 TSR တန် ၆၀ ကျော်နဲ့ အိန္ဒိယနိုင်ငံသို့ MSR 10 တန် ၆၀ ကျော် တင် ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် တန် ၂၁၀ လျော့နည်းခဲ့ပါတယ်။

ယခုဘဏ္ဍာနှစ်စ ဧပြီ ၁ ရက်မှ ဩဂုတ်၁၂ ရက်အထိ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှရော ကုန်သွယ်ရေးစခန်း များမှပါ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၄၂၅ သန်းတန်ဖိုးရှိ ရော်ဘာ ၃၆၃၄၀ တန်ကျော်တင်ပို့ထားပြီးဖြစ်ပါတယ်။

ယခုတစ်ပတ်နိုင်ငံတကာ ရော်ဘာဈေး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀ကျော်ကျဆင်းလာပါတယ်။ ဒါကြောင့် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးလည်းကျဆင်းလာပါတယ်။ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းမှ ထုတ်ပြန်ထားတဲ့ ဈေးနှုန်းများကို ဖော်ပြပေးလိုက်ပါတယ်-

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ | ၁၅၅၀-၁၆၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502) | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀ -၁၄၅၀ |
| Mixtures of Natural Rubber MSR-3L and Synthetic Rubber (97.5% MSR-3L,2.5% SBR 1502) | တစ်တန်လျှင် | ဒေါ်လာ | ၁၆၅၀ -၁၇၅၀ |
| Concentrate Latex 60% DRC | တစ်တန်လျှင် | ဒေါ်လာ | ၉၆၀ - ၁၀၁၀ |

ယဉ်ယဉ်အေး

# ဧရာဝတီဘဏ်နှင့် JCB တို့ ပူးပေါင်း၍ ပြည်တွင်းပြည်ပတွင် အသုံးပြု၍ရသည့် ပထမဆုံးသော ကတ်ကို စတင်မိတ်ဆက်

ဧရာဝတီဘဏ်နှင့် ဂျပန်နိုင်ငံမှ JCB တို့ ပူးပေါင်း၍ ပြည်တွင်းပြည်ပတွင် အသုံးပြု၍ရသည့် ပထမဆုံးသော ကတ်ကို ဩဂုတ်လ ၁၆ ရက်က စတင်မိတ်ဆက်ခဲ့သည်။

အဆိုပါမိတ်ဆက်ပွဲအခမ်းအနားတွင် ပြည်တွင်းပြည်ပတွင် အသုံးပြု၍ရသည့်ကတ်ပေါင်း တစ်သိန်းကျော်ကို ထုတ်ဝေမည်ဖြစ်ကြောင်း သိရသည်။

ကတ်ကို လေးမျိုးလေးစားခွဲခြားထားပြီး ပလက်တီနမ်ကတ် (Platinum Credit Card)၊ ရွှေကတ်(Gold Credit Card)၊ ယူနီဗာဆယ်ငွေကတ် (Universal Credit Card) နှင့် ယူနီဗာဆယ် အကြွေးဝယ်ကတ် (Universal Dibit Card) ဟူ၍ ခွဲခြားထားကြောင်း သိရသည်။

"မြန်မာနိုင်ငံဟာ လူဦးရေအရရော၊ စီးပွားရေးအရပါ ကြီးထွားလျက်ရှိနေတဲ့အတွက် JCB အတွက် တကယ့်ကို အရေးပါတဲ့ဈေးကွက်ကြီးတစ်ခုပဲဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံဟာ ကတ်ကို အသုံးပြုပြီး ငွေပေးချေတဲ့စနစ်ကို အသုံးပြုရာမှာ တဖြည်းဖြည်းနဲ့ မြင့်တက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ JCB ကတ်ကို အသုံးပြုတဲ့သူတွေဟာ ကတ်ကို အသုံးပြုတဲ့အတွက် အဆင်ပြေမှုတွေ လွယ်ကူမှုတွေကို ထိတွေ့ခံစားကြရမှာဖြစ်ပါတယ်"ဟု JCB International မှ ဒုတိယဥက္ကဋ္ဌ ဖြစ်သူ မစ္စတာ ခါမီဟီဆာအီမာဒါက ပြောကြားခဲ့သည်။




"ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့ ငွေသားနဲ့သုံးစွဲနေတဲ့အဆင့်ကနေ ကတ်တွေကို သုံးစွဲတဲ့အဆင့်ကို ၂၀၁၃ ခုနှစ်မှာ MPU နဲ့ စာချုပ်ချုပ်ပြီး စတင်ကျင့်သုံးခဲ့ပါတယ်။ ဧရာဝတီဘဏ်အနေနဲ့ MPU ရယ် JCB ရယ် ပူးပေါင်းတဲ့ co-credit Care ကို ပထမဦးဆုံး စတင်လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ဗဟိုဘဏ်အနေနဲ့ကတော့ မြန်မာနိုင်ငံမှာရှိတဲ့ဘဏ်တွေကို တိုးတက်အောင်လုပ်တယ်ဆိုတဲ့အပိုင်းမှာ သက်ဆိုင်ရာဘဏ်များက လုပ်ဆောင်ရမှာဖြစ်ပါတယ်။ အခုလက်ရှိမှာ ဧရာဝတီဘဏ်အနေနဲ့ New Product တွေကို Launch လုပ်လာတာကို တွေ့ရပါတယ်။ အခုလက်ရှိ Launch လုပ်တဲ့ကတ်ဟာလည်း ဧရာဝတီဘဏ်အနေနဲ့ ပထမဦးဆုံး လုပ်ဆောင်တာ ဖြစ်ပါတယ်။ ဒါဟာ ငွေသားနဲ့ လုပ်ဆောင်တဲ့စနစ်ဟာ လုံခြုံစိတ်ချရမှုမရှိတော့ဘဲ ကတ်စနစ်နဲ့ သုံးစွဲခြင်းဖြင့် လုံခြုံစိတ်ချရမှုရှိတယ်ဆိုတာကို ပြသတာပဲဖြစ်ပါတယ်။ နိုင်ငံတကာမှာ ကတ်ကိုသာ သုံးစွဲနေကြပြီဖြစ်ပါတယ်။ ဒီကတ်ကို ကိုင်ဆောင်ထားတဲ့သူဟာ နေရာတိုင်း၊ နိုင်ငံတိုင်း၊ အချိန်တိုင်းမှာ ငွေထုတ်လို့ရသလို ငွေသုံးစွဲလို့ရမှာပဲဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသော်က ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဧရာဝတီဘဏ်လီမိတက်၏ ဥက္ကဋ္ဌဖြစ်သူ ဦးဇော်ဇော်က မြန်မာနိုင်ငံသားပိုင်ဆိုင်သည့် ဘဏ်သည် နိုင်ငံတကာတွင် သူများနည်းတူ မျက်နှာမငယ်ဘဲ လုပ်ဆောင်နိုင်သည်ဟူသည့် အဖြေကိုသာ လိုချင်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု တစ်ပြေးညီဖြစ်မှသာ ကတ်ဖြင့် ငွေသုံးစွဲမှုများကို လွယ်လင့်တကူလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ဒါဟာ အင်မတန် ခက်ခဲတဲ့အလုပ်ပါ။ ဒါဟာ ဘာလဲဆိုတော့ တချို့နေရာတွေမှာ အင်တာနက်လိုင်းတွေက ကျနေတယ်။ တချို့နေရာတွေမှာ မီးပြတ်တဲ့အခါမှာ ကတ်တွေကိုသုံးလို့မရဘူး။ တချို့ဆိုင်တွေက ကတ်ကိုမသုံးချင်ဘူး။ ငွေကိုပဲလိုချင်တယ်။ ဘာဖြစ်လို့ ဘဏ်တွေက ကတ်ကို မသုံးတာ လဲ။ သူများနိုင်ငံတွေမှာ ကတ်တွေရှိတယ်။ ဒီမှာ ဘာလို့မလုပ်တတ်လဲ။ ဒီ Software တွေ System တွေက ဝယ်လိုက်လို့ ရပါတယ်။ ကတ်တွေကလည်း ဝယ်လို့ရတယ်၊ ATM တွေလည်း ဝယ်လို့ရတယ်။ လုပ်လို့မရတာ တစ်ခုက Infrastructure တွေ ပြိုင် တူ မတက်ဘဲနဲ့ ကျွမ်းကျင်တဲ့သူတွေမရှိဘဲနဲ့ လုပ်လို့ မရပါဘူး။ ဒါကြောင့် နိုင်ငံတော်ပိုင်းကလည်း ဖွံ့ဖြိုးတိုးတက်မှုရှိမှသာ ကျွန်တော်တို့ရဲ့ကတ်တွေကလည်း လွယ်လင့်တကူ သုံးစွဲလို့ရမှာပါ။ ဒီ JCB ကတ်က တခြားနိုင်ငံတွေရဲ့ တခြားကတ်တွေထက် သာတဲ့အချက်က ဈေးဝယ်တဲ့အခါမှာ ကုန်သည်က ဈေးဆိုင်ရှင်က Discount ပေးတာမျိုးတွေရှိတယ်။ ကျွန်တော်တို့အနေနဲ့ ပထမဦးဆုံး ဂျပန်နိုင်ငံက JCB နဲ့ ကျွန်တော်တို့နိုင်ငံက MPU နဲ့ တွဲထားတဲ့အတွက် ကျပ်ရောယန်းပါ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒါက ထူးဆန်းတဲ့အရာတော့ မဟုတ်ပါဘူး။ သူများနိုင်ငံတွေမှာ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်သုံးဆယ်လောက် ကတည်းက သုံးနေကြတာပါ။ ကျွန်တော်တို့က အများကြီး လိုက်ကြရဦးမှာပါ။ မြန်မာနိုင်ငံသားပိုင်တဲ့ ဘဏ်တစ်ခုက သူများနိုင်ငံနည်းတူ မျက်နှာမငယ်ဘဲ လုပ်နိုင်တဲ့ မြန်မာလူမျိုးတွေဆိုတဲ့ အဖြေတစ်ခုကလွဲရင်ကျွန်တော်ဘာကိုမှ မမျှော်လင့်ပါဘူး"ဟု ဧရာဝတီဘဏ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားခဲ့သည်။

■

## OPPO က ၎င်း၏ စမတ်ဖုန်းအသစ် F1s ကို မိတ်ဆက် Pre-Order အမှာများကို အထူးလက်ဆောင်များဖြင့် ဩဂုတ်လ ၂၅ ရက်အထိ မှာယူနိုင်

ကမ္ဘာ့စမတ်ဖုန်းထုတ်လုပ်သူများ အနက် နံပါတ်လေးနေရာတွင် ရပ်တည်လျက်ရှိသည့် OPPO သည် ၎င်း၏ နည်းပညာအသစ်ဖြစ်သည့် စမတ်ဖုန်းအသစ် F1s ကို စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။

အဆိုပါ F1s သည် 16Mp ရှိ သည့် ရှေ့ကင်မရာ၊ Beauticy 4.0 နည်းပညာ၊ အဆင့်မြှင့်ထားသည့် Screen Flash Feature နှင့် ဟန်ပန်အမူအရာ၊ အသံတို့ဖြင့် ထိန်းချုပ် ရိုက်ကူးနိုင်သည့် Selfie လုပ်ဆောင်ချက်တို့ ပါဝင်ကြောင်း သိရသည်။

OPPO F1s ကို ဒီဇိုင်းထုတ်လုပ်မှု အဆင့်ပေါင်း ၈၂၂ ခု၊ စမ်းသပ်မှုအဆင့် ပေါင်း ၃၉၀ ထိပြုလုပ်ထားသည့် OPPO F1s ၏ ချောမွတ်တောက် ပြောင်သော သတ္တုကိုယ်ထည်ဒီဇိုင်း၊ ၅ ဒသမ ၅ လက်မနှင့် ၂ ဒသမ ၅ D Corning Gorilla Glass 4 မျက်နှာပြင်၊ 16 Magapixel ရှေ့ကင်မရာ၊ 13 Megapixel နောက်ကင်မရာ၊ ပြင်ပ မှာရှိတဲ့ အလင်းရောင်အခြေအနေ အပေါ် အခြေခံပြီး အလိုအလျောက် တိကျစွာချိန်ညှိပေးနိုင်တဲ့ Auto Mode စနစ် Sreen flash၊ ၁၂၀ ဒီဂရီ အထိ ရိုက်ကူးနိုင်မည့် Selfie Panorama Function တို့နှင့် ဖန်တီးထားသည့် OPPO F1s အကြောင်း ကို OPPO Myanmar ရဲ့ Product Manager ကိုသန်းအောင် က ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ OPPO F1s ကို ကျပ် ၂၆၉၀၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး Pre-Order စနစ်ဖြင့် ဝယ်ယူပါက အထူးအခွင့်အရေး တစ်ရပ်အနေဖြင့် လက်ဆောင်များ ရရှိမည်ဖြစ်သည်။ ယင်း Pre-Order စနစ် ကို ဩဂုတ်လ ၂၅ ရက်အထိ OPPO ကောင်တာများနှင့် အရောင်းဆိုင်များတွင် လက်ခံပေးသွားမည်ဖြစ်ပြီး ဩဂုတ်လ ၂၇ ရက်တွင် သတ်မှတ်ထားသည့် အရောင်းဆိုင်များ၌ သွားရောက် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

အထူးလက်ဆောင်အဖြစ် Special Limited Edition Barcelona ကျောပိုးအိတ်ကို ရရှိမည်ဖြစ်ပြီး ပုံမှန် ပေးအပ်သည့် Special Package များ ကိုလည်း ရရှိမည်ဖြစ်သည်။ အဆိုပါ Special Package တွင် Official OPPO Selfie Stick နှင့် ကျောဘက် လက်ကိုင်ကွင်းပါဝင်သော Smart Cover တို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

■

## MPT ၏ 'ရှေ့သို့လှမ်းချီ ဒီဂျစ်တယ်ပညာရေးဆီ' အစီအစဉ်အရ NLD ပညာရေး ကွန်ရက်သို့ လက်ပ်တော့ အလုံး ၂၀၀ လှူဒါန်း

မြန်မာနိုင်ငံ၏ဦးဆောင်အော်ပရေတာတစ်ဦးဖြစ်သည့် MPT သည် ၎င်း၏လူမှုအကျိုးပြုလုပ်ငန်းတစ်ရပ်ဖြစ်သည့် "ရှေ့သို့လှမ်းချီ ဒီဂျစ်တယ်ပညာရေးဆီ" အစီအစဉ်အရ NLD ပညာ ရေး ကွန်ရက်သို့ လက်ပ်တော့ကွန်ပျူတာအလုံး ၂၀၀ ကို လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ပညာရေးကွန်ရက်နှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး လက်ရှိတွင် အောင်မြင်စွာဆောင်ရွက်နေသည့်ကွန်ပျူတာပညာရေးအစီအစဉ် ကို တိုးချဲ့ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းအစီအစဉ်အရ မွန်ပြည်နယ် နှင့် ရန်ကုန်တိုင်းဒေသကြီးရှိပညာဒါနကျောင်း ၁၀ ကျောင်းသို့ လက်ပ်တော့ ကွန်ပျူတာ အလုံး ၂၀၀ ကို လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

MPT သည် အနာဂတ်လူငယ်များထံ နည်းပညာနှင့်ပညာရေးအခွင့်အလမ်းများ ထောက်ပံ့ပေးရန် ရည်ရွယ်သည့် "ရှေ့သို့လှမ်းချီ ဒီဂျစ်တယ်ပညာရေးဆီ"အစီအစဉ်မှာ မြို့ပြနှင့်အလှမ်းဝေးသည့် နေရာဒေသများမှ လူငယ်လူရွယ်များကိုပါ ပညာရေးတွင် နောက်ကျ မကျန်ရစ်ခဲ့စေရန် ရည်ရွယ်ကြောင်း သိ ရသည်။

MPT သည် NLD ပညာရေး ကွန်ရက်သို့ ကွန်ပျူတာ အလုံး ၂၀၀ အပြင် Wi-Fi ဆက်သွယ်မှုအတွက် လို အပ်သည့်ပစ္စည်းများနှင့် ခြောက်လစာ အင်တာနက်ဒေတာများကိုပါ အဆိုပါနေရာ၁၀နေရာစလုံးအတွက်ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ထို့ပြင် ကွန်ပျူတာပညာရပ်များကို သင်ကြားပေးနိုင်မည့် ဆရာငါးဦးအတွက် လိုအပ်သည့် ပံ့ပိုးမှုများကိုပါ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"MPT ဟာ မြန်မာနိုင်ငံရဲ့ တိုးတက်မှုမှာ တစ်တပ်တစ်အားပါဝင်နေတဲ့အလျောက် အမှန်တကယ် လိုအပ် နေသူတွေ၊ အရင်တုန်းက အကူအညီမရခဲ့တဲ့သူတွေဆီကို အတတ်ပညာဆိုင်ရာဖွံ့ဖြိုးမှုအတွက် အဓိပ္ပါယ်ပြည့်ဝတဲ့ နည်းလမ်းတွေနဲ့ ပံ့ပိုးပေးခြင်းအားဖြင့် ခေတ်နောက်ကျကျန်ရစ်သူမရှိအောင် ကြိုးစားလျက်ရှိပါတယ်။ MPT အနေနဲ့ လက်ပ်တော့ကွန်ပျူတာအလုံး ၂၀၀ နဲ့ အရေးပါတဲ့ ဝိုင်ဖိုင်အင်တာနက်ချိတ်ဆက်မှုတွေ၊ ကျွမ်းကျင်မှုရရှိအောင် သင်တန်းပို့ချတာတွေကို တကယ်တမ်း လိုအပ်နေသူတွေဆီ အရောက်ပို့ပေးခြင်းအားဖြင့် မြန်မာလူငယ်လူရွယ်တွေဟာ သူတို့ရဲ့ ဘဝတိုးတက်ဖို့အတွက် အရေးပါတဲ့ခြေလှမ်းကို စတင်လှမ်းနိုင်တော့မှာ ဖြစ်ပါတယ်"ဟု MPT-KGSM ၏ Chief Executive Officer ဖြစ်သူ Mr. Takashi Nagashima က ပြောကြားခဲ့သည်။

➲ စာမျက်နှာ ၁၈

## လက်မှုအနုပညာ အချောထည်များ… မှ အဆက်

သစ်သားပန်းပုရုပ်ထုများအား တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ရှေးဟောင်းပစ္စည်း မဟုတ်ကြောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ထောက်ခံချက်ဖြင့် ပို့ကုန် လိုင်စင်ဈေး တစ်ကီလိုလျှင် သုညဒသမ ၃၃၅ ဒေါ်လာဖြင့် ငွေတောင်၊ ငွေကမ္ဘာ၊ ရွှေမန်း၊ ရတနာပုံ ကုမ္ပဏီများမှ မိရိုးဖလာ လုပ်ငန်းအဖြစ် ပန်းပုရုပ်ထုများ ပြုလုပ်ပြီး တင်ပို့ကြကြောင်း၊ မန္တလေး- အမရပူရမြို့တွင်လည်း ပြခန်းဖွင့်လှစ်ပြီး ရောင်းချကြကြောင်းနှင့် တစ်ဖက်တရုတ်နိုင်ငံ ၊ ရွှေလီမြို့ ဝါဖုန်း အရောင်းပြခန်းတွင် ဆိုင်ခန်း ငှားရမ်းပြီး ကိုယ်တိုင် ရောင်းချကြောင်း၊ မိမိတို့ မြန်မာနိုင်ငံသား အလုပ်သမားများကပင် အချောကိုင်၊ စက်ချော၊ လက်ချော၊ ချက်ထိုး ပြုလုပ်ပေးကြောင်းနှင့် ဝါဖုန်းအရောင်းပြခန်းတွင် လက်လီ၊ လက်ကားရောင်းချပေးနေကြောင်း လုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရှိရပါသည်။

မိမိနိုင်ငံထွက် ပစ္စည်းများဖြစ်သည့် စကျင် ကျောက်တုံးများ တင်ပို့ရေးမှ စကျင်ဆင်းတု ရုပ်တုများတင်ပို့ရေး၊ ကုက္ကိုလ်သားမှသည် ပန်းပုရုပ်တုများဖြစ်အောင် ထုလုပ်ပြီး တင်ပို့ခြင်းသည် ကုန်ကြမ်းများမှ အရည်အသွေးကောင်း တန်ဖိုးမြင့် ထုတ်လုပ်ခြင်း၊ Value Added Product အဖြစ် ပြုပြင်၍ တင်ပို့ခြင်းဖြင့် နိုင်ငံတော် ဝင်ငွေပိုမိုရရှိစေခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ကမ္ဘာ့ခရီးသွားလုပ်ငန်း ( Tourism ) များ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာသည့်အတွက် နိုင်ငံခြားသားများအကြိုက် လက်မှုအနုပညာပစ္စည်းများ ရောင်းအားကောင်းလာမည်ဖြစ်ပြီး ပို့ကုန်တိုးမြှင့်ခြင်းကို အထောက်အကူပြုမည်ဖြစ်ကြောင်း မြင်တွေ့နေရပါသည်။

သို့ရာတွင် မူဆယ်နှင့် တစ်ဆက်တည်း ရှိသည့် တစ်ဖက်နိုင်ငံ၊ ကျယ်ဂေါင် အထူးစီးပွားရေးဇုန်တွင် မိမိနိုင်ငံမှ ပို့လိုက်သည့် ကုန်ကြမ်းပစ္စည်းများကို ကုန်ချောပြုလုပ်ခွင့်ပေးခြင်း၊ ဇုန်အတွင်းမှာ လွတ်လပ်စွာ ရောင်းချခြင်း၊ ကုန်ချောထုတ်လုပ်ခြင်း၊ အရောင်း Center များ၊ Show Room များ ဆောင်ရွက်ခွင့်ပေးခြင်း၊ မြို့ပြတစ်ခုကဲ့သို့ တည်ဆောက်ခွင့်ပေးခြင်းကြောင့် မိမိနိုင်ငံအား အခြေပြု၍ အရှိန်အဟုန်မြင့်ဖွံ့ဖြိုးနေကြောင်း တွေ့ရပါသည်။

မိမိနိုင်ငံမှ ကုန်ကြမ်းပစ္စည်း၊ ကုန်ချောပစ္စည်းများကို တရားဝင်၊ တရားမဝင်ရယူ၍ မိမိနိုင်ငံမှ ကျွမ်းကျင်လုပ်သားများကို အသုံးပြုကာ တစ်ဖက်နိုင်ငံကျယ်ဂေါင်တွင် ဈေးကွက်ဖြစ်နေမှုသည် မိမိနိုင်ငံ၏ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ သက်ဆိုင်ရာဌာန၏ခွင့်ပြုချက်ဖြင့် စကျင်ကျောက်တုံးများ၊ ပန်းပု ထုတ်လုပ်သည့် ကုန်ကြမ်းများ ဂိုထောင်ချသယ်ခွင့်ပေးခြင်း၊ ကုန်ချော ဆောင်ရွက်မည့် လက်မှုလုပ်ငန်းများ ခွင့်ပြုပေးခြင်း၊ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှာပင် Show Room များ ဖွင့်လှစ်ပေးပါက မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် လုပ်ဆောင်ရခြင်း၏ ရည်ရွယ်ချက်တွင်ပါသည့် ဇုန်စည်ကား ဖွံ့ဖြိုးတိုးတက်စေရေး၊ ဈေးကွက်ဖြစ်ပေါ်စေရေးအတွက် အထောက်အကူပြုမည်ဖြစ်သကဲ့သို့ မိမိနိုင်ငံ၏ ကျွမ်းကျင်လုပ်သားများ ဆုံးရှုံးမှု လျော့နည်းစေကာ နိုင်ငံအတွင်းမှာပင် အလုပ်အကိုင်အခွင့်လမ်း ရှာဖွေပေးရာ ရောက်သကဲ့သို့ မူဆယ်ဒေသသို့ လာရောက်သည့် တစ်ဖက်တရုတ်ခရီးသွားများသည် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ ဈေးကွက်ကြီးတစ်ခုအဖြစ် မဖြစ်မနေဖြစ်ပေါ်လာစေမည့် ဈေးကွက်နေရာတစ်ခု ဖြစ်လာမည့်အပြင် မိမိနိုင်ငံထုတ်ကုန်ကို ကြိုက်ဈေးဖြင့် ပြည်ပသို့ တင်ပို့ ရောင်းချနိုင်ရေး တန်ဖိုးမြှင့် ပို့ကုန်တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေပါ ပိုမိုရရှိခြင်း အကျိုးကျေးဇူးများစွာ ရရှိလာနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အား အထူးစီးပွားရေးဇုန်တစ်ခုကဲ့သို့ နိုင်ငံတော်က သတ်မှတ်ပေးပြီး ကုန်သွယ်မှုနှင့် ပတ်သက်သည့် ဆက်စပ်သော လုပ်ငန်းများကို လွတ်လပ်စွာ လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အဆင့်မှ ကော်မတီတစ်ရပ်ဖွဲ့စည်းကာ ကုန်သွယ်ရေးဇုန် ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် ရန်ပုံငွေရှာဖွေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ လုပ်နည်းစနစ်များ သတ်မှတ်ပေးခြင်း၊ အထက်ဖော်ပြပါ ကော်မတီမှ ကုန်သွယ်ရေးဇုန်အား မြို့ပြတစ်ခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာစေရန် အုပ်ချုပ်မှု၊ စည်းကမ်းထိန်းသိမ်းမှုတို့ကိုပါ ဟန်ချက်ညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးခြင်းမှ မူဆယ်-နမ့်ခမ်းဒေသကြီး တစ်ခုလုံး ဖွံ့ဖြိုးရေးအထိ စီမံချက်ချမှတ်၍ အဆင့်လိုက် တိုးတက်ရေး စီမံဆောင်ရွက်ခွင့်ပေးပါက တစ်ဖက်တရုတ်နိုင်ငံမှ စီမံဆောင်ရွက်နေသည့် ရွှေလီ၊ ဝမ်တိန်၊ လုံတောင်း ခရိုင်သုံးခုအား တရုတ်နိုင်ငံ၏ အနောက်တောင်ဘက် ထွက်ပေါက်တစ်ခုအဖြစ် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးဘက်စုံ ဖွံ့ဖြိုးတိုးတက်ရန် စီမံချက်ချမှတ် ဆောင်ရွက်နေမှုအပေါ် တန်ပြန်ဆောင်ရွက်လာနိုင်မည် ဖြစ်ပါကြောင်း၊ မိမိဘက်မှလည်း မဖြစ်မနေ စီမံရန် လိုအပ်လာပြီဖြစ်ပါကြောင်း၊ ရေရှည်မျှော်ကိုး၍ ဆောင်ရွက်နိုင်ပါရန် အသိပေးတင်ပြလိုက်ရပါသည်။

# motors.com.mm က ကားရောင်းဝယ်သူများအတွက် အပိုထပ်ဆောင်းဝန်ဆောင်မှုများကို မိတ်ဆက်

ဂျာမနီနိုင်ငံအခြေစိုက် အွန်လိုင်းအခြေပြု စီးပွားရေးလုပ်ငန်းကြီးတစ်ခုဖြစ်သော Rocket Internet ၏ မြန်မာနိုင်ငံ ကိုယ်စားပြု အွန်လိုင်းအခြေပြု ကားရောင်းဝယ်ရေးဝန်ဆောင်မှု ဖြစ်သော motors.com.mm က ၎င်းတို့၏ Package ဝန်ဆောင်မှုကို အသုံးပြုသူများအတွက် ပိုမိုအကျိုးရှိစေမည့် ဝန်ဆောင်မှုများကို ထပ်မံမိတ်ဆက်ပေးခဲ့သည်။ လက်ရှိအချိန်တွင် motors.com.mm ၏ Package များအား မိမိတို့၏ လုပ်ငန်းကို ပိုမိုထင်ရှားပေါ်လွင်စေလိုသော၊ လုပ်ငန်းပိုမို တွင်ကျယ်စေလိုသော ကားလုပ်ငန်းရှင်များ၊ Show-room များမှ အသုံးပြုလျက်ရှိသည်။

ဝန်ဆောင်မှုများနှင့် ပတ်သတ်၍ motors.com.mm ၏ Assistant Director ဖြစ်သူ ကိုညီသွေးက "Package အသုံးပြုသူတွေအတွက် Show-room ဖြစ်စေ၊ တစ်ပိုင်တစ်နိုင် ရောင်းဝယ်သူဖြစ်စေ သီးခြား Account Manager (AM) တွေ စီမံပေးမှာပါ၊ AM တွေက ဝက်ဘ်ဆိုက်ပေါ်မှာတင် ရောင်းမယ့် ကားတွေနဲ့ပတ်သက်တဲ့ လိုအပ်ချက်တွေ၊ ဝက်ဘ်ဆိုက် အသုံးပြုပုံနဲ့ ပတ်သက်တာတွေကို ဆောင်ရွက်ပြသပေးမှာ ဖြစ်ပါတယ်။ Showroom (သို့မဟုတ်) ရောင်းချမယ့် ကားရှိရာနေရာကို လက်ထောက်တွေ စေလွှတ်ပြီး ကားတွေကို ဓာတ်ပုံရိုက်ယူပေးခြင်း၊ ကားတွေကို စာရင်းပြုစုမှတ်သားပေးခြင်းနဲ့ ရောင်းထွက်ပြီးသော ကားတွေကို ဝက်ဘ်ဆိုက်ပေါ်မှ ပြန်လည်ဖယ်ရှားပေးခြင်းတွေ ပါဝင်ပါတယ်။ ဒီဝန်ဆောင်မှုတွေကို နှစ်ပတ်လျှင်တစ်ကြိမ်၊ ဒါမှမဟုတ် လိုအပ်ရင် လိုအပ်သလို ပြုလုပ်ပေးမှာ ဖြစ်ပါတယ်" ဟု ရှင်းပြခဲ့သည်။

ထို့အပြင် motors.com.mm ဝက်ဘ်ဆိုက်ပေါ်တွင် တင်ထားသော Package အသုံးပြုသူများ၏ ကားများကို စိတ်ဝင်စား၍ ဆက်သွယ်လာသူများအား Tele Sales ဝန်ဆောင်မှုမှ တစ်ဆင့် Showroom (သို့မဟုတ်) ရောင်းချသူနှင့် ဖုန်းမှတစ်ဆင့် တိုက်ရိုက်ဆက်သွယ်ပေးခြင်းများလည်း ပါဝင်သည်။ Package အသုံးပြုသူများ တင်ထားသော ကားများကို ဝက်ဘ်ဆိုက်ရှိ Premium Listing တွင် ဖော်ပြပေးမည်ဖြစ်ပြီး အသုံးပြုသူများ ဆန္ဒရှိပါက Featured Listing နှင့် Home Page Listing ဝန်ဆောင်မှုများကိုလည်း ထပ်မံဝယ်ယူ အသုံးပြုနိုင်မည်ဖြစ်သည်။ အခြားအားသာချက်တစ်ခုအနေနှင့် မိမိတို့ရောင်းချလိုသော ကားများ၊ ဖော်ပြလိုသော သတင်းများကို ဝင်ရောက်ကြည့်ရှုသူ ပရိသတ် များပြားလှသော Motors ၏ Facebook Page တွင် Share ပေးမည်ဖြစ်သလို Motors ၏ Media Partner ဖြစ်သည့် ဂျာနယ်များတွင်လည်း ထည့်သွင်းဖော်ပြပေးမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# အရောင်းအဝယ်အေးသထက်အေးလာသော ကားဈေးကွက်

ဩဂုတ်လ တတိယပတ်အခြေအနေမှာ ယခင်ရက်သတ္တပတ်များကဲ့သို့ပင် ကားအရောင်းအဝယ်များ အေးစက်နေကာ ယခုရက်သတ္တပတ်တွင် မေးမြန်းလာသူပင်နည်းပါးသွားကြောင်း ဈေးကွက်သတင်းရပ်ကွက်မှ သိရသည်။

လူအများစောင့်မျှော်နေသည့် ကားတင်သွင်းခွင့်နှင့် ပတ်သက်သည့်မူဝါဒများ (ရန်ကုန်တိုင်းဆိုလျှင် ကားပါကင်ထောက်ခံချက်အပေါ် အစားထိုးမည့် အစီအမံများ) အားသက်ဆိုင်ရာမှ အကြောင်းအရာတစ်စုံတစ်ခု မထုတ်ပြန်သေးသည့်အတွက် ကားဈေးကွက်ရောင်းပန်းဝယ်ပန်းအေးကာ အခြေအနေစောင့်ကြည့်နေကြသည့် သဘောသာဖြစ်နေကြောင်း ဈေးကွက်တွင်းရှိ ဝါရင့်ယာဉ်ဝယ်ရောင်းကိုမြင့်ကျော်က ပြောသည်။

တဖြည်းဖြည်း အဝယ်အေးလာသည့်အတွက် အထွက်စလစ်ကပ်ကားများဖြစ်သော အင်ဂျင်ပါဝါကြီး ကားများ၊ လူသုံးများ စလစ်ကပ်ကားများပင် အဝယ်မရှိတော့ဘဲ မေးမြန်းသူပင် နည်းပါးလာကြောင်း၊ ထို့အတွက် ယခင်လက ယာဉ်အိုယာဉ်ဟောင်း အပ်နှံရာတွင် ဝန်ကပ်ယာဉ်ငယ် ပစ်ကပ်များအား အမျိုးအစားတူသာ ပြန်လည်တင်သွင်း ခွင့်ပေးမည်ဆိုသည့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၏ ကြေညာချက်ထွက်ပြီးစမှာပင် သိန်း ၁၀၀ ကျော် ဈေးပေါက်ခဲ့ပြီး ဝယ်ယူရာတွင်ပင် မလွယ်ကူသည့် စလစ်ဈေးမှာလည်း ယခုအခါအဝယ်မရှိသလောက်ဖြစ်လာ၍ ဈေးတန်းပြန်လည်ကျဆင်းကာ ၉၅ သိန်းခန့်ဖြစ်လာပြီး နှစ် ၂၀ ယာဉ်အိုဟောင်းရုပ်ခံရှိယာဉ်ဆိုလျှင် ကျပ်သိန်း ၉၀ ခန့် ဈေးပြန်လည်ကျဆင်းသွားကြောင်း သိရသည်။

ယခုကဲ့သို့ ဈေးကွက်အတွင်း ကားမျိုးစုံမှာ (အင်ဂျင်ပါဝါကြီး၊ အင်ဂျင်ပါဝင်သေး) ဈေးကွက်အေးစက်နေပြီး အရောင်းအဝယ်မကောင်းသော်လည်း ဈေးမှာမကျဆင်းဘဲ ယခင်ခေါ်ဈေးများသာ တန်းနေပြီး မရှိမဖြစ် အသုံးလို၍ ဝယ်ယူလိုသူများကလည်း အကွာရာတစ်တန်းနိမ့်၊ နှစ်တန်းနိမ့် ကားများကိုသာ ရှာဖွေဝယ်ယူလာကြကြောင်း၊ ထိုထဲတွင် စီအန်ဂျီသုံးအကွာရာနိမ့် အငှားယာဉ် တက္ကစီလေးများနှင့် တစ်လက်ကိုင် နှစ်၂၀ ပေါက်ရုပ်ခံရှိ အပ်ကားစာရင်းဝင် ကားဟောင်းများအား ကျပ်သိန်း ၉၀ မှ သိန်း ၁၀၀ ကြားဝန်းကျင်ဖြင့် ဝယ်ယူစီးနင်းလာကြကြောင်း ဝါရင့်အကျိုးဆောင်များမှ ပြောသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ/ဟာရီယာ(၂၀၀၄) | ယာယီ | ၃၈၀ သိန်း | အမည်ပေါက် |
| ၂။ | အာလ်ဖတ် (၂၀၀၃) | ယာယီ | ၃၂၀ သိန်း | 3.0 ဓာတ်ဆီ |
| ၃။ | ကလူဂျာ(၂၀၀၄) | L | ၃၄၀ သိန်း | 2.4 ဓာတ်ဆီ |
| ၄။ | အာဗီအာ (မစ်ဆူဘီရှိ) (၂၀၁၀) | ယာယီ | ၃၅၀ သိန်း | 1.3 ဓာတ်ဆီ |
| ၅။ | ဟွန်ဒါဖစ် (၂၀၁၃) | ယာယီ | ၁၈၀ သိန်း | နယ်လိုင်စင် 1.3 ဓာတ်ဆီ |
| ၆။ | ရက်တစ် (၂၀၁၂) | ယာယီ | ၁၄၀ သိန်း | နယ်လိုင်စင် 1.5 ဓာတ်ဆီ |
| ၇။ | ပရိုဘောက် (၂၀၁၁) | ယာယီ | ၁၇၀ သိန်း | နယ်လိုင်စင် 1.5 ဓာတ်ဆီ |
| ၈။ | အာအေဗီ (၄) (၂၀၀၃) | ယာယီ | ၂၃၀ သိန်း | 1.8 ဓာတ်ဆီ |
| ၉။ | နွတ်ချ် (၂၀၀၄) | ယာယီ | ၂၄၅ သိန်း | 1.8 ဓာတ်ဆီ |
| ၉။ | အပ်ကား | - | ၈၈ သိန်း | |

# သာပေါင်းမြို့နယ်တွင် ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေး ပို့ကုန်စျေးကွက်ဝင် ချဉ်ပေါင်လျှော်စိုက်ပျိုးမှု နည်းပညာပေးပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပို့ကုန်စျေးကွက်ဝင် စက်မှုကုန်ကြမ်းသီးနှံ ဂုံလျှော်၊ ချဉ်ပေါင်လျှော်များကို လွန်ခဲ့သော ၁၄ နှစ်၊ ၁၅ နှစ် ဝန်းကျင်က တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၀ ခန့်တွင် စိုက်ပျိုးခဲ့ပြီး စိုက်ဧက ၂၀၀၀၀ ဝန်းကျင်ရှိခဲ့ရာ ယခင်က လျှော်ထွက်ရှိချိန်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက အဝယ်ဒိုင်များ ဖွင့်လှစ်ဝယ်ယူ၍ ပြည်တွင်းသုံး ဂုန်နီအိတ်၊ ဂုန်နီကြိုး၊ ဂုန်နီကော်ဇောနှင့် လျှော် အမျိုးအစားခွဲ၍ ထုပ်ပိုးကာ ပြည်ပသို့ တင်ပို့ရောင်းချခဲ့ပါတယ်။

နိုင်ငံတော်မှ လျှော်များ ဝယ်ယူခဲ့ခြင်းမရှိသည့် နောက်ပိုင်း စိုက်ဧကလျော့နည်းသွားကာ ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၄ - ၂၀၁၅ ခုနှစ်မှာလျှော်စိုက်ဧက ၂၀၀၀ ဝန်းကျင်သာ ရှိခဲ့ပြီး ယခု ၂၀၁၆ - ၂၀၁၇ ရာသီမှာ လျှော်စိုက်ဧက ၁၄၀၀ ဝန်းကျင်သာ စိုက်ပျိုးရန် လျာထားထားကြောင်း သိရပါတယ်။

၂၀၁၀ ခုနှစ်မတိုင်မီ သာပေါင်းမြို့နယ်မှာ လျှော်စိုက်ဧက ၅၀၀၀ ခန့်ရှိခဲ့သော် လည်း စျေးကွက်ဝယ်လိုအား အရောင်းအဝယ်အေးသွားချိန် စိုက်ပျိုးထုတ်လုပ်သူ အရေအတွက်မှာလည်း လျော့နည်းသွားပြီး ယခုအချိန်တွင် သာပေါင်းမြို့နယ်မှာ စိုက်ဧက ၁၅၀ ခန့်သာ ကျန်ရှိတော့ကြောင်း သိရပါတယ်။ ယခုအခါ လျှော်ကို ပြည်ပသို့ ပြန်လည် တင်ပို့ရန် သဇင်ဦးကုမ္ပဏီမှ တာဝန်ယူ၍ လျှော်စိုက်တောင်သူများကို မျိုးစေ့နဲ့ လိုအပ်သည်များကို ပံ့ပိုးပေးပြီး တောင်သူများ ဝင်ငွေတိုးပွားလာစေရေး ဆောင်ရွက်ပေးကာ ယခင်ကကဲ့သို့ ပြန်လည်စိုက်ပျိုးနိုင်ရေးနဲ့ ဂုန်လျှော်တစ်ခေတ် ပြန်လည်ဆန်းသစ်လာစေရန် ဆောင်ရွက်လျက်ရှိပါတယ်။ သာပေါင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးကလည်း တောင်သူများအား နည်းပညာပေးပွဲနှင့် မြေဩဇာပက်ဖျန်းခြင်း အခမ်းအနားကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ နောက်ဆုံးပတ်တွင် ပြုလုပ်ရာလျှော်မှာ ပုံမှန်စိုက်ပျိုးလျှင် တစ်ဧက ပိဿာချိန် ၄၀၀-၄၅၀ ထွက်ရှိပြီး သိပ္ပံနည်းကျ စိုက်ပျိုးတတ်လျှင် တစ်ဧက ပိဿာချိန် ၅၀၀-၇၀၀ နီးပါးခန့် ထွက်ရှိနိုင်တဲ့အတွက် တောင်သူများ စနစ်တကျ စိုက်ပျိုးနိုင်ရန်လည်း နည်းပညာပေး ဆွေးနွေးခဲ့ပါတယ်။

နည်းပညာပေးပွဲတွင် သာပေါင်းမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ဒုတိယ ဦးစီးမှူး ဦးထွန်းမင်းလတ်ကလည်း ပြည်ပစျေးကွက်ဝင် ချဉ်ပေါင်လျှော်မှ လျှော်မျှင်၊ စက္ကူပျော့ဖတ်၊ ကော်ဇောနဲ့ အခြားလူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ပြီး ဘေးထွက်ပစ္စည်းများကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ကြောင်း၊ ချဉ်ပေါင်လျှော်ပင်သည် လေထုမှ ကာဗွန်ဒိုင် အောက်ဆိုဒ်ကို အခြားအပင်များထက် နှစ်ဆပိုမိုစုပ်ယူသဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကို အထောက်အကူပြုသော သီးနှံဖြစ်ကြောင်း၊ သာပေါင်းမြို့နယ်၏ ရေမြေသဘာဝ ရာသီဥတုနဲ့ ကိုက်ညီမှုရှိပြီး တိုင်းအတွင်းအချို့မြို့နယ်များတွင် လျှော်ကိုမိုးကြိုစိုက်ပျိုးခြင်းဖြင့် လျှော်၊ စပါး၊ ပဲ တစ်နှစ် နှစ်သီး၊ သုံးသီး စိုက်ပျိုးသည့် တောင်သူများလည်းရှိပြီး ဆွေးနွေးပွဲကို တက်ရောက်လာသူများမှလည်း အခြားတောင်သူများ သိရှိနိုင်ရန် ပြန်လည်သတင်းဖြန့်ဝေပေးစေလိုကြောင်း၊ စျေးကွက် စီးပွားရေးစနစ်နဲ့အညီ ကမ္ဘာ့စျေးကွက်တွင် ပြည်ပပို့ကုန် အလားအလာရှိသော စက်မှုကုန်ကြမ်းသီးနှံလျှော်များကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်၍ ဒေသခံများရဲ့ အကျိုးစီးပွားနဲ့ တိုင်းဒေသကြီးအတွင်း စီးပွားရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နဲ့ ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရန် ဆွေးနွေးပြောကြားခဲ့ကြောင်းသတင်း ရရှိပါတယ်။

**မင်းမင်းဦး**

---

# ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနတွင် Essential Networking System & Security သင်တန်းပို့ချ

ဧရာဝတီတိုင်းဒေသကြီးပုသိမ်ခရိုင်စားသုံးသူ ရေးရာဦးစီးဌာနတွင် ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနနဲ့ ဧရာဝတီလူငယ်တိုးတက်ရေးတို့၏ ဦးဆောင်မှုဖြင့် ITEC သင်တန်းကျောင်းမှ တာဝန်ယူကာ ကွန်ပျူတာ နက်ဝပ်သုံး အဆင့်မြင့် ရုံးစီမံခန့်ခွဲခြင်းဆိုင်ရာနှင့် လုံခြုံရေးဆိုင်ရာ Essential Networking System & Security သင်တန်းကို ဩဂုတ် ၁၃ ရက်မှ ၁၄ ရက်အထိ ခရိုင်အတွင်းရှိဌာနဆိုင်ရာဝန်ထမ်း ၂၅ ဦးအား အခမဲ့သင်ကြားပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ITEC မှ သင်တန်းဆရာ ဦးထွန်းဇံဖြိုးက Introduction to Computer Networking System, Implementing Local Area Network System, Using Networking Tools and Devices, Sharing Devices and Printer, Server & Clients, LAN Network to Internet Network in Practical ဘာသာရပ်များကို စာတွေ့ လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်းသတင်းရရှိပါသည်။

**မောင်ပုသိမ်**

---



# တန်ဖိုးမြှင့်ထုတ်ကုန် မျှစ်ခြောက် ပြုလုပ်ရောင်းချလို့ စျေးကောင်းရ

ကသာခရိုင် မိုးရာသီထွက်ကုန် မျှစ်များကို အဝယ်ဒိုင်များမှ ကုန်ကြမ်းအလိုက်ဝယ်ယူပြီး မန္တလေး ရွှေဘို၊ မုံရွာ မြို့ကြီးများကို တင်ပို့ရောင်းချလျက် ရှိပါတယ်။ ကချင်ပြည်နယ် နယ်စပ် ကျေးရွာများဖြစ်တဲ့ မော်လူးဒေသက ထွက်ရှိတဲ့ မျှစ်များကို မျှစ်အစိုအတိုင်း မရောင်းဘဲ တန်ဖိုးမြှင့်ထုတ်ကုန် မျှစ်ခြောက် ပြုလုပ်ရောင်းချလို့ ပိုမိုအကျိုးအမြတ် ရှိနေတယ်လို့ သိရပါတယ်။

မျှစ်ခြောက်လုပ်ဖို့ အုတ်လိုင်း လုပ်ရပါတယ်။ အုတ်လိုင်းပေါ် သွပ်ပြားတင်၊ သွပ်ပြားအောက်မှာ မီးသွေး သို့မဟုတ် စပါးခွံမီးနဲ့ အပူပေးရပါတယ်။ သွပ်ပြားပေါ် မျှစ်ပြုတ် အမွှာ များတင်ပြီး အခြောက်လှန်းတာ ဖြစ်ပါတယ်။ မျှစ်အစို ၁၀ ပိဿာကို အခြောက် သုံးပိဿာ နီးပါးရပါတယ်။ အစို တစ်ဆယ်ပိဿာက ၃၀၀၀ ကျပ်၊ မျှစ်ခြောက် တစ်ပိဿာ ၄၅၀၀ကျပ် ရောင်းရလို့ အကျိုးအမြတ် ပိုမိုရပါတယ်။ မော်လူးဒေသမှ လုပ်ငန်းရှင် ဆယ်ဦးခန့် တစ်ပိုင်တစ်နိုင် လုပ်ကြတာ ဖြစ်ပါတယ်။ တစ်ရက်ကို ပျမ်းမျှ အခြောက် ငါးပိဿာနီးပါး ပြုလုပ်နိုင်တဲ့အတွက် စုစုပေါင်း ၂၅ ပိဿာ ထုတ်လုပ်နိုင်တယ်လို့ လုပ်ငန်းရှင်တစ်ဦးက ဆိုပါတယ်။

ဒေသထွက်ကုန် တန်ဖိုးမြှင့် မျှစ်ခြောက်များကို မိုးညှင်းအဝယ်ဒိုင်များက ဝယ်ယူလျက်ရှိပြီး အဝယ်ဒိုင် များမှတစ်ဆင့် အခြားမြို့ကြီးများသို့ ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း စျေးကွက်အတွင်းမှ သိရပါတယ်။

**ကြည်နိုင်ဦး (အင်းတော်)**

---

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)စျေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၂-၈-၂၀၁၆ မှ ၂၈-၈-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးတွင် အနုပညာနှင့် ပတ်သက်သောလုပ်ငန်းများအောင်မြင်လိမ့်မည်။ ၎င်းနှင့်ပတ်သက်ပြီးဝင်ငွေများရရှိမည်။ ဂုဏ်သတင်းကျော်စောမည်။ ပညာရေးထူးချွန်မှုအားကောင်းနေမည်။ ကျန်းမာရေးနှင့်ပတ်သက်ပြီး ထိခိုက်ဒဏ်ရာရခြင်း၊ လေကြောင့်ဖြစ်သောဝေဒနာခံစားရမှုရှိနေတတ်ပါသည်။ အချစ်ရေးတွင် ခွဲခွာမှုဝေးကွာနေရမှုများရှိနေတတ်ပါသည်။ အိမ်ထောင်ရေးဘဝ သာယာခိုင်မြဲမှု ရှိနေမည်။ **ယတြာ။ ။ကြက်သွေးနီရောင်- ခဲရောင်ကိုအသုံးပြုပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးအလုပ်အကိုင်တို့သည် တစ်မူထူးခြား ကောင်းမွန်နေတတ်ပါသည်။ ရေထွက်ပစ္စည်းများအကျိုးပေးပါသည်။ ဝန်ထမ်းဖြစ်လျှင် အပြောင်းအရွှေ့များကြုံရတတ်ပါသည်။ ပညာသင်ချိန်တွင် ကြိုးစားပါက အောင်မြင်မှုရလိမ့်မည်။ ကျန်းမာရေးတွင် ရင်ဘတ်၊ အဆုတ်၊ နှလုံး၊ မျက်စိတို့နှင့်ပတ်သက်ပြီး ဝေဒနာခံစားရတတ်သည်။ အိမ်ထောင်ရေး ကံသင့်တင့်မှုရှိနေမည်။ ချစ်ရမည့်သူထဲမှတစ်ယောက်သည် မိမိနှင့် စီးပွားရေးလုပ်ဖော်ကိုင်ဖက်ထဲမှ ဖြစ်နေလိမ့်မည်။ **ယတြာ။ ။အဝါနုရောင်ငွေရောင်အသုံးပြုပါ။**



**အင်္ဂါသားသမီးများအတွက်** လူပေါင်းစုံနှင့် ပေါင်းသင်းဆက်ဆံရမည်။ လျှပ်စစ်ပစ္စည်း၊ ကြေးနီ၊ ဆေးဝါးများနှင့် ပတ်သက်သော စီးပွားရေးအောင်မြင်ဖြစ်ထွန်းလိမ့်မည်။ ပညာကြိုးစားမှုပေါ်မူတည်ပြီး အောင်မြင်မှုရရှိလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ညံ့နေတတ်သည်။ အနေအစားဆင်ခြင်သင့်ပါသည်။ အချစ်ရေးတွင် မမျှော်လင့်သောသူကိုချစ်ရတတ်သည်။ အိမ်ထောင်ရေးတွင် မိသားစုအတွက် ကြိုးစားနေရဆဲဖြစ်ပါသည်။ **ယတြာ။ ။ ပန်းရောင်၊ ပုစွန်ဆီရောင်အသုံးပြုပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်သောငွေကြေးကိစ္စရပ်တို့သည် စုဆောင်းနိုင်မှု မရှိသေးပါ။ ရော်ဘာ၊ အလှကုန်ပစ္စည်း၊ ဖိနပ်ပစ္စည်းတို့နှင့် အကျိုးပေးနေတတ်ပါသည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတိုးနိုင်သည်။ ပညာရေးတွင် အထူးကြိုးစားနေရတတ်သည်။ ကျန်းမာရေးအနေဖြင့် ယားနာ၊ အစာအိမ်လေနာ၊ ကျောက်ကပ်ဝေဒနာတို့ကိုသတိပြုသင့်ပါသည်။ အချစ်ရေးတွင် ပျော်ရွှင်စွာလက်တွဲနိုင်ရန် ဆွေးနွေးတိုင်ပင်နေချိန်ဖြစ်နေတတ်ပါသည်။ **ယတြာ။ ။ စိမ်းပြာရောင်၊ ဖက်ဖူးရောင် ဆောင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးအလုပ်အကိုင်ကောင်းသည်ဟုဆိုသော်လည်း အကျပ်အတည်းအနှောင့်အယှက်အနည်းငယ်တွေ့ရတတ်သည်။ အကျိုးဆောင် လုပ်ငန်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများ အကျိုးပေးပါသည်။ ပညာရေးတွင် များစွာအားသာချက်ရှိနေသည်။ ဉာဏ်အတွေးအခေါ် သွက်လက်မှုရှိနေတတ်ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အသည်းနှင့်ပတ်သက်သောရောဂါ၊ ခန္ဓာကိုယ်ပင်ပန်း၍နွမ်းနယ်သောရောဂါတို့ သတိရှိပါ။ အိမ်ထောင်ရေးတည်မြဲရန် ကြိုးစားသင့်သည်။ **ယတြာ။ ။နက်ပြာရောင်၊ မိုးပြာရောင်ကို အသုံးပြုပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် လောဘကြီးတတ်သည်။ ခရီးသွားလုပ်ငန်း၊ ဟိုတယ်၊ မိုတယ်လုပ်ငန်းများ အကျိုးရှိနေတတ်ပါသည်။ ဝန်ထမ်းဖြစ်လျှင် နာမည်ကောင်းရတတ်ပြီး ရာထူးတိုးရန် မျှော်လင့်ချက်ရှိနေပါသည်။ ပညာရေးတွင် ဖျတ်လတ်သွက်လက်ခြင်းနှင့် ထက်မြက်ခြင်းရှိနေမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အစားအသောက်မှားယွင်းတတ်သည်။ အချစ်ရေးတွင် လေးနက်မှုမထားဖြစ်နေမည်။ အိမ်ထောင်ရေးတွင် လူလွတ်သဘောမျိုးနေထိုင်လိုစိတ်ရှိနေတတ်ပါသည်။ **ယတြာ။ ။ အဝါဖျော့ရောင်၊ အဖြူရောင်ဆောင်ပါ။**



**စနေသားသမီးများအတွက်** အကြီးအကဲများ၏ ကူညီထောက်ပံ့မှုရနေမည်။ ရင်းနှီးမြှုပ်နှံနိုင်သော အခြေအနေရှိမည်။ ဆန်၊ ပဲ၊ ပြောင်း၊ မြေပဲ၊ ဂျုံစသည့် စားသောက်ကုန်လုပ်ငန်းများမှ အကျိုးရှိနေမည်။ ပညာရေးထူးချွန်နိုင်ပါသည်။ ကျန်းမာရေးအနေဖြင့် အစာအိမ်နှင့်ပတ်သက်သောရောဂါ ဖြစ်တတ်သည်။ အချစ်ရေးတွင် တူညီလက်တွဲနိုင်ရန် ပတ်ဝန်းကျင်၏ပံ့ပိုးမှုပေါ် မူတည်နေသလို မျိုးရှိနေတတ်ပါသည်။ **ယတြာ။ ။ ခရမ်းရောင်၊ အနက်ရောင်အသုံးပြုပါ။**

# တရုတ်နိုင်ငံသို့ မြန်မာ့ပျားရည်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ဩဂုတ်လ ဒုတိယပတ် ကာလအတွင်း အမေရိကန်ဒေါ်လာ ၁၇၅၀ တန်ဖိုးရှိ မြန်မာနိုင်ငံထွက်ပျားရည် ၂၄ တန်ခွဲကို တရုတ် နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ဇူလိုင်လအတွင်းက ပျားရည်တင်ပို့မှုမရှိဘဲ ဇွန်လမှာတော့ ၃၆ တန်ခွဲတင်ပို့ ခဲ့တယ်လို့ သိရပါတယ်။

မြန်မာ့ပျားရည်ကို ပြည်တွင်းသုံးစွဲမှုထက် ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့ရကြောင်း၊ ပျားရည်ကို ပြည်တွင်းမှာ ဆေးဝါးအနေနဲ့သာ အသုံးပြုပြီး ပြည်ပနိုင်ငံတွေကတော့ သကြားအစားပျားရည် စားသုံးကြောင်း၊ အအေးပိုင်းနိုင်ငံတွေမှာ ပျားရည်ကို အဓိကထားပြီး သုံးစွဲကြကြောင်း၊ ပျားလုပ်ငန်းဌာနမှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

# ပုသိမ်-ရန်ကုန် အဝေးပြေးကားလမ်းမကြီးတစ်လျှောက် ရေကျော်နေ၍ ကားတန်ဆာခဈေးနှုန်းများ မြင့်တက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ဩဂုတ်လဆန်းပိုင်းက ကားတန်ဆာခ ဆန်တစ်အိတ်လျှင် ၄၀၀ ကျပ်မှ ဩဂုတ်လ (၅၊၆) ရက်မှစ၍ ပုသိမ်-ရန်ကုန် ကားလမ်းမပေါ်တွင် ရေကြီးလျက်ရှိရာ ယခင်တန်ဆာခ ၄၀၀ ကျပ်မှ ၄၅၀-၅၀၀ ကျပ်သို့ တဖြည်းဖြည်း မြင့်တက်လျက် ယခုလက်ရှိအချိန်တွင် ဆန်တစ်အိတ်လျှင် ၆၀၀ ကျပ်နှုန်း မြင့်တက်သွားကြောင်း ပုသိမ်မြို့၊ မြတ်လေးလမ်း ကိုကျော်လွင်ကုန်စည်ပို့ဆောင်ရေးကားဂိတ်မှ ဂိတ်မှူး ဦးကျော်လွင်က ပြောပါတယ်။

ယခုလက်ရှိကုန်ကားအထွက်မှာ ယခင်ကထက် လေးပုံတစ်ပုံခန့်သာထွက်ရှိပြီး ယခင်ကားအစီးရေ ၄၀ ထွက် လျှင် ယခု ၁၀ စီးခန့်သာ ထွက်ရှိကြောင်း၊ ရန်ကုန်သို့ ကုန်စည်များပို့ဆောင်ရာတွင် နှစ်ပတ်လည် ဆန်၊ ဆန်ကွဲ၊ ဖွဲနုနှင့် ပွင့်လင်းရာသီရောက်လျှင် ဒေသထွက် ငါးပိ၊ ငါးခြောက်၊ ဆား၊ အုန်းသား၊ ကြက်စာ၊ ဘဲစာနှင့် အခြားကုန်စည်တို့ကို တင်ပို့လျက်ရှိပြီး ရန်ကုန်စော်ဘွားကြီးကုန်းမှ အိမ်ဆောက်ပစ္စည်း၊ အိမ်အလှဆင်ပစ္စည်းများ ၊ ဘိလပ်မြေနှင့် သံချောင်းများ၊ သီရိမင်္ဂလာဈေးမှ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ဘုရင့်နောင်ပွဲရုံမှ စားဖိုဆောင်သုံးသီးနှံများဖြစ်သော ငရုတ်၊ ကြက်သွန်၊ အာလူး၊ ဆီ၊ မုန့်မျိုးစုံနှင့် အခြားကုန်စည်များ၊ မင်္ဂလာဈေးမှ အလှကုန်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများကို ကားအသေး ဒိုင်နာ ၁၂ ပေ၊ ကုန် (၅-၆) တန်၊ ကားအလတ် ၂၀ ပေ ၊ ကုန်တန်ချိန် (၉-၁၁) တန်နှင့် ကားအကြီး ၁၀ ဘီး၊ ၁၂ ဘီးကား ၃၂ ပေ၊ ၁၆ တန်အောက် ကားများနှင့် ရန်ကုန်-ပုသိမ် အဓိက သယ်ယူပို့ဆောင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားပါတယ်။

ယခုလိုရေကြီးချိန် ကားအင်ဂျင်ပိုင်းနှင့် ဘရိတ်ပိုင်းများ ထိခိုက်မှုရှိပြီး လက်ရှိတွင် ကားသုံးစီး အင်ဂျင်အတွင်း ရေဝင်သွားကြောင်း လက်ရှိကုန်စည်တင်ဆောင်ရာတွင် ပုံမှန်ထက်တင်လိုအား လျော့တင်ပြီး ကားကြမ်းခင်းသို့ ရေမဝင်အောင် တင်ဆောင်သွားလာလျက်ရှိကြောင်း ရေပြန်ကျချိန် လမ်းပျက်စီးထိခိုက်မှုအပေါ် မူတည်၍လည်း ကားတန်ဆာခဈေးနှုန်းများ ဆက်လက်မြင့်တက်နိုင်ကြောင်း ကားဂိတ်မှူးက ထပ်မံပြောကြားပါတယ်။ **မင်းမင်းဦး**

# မြဝတီကုန်သွယ်ရေးဇုန်တွင် အွန်လိုင်းမှတစ်ဆင့် လိုင်စင်လျှောက်ထားနိုင်ပြီ

မြဝတီကုန်သွယ်ရေးဇုန်တွင် အွန်လိုင်းမှတစ်ဆင့် လိုင်စင် လျှောက်ထားခြင်းစနစ် (Fully Online Licensing System) ကို ဩဂုတ်လအတွင်းမှစတင်၍ ကျင့်သုံးတော့မည်ဖြစ်ကြောင်း မြဝတီကုန်သွယ်ရေးဇုန်၏ ဇူလိုင် ၂၉ရက်က ကျင်းပခဲ့သည့် ကုန်သွယ်မှုမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါ အွန်လိုင်းမှ လိုင်စင်လျှောက်ထားခြင်းစနစ်ကို အပြည့်အဝ ကျင့်သုံးနိုင်ရန်အတွက် မှတ်ပုံတင်ပြုလုပ်ခြင်းနှင့် e-Token ရောင်းချခြင်း လုပ်ငန်းရပ်များကို ဩဂုတ်လအတွင်း မြဝတီကုန်သွယ်ရေးဇုန်တွင် စတင်ပြုလုပ်နိုင်ရန်အတွက် နေပြည်တော်ရှိ ကုန်သွယ်ရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် မကြာမီတွင် မြဝတီကုန်သွယ်ရေးဇုန်မှ တင်ပို့တင်သွင်းမည့် ကုန်ပစ္စည်းများအတွက် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် သွားရောက်၍ လိုင်စင်လျှောက်ထားရန်မလိုတော့ဘဲ မြဝတီမြို့၌ပင် မှတ်ပုံတင်ပြုလုပ်နိုင်တော့မည်ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ် ဇွန်လမှစတင်၍ Fully Online Licensing System ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပထမအဆင့်အနေဖြင့် ပို့ကုန်ပစ္စည်း ၂၈ မျိုး၊ သွင်းကုန်ပစ္စည်း ၁၅မျိုး၊ စုစုပေါင်း ၄၃ မျိုးတို့အား ဇွန်လ ၇ရက်မှ စတင်ကာ အွန်လိုင်းအသုံးပြု၍ လျှောက်ထားခွင့်ပြုခဲ့သည်။ CMP များကို ဇူလိုင်လအတွင်းက အွန်လိုင်းစနစ်ဖြင့် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရှိရ ပါသည်။

အဆိုပါ Fully Online Licensing System နှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တရားဝင်ဝက်ဘ်ဆိုဒ်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ခင်မိုးသူ**

# မုံရွာဆီထွက်သီးနှံဈေးကွက် ပြည်ပဝယ်လက်ပါးလို့ ဈေးငြိမ်

မုံရွာကုန်စည်ဒိုင် ဩဂုတ်လ ဒုတိယပတ် ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲလုံးဆန်အနေနဲ့ နယ်အဝင်ပါးလို့ ပစ္စည်းလက်ကျန်နည်း၊ ပစ္စည်းကောင်းလည်း နည်းတဲ့အတွက် တရုတ်ဝယ်လက် ပါးသွားခဲ့တယ်လို့ ဈေးကွက်မှ သိရပါတယ်။ ယခုတစ်ပတ်အတွင်း မြေပဲလုံးဆန် (နီ) တစ်ပိဿာ ၂၆၅၀ ကျပ်၊ လုံးဆန် (ဖြူ) တစ်ပိဿာ ၂၆၀၀ ကျပ်နဲ့ ဆီဆန်တစ်ပိဿာ ၂၁၂၅ ကျပ်အထိ ဈေးအမြင့်ဆုံးပေါက်ခဲ့ပြီး၊ ဒေသတွင်း ဆားလှော်သမားနဲ့ လက်လီပုံမှန် ဝယ်လိုအားရှိလို့ တစ်ရက်တင်း ၃၀၀ မှ ၅၀၀အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တရုတ်ဝယ်လက်က တစ်ရက် အိတ် ၁၅၀ခန့် ရှိခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။ ဆီဆန်ကတော့ ဝယ်လိုအား ကောင်းကာ တစ်ရက် အိတ် ၃၀၀၀ ခန့် ဖြစ်ခဲ့ပြီး၊ လိုအပ်ချက်အရ မန္တလေးက ဆွဲဝယ်ခဲ့ကြတယ်လို့ သိရပါတယ်။

ယခုတစ်ပတ် နှမ်းဈေးကွက်မှာတော့ တရုတ် ဝယ်လက် အဆွဲရှိလို့ နှမ်းနက်ဈေး အနည်းငယ်မာခဲ့ ရာ တစ်တင်း ၅၁၅၀၀ ကျပ်အထိ အမြင့်ဆုံးပေါက်ခဲ့ပြီး၊ တစ်ရက် အိတ် ၃၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ တယ်လို့ သိရပါတယ်။ နှမ်းဖြူကတော့ တစ်တင်း ကျပ် ၃၁၅၀၀ ထိ အမြင့်ဆုံးပေါက်ပြီး တစ်ရက် အိတ် ၁၀၀ခန့်နဲ့ နှမ်းညို တစ်တင်း ကျပ် ၂၅၀၀၀ ဝန်းကျင် ပေါက်ပြီး၊ အိတ် ၂၀၀ ခန့် အရောင်းအဝယ် အသီးသီးဖြစ်ခဲ့တယ်လို့ မုံရွာ ကုန်စည်ဒိုင်ရပ်ကွက်က သိရပါတယ်။ **ထွန်းလှိုင် (မုံရွာ)**



# မြို့ကြီးများ၏ ၂၂-၈- ၂၀၁၆ မှ ၂၆-၈- ၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၂-၈-၂၀၁၆) | အင်္ဂါ(၂၃-၈-၂၀၁၆) | ဗုဒ္ဓဟူး(၂၄-၈-၂၀၁၆) | ကြာသပတေး(၂၅-၈-၂၀၁၆) | သောကြာ(၂၆-၈-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၄၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | ၄၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F |
| ရန်ကုန်မြို့ | ၆၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | ၄၀% ၃၂°C/၈၉°F | ၅၀% ၃၁°C/၈၇°F | ၆၀% ၃၀°C/၈၆°F |
| မန္တလေးမြို့ | ၆၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | ၅၀% ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | ၈၀% ၃၂°C/၉၀°F |
| မြစ်ကြီးနား | တိမ်ထူထပ် ၃၂°C/၈၉°F | တိမ်ထူထပ် ၃၂°C/၉၀°F | ၅၀% ၃၂°C/၉၀°F | ၈၀% ၃၃°C/၉၁°F | ၅၀% ၃၃°C/၉၂°F |
| လားရှိုး | တိမ်အသင့်အတင့် ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F | ၇၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| ကျိုင်းတုံ | တိမ်အသင့်အတင့် ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F | ၇၀% ၂၉°C/၈၄°F | ၆၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F |
| လွိုင်ကော် | ၃၀% ၂၇°C/၈၁°F | တိမ်ထူထပ် ၂၉°C/၈၄°F | ၅၀% ၂၇°C/၈၁°F | ၆၀% ၂၇°C/၈၁°F | ၈၀% ၂၆°C/၇၉°F |
| တောင်ကြီး | ၄၀% ၂၃°C/၇၃°F | ၄၀% ၂၃°C/၇၄°F | ၈၀% ၂၃°C/၇၄°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၃°C/၇၃°F |
| မော်လမြိုင် | ၃၀% ၃၁°C/၈၇°F | ၄၀% ၃၁°C/၈၈°F | ၆၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| ဘားအံ | ၅၀% ၃၁°C/၈၈°F | ၅၀% ၃၂°C/၈၉°F | ၆၀% ၃၁°C/၈၇°F | ၅၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| တောင်ငူ | ၄၀% ၃၁°C/၈၈°F | တိမ်ထူထပ် ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F |
| မုံရွာ | ၆၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | ၅၀% ၃၃°C/၉၁°F | ၆၀% ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၁°F |
| ပုသိမ် | ၅၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | နေသာ ၃၁°C/၈၈°F | ၅၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F |
| မြိတ် | ၆၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၅°F | ၆၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| စစ်တွေ | ၆၀% ၂၈°C/၈၃°F | တိမ်အသင့်အတင့် ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | တိမ်ထူထပ် ၃၀°C/၈၆°F |
| ပခုက္ကူ | ၅၀% ၃၂°C/၈၉°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | ၅၀% ၃၂°C/၉၀°F | ၆၀% ၃၂°C/၈၉°F |
| ဖလမ်း | ၅၀% ၂၂°C/၇၁°F | ၄၀% ၂၄°C/၇၆°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၄°C/၇၅°F |

## မော်စကိုမြို့တွင် နှစ်ပေါင်း ၁၂၉ နှစ်အတွင်း စံချိန်တင်မိုးရွာသွန်းခဲ့

ရုရှားနိုင်ငံ၊ မြို့တော် မော်စကိုတွင် ဩဂုတ် ၁၅ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ရာ နှစ်ပေါင်း ၁၂၉နှစ်အတွင်း စံချိန်တင်မိုးရွာသွန်းမှုအဖြစ် ရပ်တည်ခဲ့ကြောင်း NDTV သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ဩဂုတ် ၁၅ ရက်တစ်ရက်အတွင်း ရွာသွန်းခဲ့သည့်မိုးရေချိန်သည် ၄၈ မီလီလီတာကျော်ရှိခဲ့ရာ နှစ်ပေါင်း ၁၂၉ နှစ်အတွင်း ရွာသွန်းခဲ့သည့်မိုးရေချိန်များအနက် အများဆုံး မိုးရေချိန်ဖြစ်သည်ဟုဆိုသည်။

၁၈၈၇ ခုနှစ်က မော်စကိုမြို့ပေါ်တွင် အများဆုံးရွာသွန်းခဲ့သည့် မိုးရေချိန်သည် ၂၅ ဒသမ ၂ မီလီမီတာရှိခဲ့သဖြင့် ယခုရွာသွန်းခဲ့သည့် မိုးရေချိန်သည် အများဆုံးပင်ဖြစ်သည်ဟုဆိုသည်။

“အခု ဩဂုတ်လလယ်မှာရွာသွန်းတဲ့ မိုးရေချိန်ကတော့ တကယ့်ကို စံချိန်တင်လောက်ပါတယ်”ဟု ရုရှားနိုင်ငံ မိုးလေဝသဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မော်စကိုမြို့ရှိ Moskva မြစ်တွင် မြစ်ရေများမြင့်တက်လာကာ မြစ်ကမ်းနားတွင်နေထိုင်ကြသည့် နေအိမ်များမှာ ရေလွှမ်းမိုးမှုများ ခံစားခဲ့ရသည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မော်စကိုမြို့တောင်ပိုင်းတွင် ရုတ်တရက် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ရာ ကိုယ်ပိုင်ကားများနှင့် ဘတ်စ်ကားများပေါ်တွင် ပိတ်မိနေသည့် ပြည်သူ ၈၀ ကျော်အား ကယ်ဆယ်ခဲ့ရကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

မိုးရွာသွန်းမှုသည် ရုရှားနိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင်ပါဖြစ်ပေါ်ခဲ့ပြီး နှစ်ရက်တိုင်ရွာသွန်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ရာ နေအိမ်ပေါင်း ၂၀၀ကျော် ရေလွှမ်းမိုးခံခဲ့ရကြောင်း၊ လူသေဆုံး ပျောက်ဆုံးမှုများ မရှိခဲ့သော်လည်း အရေးပေါ်ဝန်ကြီးဌာနအနေဖြင့် ကူညီကယ်ဆယ်ရေးလုပ် ငန်းများနှင့် မြို့တော်သန့်ရှင်းရေးလုပ်ငန်းများကို လုပ်ဆောင်ရန် လုပ်အားပေး ဝန်ထမ်းပေါင်း ၁၂၀၀ကျော်ကို စေလွှတ်ထားသည်ဟု ဆိုသည်။

**မယ်သီတာ**



## တိုင်ဖွန်း ဒီနာမူကြောင့် ဗီယက်နမ်နိုင်ငံတွင် ခရီးစဉ် ထောင်ပေါင်းများစွာအား ဖျက်သိမ်း

တောင်တရုတ်ပင်လယ်တွင်ဖြစ် ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းသည် အင်အားပြင်းထန်သည့် မုန်တိုင်းတစ်ခုအဖြစ် ဖြစ်ပေါ်လာနိုင်ကြောင်း နာဆာ၏ပေးပို့ချက်တွင် ဖော်ပြထားသည်။

အဆိုပါမုန်တိုင်းဒီနာမူသည် ဗီယက်နမ်နိုင်ငံကို ဖြတ်သန်းတိုက်ခိုက်မည်ဟု အဆိုပါခန့်မှန်းချက်၌ဖော်ပြထားရာ ဗီယက်နမ်နိုင်ငံအတွင်းရှိ ပြည်တွင်း၊ ပြည်ပခရီးစဉ်များအားလုံးကို ဖျက်သိမ်းခဲ့ကြောင်း ဗီယက်နမ်အိတ်စ်ပရက်စ်သတင်းတွင် ဖော်ပြထားသည်။

မုန်တိုင်း ဒီနာမူသည် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသများသို့ ဦးတည်လျက်ရှိသဖြင့် မြောက်ပိုင်းဒေသသို့သွားမည့် ခရီးစဉ်များအားလုံးကို ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်ဟု သတင်းတွင် ဖော်ပြထားသည်။

အထူးသဖြင့် ဗီယက်နမ်နိုင်ငံ၏ အထင်ရှားဆုံးသောခရီးစဉ်တစ်ခုဖြစ်သည့် Ha Long Bay သို့သွားသည့် ခရီးစဉ်များကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။ ယင်း Ha Long Bay သည် ဗီယက်နမ်နိုင်ငံ၏ မြို့တော်ဖြစ်သည် ဟနွိုင်းမြို့၏အရှေ့မြောက်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာတွင်ရှိသည့် ပင်လယ်ကွေ့တစ်ခုဖြစ်ကြောင်း သိရသည်။

အင်အားပြင်း မုန်တိုင်းဖြစ်သည့် ဒီနာမူကြောင့် လာအိုနှင့် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး ဩဂုတ် ၂၂ ရက်အထိ မိုးဆက်လက်ရွာသွန်းနိုင်ကြောင်း၊ ယခုတစ်ပတ်အတွင်း မိုးရွာသွန်းမှုမှာ မိုးရေချိန် ၁၂ လက်မအထိ ရွာသွန်းခဲ့ကြောင်း၊ မိုးရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိကြောင်း ACCU Weather တွင် ဖော်ပြထားသည်။

အဆိုပါမုန်တိုင်း ဒီနာမူသည် လာအိုနှင့် ဗီယက်နမ်နိုင်ငံတွင်းသို့ ဖြတ်သန်းတိုက်ခတ်ပြီးနောက် မြန်မာနိုင်ငံတွင်းသို့ ဖြတ်သန်းသွားမည်ဖြစ်ကြောင်း၊ ထို့မှတစ်ဆင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းအထိ တိုက်ခတ်သွားနိုင်ကြောင်း ACCU Weather တွင် ဖော်ပြထားသည်။

ယင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ဗီယက်နမ်နိုင်ငံတွင် တစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ စိုက်ပျိုးဟင်းသီးဟင်းရွက်နှင့် သစ်ခွပန်းစိုက်ခင်း ဟက်တာပေါင်း ၅၉ ဟက်တာကျော် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း Thanh Nien News တွင် ဖော်ပြထားသည်။ **မယ်သီတာ**

# ဓာတုပစ္စည်းများဖြင့် ပြုလုပ်ထားသည့် အစားအစာများကို ရှောင်ကြဉ်ကြပါစို့

ဒေါက်တာလပြည့်ခင်

အစားအသောက်တို့တွင် အနံ့ (Odour) မွှေးမွှေးကောင်းကောင်း ကြိုက်သူများအတွက် ဥပမာအားဖြင့် အရက်တွင် (Essence of Rum) ထည့်ခြင်း၊ ဝီစကီတွင် (Essence of Whisky) ထည့်ခြင်း၊ အရက်ချက်သည့်အခါတွင် ဖားပြုတ်ထည့်ခြင်း၊ ဖိနပ်တာယာများ ထည့်ခြင်း၊ မှိုတက်ပြီး အချဉ်ဖောက် (Fermentation) မြန်စေရန် အတွက် ဘက်တီးရီးယားပိုးမွှားများက Cyanide အဖြစ် ပြောင်းပေးနိုင်သည့် ယူရီးယားဓာတ်မြေဩဇာ (Urea Fertilizer) ထည့်ခြင်း၊ နှစ်သက် သုံးသက်အထိ သေစေနိုင်သည့် အင်ဒရင်းပိုးသတ်ဆေး (Endrin Pesticide) နှင့် ကင်ဆာဖြစ်စေသည့် ဆေးရွက်ကြီးတို့ကို ထည့်သွင်း ချက်လုပ် လာကြပါသည်။ ထိုနည်းတူစွာ မြန်မာလူမျိုးများ စွဲလမ်းနှစ်ခြိုက်စွာ စားသုံးလေ့ရှိသည့် ငါးပိပြုလုပ်ရာတွင်လည်း ငါးအရိုးဆွေးမြည့်စေရန် ဓာတ်မြေဩဇာများ ထည့်သွင်းထားကြောင်း စာစောင်များတွင် ဖတ်နေရပါသည်။ မကြားဝံ့မနာသာ ကိစ္စများ ဖြစ်ပါသည်။

တာရှည်ခံဓာတုဆေး၊ ကော်ဖီအနံ့နှင့် အုန်းသီးခွံ၊ ပဲနီစေ့ အမှုန့်များ ပါဝင်သော ကော်ဖီမစ်များ၊ အရောင်ချွတ်ထားသော အစားအသောက်များ၊ ဆိုးဆေးအသုံးပြုထားသော အစားအသောက်များ၊ ဓာတုဟော်မုန်းဆေး အသုံးပြုထားသော မုန်လာဥ၊ ပဲပင်ပေါက်၊ ပိုးသတ်ဆေးပြင်း သုံးထားသော ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်၊ မုန်ညင်းထုပ်များတွင် ပိုးသတ်ဆေးအကြွင်းအကျန်များ၊ ဆေးဖျန်း၍ မှည့်အောင်ပြုလုပ်ထားသော အသီးများ၊ ဗီဇပြုပြင်ထားသော အသီးများ၊ ပဲဆီ၊ နှမ်း ဆီအတုများ၊ အချဉ်ရည်အသုံးပြုထားသော အကင်များနှင့် အသုပ်စုံများသည် စားသုံးသူများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသော အစားအစာများ ဖြစ်ပါသည်။ မြန်မာ့ရိုးရာစားစရာတစ်မယ်ဖြစ်သော မုန့်ဟင်းခါးဟင်းရည်နှင့် တွဲဖက်စားသုံးရသည့် မုန့်ဟင်းခါးဖတ်တွင် လူသေကောင် မပုပ်မသိုးစေရန် သုံးရသည့် ဖော်မလင်နှင့် ဖော်မယ်ဒီဟိုက် ဓာတုပစ္စည်းများကို တွေ့ရှိရကြောင်း ကြားသိနေရပါသည်။

မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (Food and Drug Administration - FDA) နှင့် စားသုံးသူ ကာကွယ်ရေးအသင်းတို့ပူးပေါင်း၍ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း Sudan III, Orange II, Rhodamine B နှင့် Auramine O ကဲ့သို့ ခွင့်မပြုအစာဆိုးဆေးများပါဝင်သည့် အရောင်တင်မှုန့်၊ ငရုတ်သီးမှုန့်ကဲ့သို့သော မီးဖိုချောင်သုံးစားသုံးကုန်များကိုလည်းကောင်း၊ ခေါက်ဆွဲခြောက်တွင် ပါဝင်သည့် Borax ကိုလည်းကောင်း၊ ဆီတို့ဟူးတွင် ထည့်သွင်းထားသည့် Salicylic Acid ကိုလည်းကောင်း၊ Sudan III, Orange II နှင့် Rhodamine B တို့ပါဝင်သည့် လက်ဖက်၊ ဝေဖာ၊ တော်ဖီ၊ အချိုရည်၊ သွားရေစာမုန့်ထုပ်၊ ငါးအသားပြား၊ အချဉ်ထုပ်အမျိုးမျိုးနှင့် အချိုရည် စသည့် ကလေးစားစရာ မုန့်အမျိုးပေါင်း ၁၀၂ခုတို့ကို ပိတ်ပင်တားမြစ်ခဲ့ပါသည်။ သတ်မှတ်ထားသည့် သောက်ရေသန့် စံချိန်စံနှုန်းများနှင့် မကိုက်ညီသည့် ရေသန့်တံဆိပ် ၇၈ မျိုးတို့ကို ဘေးကင်းလုံခြုံမှုမရှိသော သောက်ရေသန့်များအဖြစ် လည်းကောင်း၊ မြေပဲဆီအမည် တံဆိပ်ကပ်ဆီထဲတွင် တံဆိပ်အမှတ်အသား မပါသည့် စားအုန်းဆီများ ရောနှောထားသဖြင့် အရည်အသွေး မပြည့်မီသော စားသုံးဆီ ၂၈မျိုးတို့ကို ကြေညာခဲ့ပါသည်။ ထို့အပြင် မှတ်ပုံတင်ထားခြင်း မရှိသည့်ဆေးဝါး ၅၆ မျိုး၊ ဆေးဝါးအတုများ၊ ရက်လွန် ဆေးဝါး သုံးမျိုးတို့ကိုလည်း သုံးစွဲခြင်းမပြုရန် နိုင်ငံပိုင်သတင်းစာများတွင် သတိပေးချက်များ ထုတ်ပြန်ကြေညာပေးခဲ့ပါသည်။

နောက်တစ်ချက်မှာ စစ်ဆေးရေးကို လှည့်စားရန်အတွက် ဖြစ်ပါသည်။ တားမြစ်ဆိုးဆေးနှင့် ကင်ဆာဖြစ်စေသော တာရှည်ခံဆေးများပါဝင်သည့် အချိုရည်နှင့် ဂျယ်လီများ၊ တရုတ်နို့မှုန့်နှင့် မုန့် အမျိုးမျိုးတို့ဖြစ်သည်။ နို့မှုန့်တွင် ပါဝင်သော မယ်လမင်းဓာတ်ကို စစ်ဆေးရာတွင် မယ်လမင်းတွင် ပါဝင် သော ပရိုတင်းဓာတ် (Protein)ပါဝင်မှု အချိုးအစားကို စစ်ဆေးခြင်းဖြစ်ရာ ယင်းပရိုတင်းထဲတွင် ပါဝင်သော နိုက်ထရိုဂျင် (Nitrogen) ဓာတ်ကို အဓိကတိုင်းတာ စစ်ဆေးခြင်း ဖြစ်ပါသည်။ ယင်း Nitrogen မှာလည်း ပါသင့်သည်ထက် ပိုမိုပါဝင်လျှင် ကင်ဆာရောဂါကို ဖြစ်ပွားစေနိုင်ပါသည်။

နောက်တစ်ချက်မှာ အစားအစာများ၏ပါဝင်မှု (Composition)၊ ဖွဲ့စည်းမှု (Structure)၊ အဏုဇီဝပိုးအမျိုးအစား (Type of Micro-organism) နှင့် သိုလှောင်သိမ်းဆည်းမှု အခြေအနေ (Condition of Storage) တို့အပေါ် မူတည်ပြီး ပျက်စီးစေနိုင်သောကြောင့် အစားအစာများကို တာရှည်အထားခံနိုင်စေရန် အအေးခံခြင်းနှင့် အေးခဲခြင်း (Cooling & Freezing)၊ စည်သွပ်ခြင်း (Canning)၊ အခြောက်ခံခြင်းနှင့် ရေဖယ်ထုတ်ခြင်း (Drying & Dehydration)၊ သကြားရည်ပျစ်ပြုလုပ်ခြင်း (As Sugar Concentrate)၊ အချဉ်ဖောက်ခြင်း (Fermentation)၊ ရောင်ခြည်ပြခြင်း (Irradiation) နှင့် ဓာတု ပစ္စည်းများဖြစ်သည့် Acetic Acid, Benzoic Acid, Sorbic Acid, Propionic Acid, Sulphur Dioxide နှင့် ၎င်းတို့၏ ဓာတ်ဆားများ ဖြစ်သည့် Nitrate, Nitrite များထည့်ခြင်းတို့ဖြင့် ပြုလုပ်ကြပါသည်။

ထို့ပြင် လူသုံးများသည့် မုန့်ဟင်းခါးဖတ်၊ ပဲပြား၊ နွားနို့နှင့် ချက်နို့ဆီတို့တွင် လူသေကို မပုပ်သိုးစေရန်ထည့်သော Formaldehyde ဟုခေါ်သည့် ဖော်မလင် (Formalin) ထည့်ခြင်း၊ မုန့်ဟင်းခါးတွင် လက်ချား (Borax) ထည့်ခြင်းနှင့် ဆီပါသော အစားအစာများတွင် လေထဲရှိ အောက်စီဂျင် (Oxygen) နှင့်ထိတွေ့ပါက ဓာတ်တိုးပြီး (Oxidation) ဆီချေးနံ့ကို ဖြစ်ပေါ်စေသည့်အတွက် ယင်းဓာတ်တိုးမှုကို ဆန့်ကျင်သော Antioxidant များနှင့် ပဋိဇီဝဆေးများ Antibiotic ထည့်သွင်း၍ အစားအစာများကို မပုပ်မသိုး မဆွေးမြေ့စေဘဲ တာရှည်အထားခံနိုင်အောင် အမျိုးမျိုးပြုပြင် ဖန်တီးလာကြသည်နှင့်အမျှ ဓာတု ပစ္စည်းများ၏ အန္တရာယ်ကြောင့် ဖြစ်ပွားသည့် ရောဂါဘယပေါင်းစုံမှာလည်း တစ်နေ့တခြား တိုးလျက်ရှိနေပါသည်။

ထို့ကြောင့် မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကို စားသုံးရာတွင် ဓာတုပစ္စည်းအန္တရာယ် ကင်းရှင်းစေရန် အတွက် သတိပေးလိုသည်မှာ ဂေါ်ဖီထုပ်၊ မုန်လာပန်းပွင့်ကဲ့သို့ အထပ်အထပ်ပါသော အရွက်များနှင့် ပန်းသီး၊ စပျစ်သီးကဲ့သို့ သီးနှံများကိုစားသုံးမည်ဆိုပါက ၎င်းတို့ကို အိမ်သုံးဟင်းခတ်ဆားဖြင့် အချိန်အနည်းငယ်စိမ်၍ဆေးကြောခြင်း၊ အချို့က အခွံမခွာဘဲ အလုံးလိုက်စားလေ့ရှိရာ အန္တရာယ်ကို ဝယ်ယူသလို ဖြစ်စေသောကြောင့် အသီးအနှံများကို အခွံခွာ၍ ရေစင်အောင်ဆေးကြောပြီးမှသာ စားသင့်ပါသည်။ ထို့ပြင် နေ့စဉ်သုံး ဟင်းသီးဟင်းရွက်များကို အစိမ်းစားခြင်းထက် ရေနွေးဖြင့်ပြုတ်၍ စားခြင်းဖြင့် အစားအစာတွင် ပါနိုင်သော အော်ဂါနိုဖော့စပရပ်စ် (Organophosphrous) ပိုးသတ်ဆေး ဓာတ်ကြွင်းများကို လျှော့ချနိုင်စေပါသည်။ Organophosphrous ပိုးသတ်ဆေးဓာတ်ကြွင်းများကြောင့် မျက်စိဝေဝါးခြင်း၊ ခေါင်းကိုက်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ တက်ခြင်း၊ ပျို့အန်ခြင်းတို့ ခံစားရစေနိုင်ပါသည်။

နောက်ဆုံးအချက်အနေဖြင့် ဉာဏ်များသော မိမိတို့လူမျိုးများ လုပ်လေ့ရှိသည့် စရိုက်တစ်ခုကိုလည်း တစ်လက်စတည်း ထည့်သွင်းပြောကြားလိုပါသည်။ စားသောက်ကုန်ပစ္စည်းများ အလေးချိန် တိုးလာစေရန်အတွက် ပြုလုပ်နည်းများဖြစ်သည်။ ဥပမာအားဖြင့် နွားနို့ကိုရေရောရာတွင် သိပ်သည်းဆ များစေရန် ဆားထည့်ခြင်း၊ မျှင်ငါးပိကို အလေးချိန်တိုးစေရန် ကော် (Starch) ထည့်သွင်းခြင်း၊ တန်ဖိုးကြီးသော ထောပတ်ထဲသို့ တန်ဖိုးနည်းသော ဟင်းသီးဟင်းရွက်ဆီခဲရောခြင်း၊ သကြားတွင် ဆေးသကြား ရောခြင်း၊ ရှာလကာရည်တွင် အက်ဆစ်ရောခြင်း၊ လက်ဖက်ခြောက်တွင် အခြားအရွက်ခြောက်များ




ရောခြင်းတို့ဖြင့် မူလအလေးချိန်ထက် တိုးပွားလာစေပါသည်။

သို့ဖြစ်ရာ ပြည်တွင်းရှိ စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံ လိုအပ်ချက်များ ဖြစ်သည့် ဘေးအန္တရာယ်ကင်းပြီး (Hazard-free) အာဟာရတန်ဖိုး (Nutritional Value) နှင့် ပြည့်စုံသည်ဟု စားသုံးသူများ ယုံကြည်လာစေရန်၊ မြန်မာ့စားသောက်ကုန်များ နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေးများနှင့် ကိုက်ညီပြီး ပြည်ပသို့ အလွယ်တကူ တင်ပို့ရောင်းချနိုင်စေရန်၊ စားသုံးသူအကာအကွယ်ပေးရေး နည်းဥပဒေ (Consumer Protection Law) အမြန်ဆုံး အကောင်အထည်ပေါ်လာပြီး စားသုံးသူများအား ထိထိရောက်ရောက် စနစ်တကျ ကာကွယ်ပေးရန်၊ ၂၀၁၈ ခုနှစ်တွင် ဖြစ်ပေါ်လာ မည့် အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသ (AFTA) တွင် ယှဉ်ပြိုင်ရောင်းချနိုင်ရန်အတွက် နိုင်ငံတော်ပိုင်းမှ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ၊ နိုင်ငံတကာ အသိအမှတ်ပြုအဆင့် (ISO 17025) ရောက်သည်အထိ စံချိန်စံညွှန်းဓာတ်ခွဲခန်းများ ထူထောင်ပေးကာ စားသောက်ကုန် အရည်အသွေး ပြည့်ဝခြင်း ရှိ/မရှိ အလွယ်တကူ စစ်ဆေးနိုင်ရန် စီမံဆောင်ရွက်ပေးပြီး အန္တရာယ်ကင်းရှင်းသော စားသောက်ကုန်ဖြစ်ကြောင်း သိရှိနိုင်ရန် အစားအသောက် အရည်အသွေးတံဆိပ် (Food Quality Mark) အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် စားသုံးသူများအနေဖြင့် စားသောက်ကုန် ထုပ်ပိုးပစ္စည်းအပေါ် ဖော်ပြချက်များဖတ်ရှုပြီး စိတ်ကျေနပ်မှ ဝယ်ယူစားသုံးသည့် အလေ့အကျင့် အားနည်းခြင်းကြောင့် စားသောက်ကုန် ထုပ်ပိုးပစ္စည်းပေါ်တွင် ရေးသားချက်စံချိန်စံညွှန်း (Food Labeling Standard) များ၊ ထုတ်လုပ်သည့် နေ့စွဲ (Manufacturing Date) နှင့် နောက်ဆုံးသုံးစွဲရမည့်နေ့စွဲ (Expiry Date)၊ ထုတ်လုပ်သူ၏ လိပ်စာ သို့မဟုတ် ဖြန့်ဖြူးရောင်းချသူ၏ လိပ်စာတို့ကို မြန်မာစာဖြင့်ဖြစ်စေ (သို့မဟုတ်) မြန်မာစာနှင့် အင်္ဂလိပ်စာတွဲဖက်၍ဖြစ်စေ ဖော်ပြပေးရန်အတွက် လေ့ကျင့်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

ထို့နောက် နိုင်ငံတော်ပိုင်းမှ ကြီးကြပ်၍ စားသောက်ကုန် သန့်ရှင်းစင်ကြယ်ရေး သင်တန်း (Food Sanitation Training) များ စနစ်တကျ ဖွင့်လှစ်သင်ကြားပေးပြီး ထိုသူများပါမှသာ စားသောက်ကုန်လုပ်ငန်းအသစ်များ ထူထောင်ခွင့်ပြုရန်နှင့် မွမ်းမံသင်တန်း တက်ရောက်ပြီး သူများကိုသာ စားသောက်ကုန်သက်တမ်းတိုးခွင့်ပြု ဆောင်ရွက်စေရန်တို့ လိုအပ်ပါသည်။ ထို့အတူ စားသောက်ကုန်ကြမ်း ထုတ်လုပ်သူ စိုက်ပျိုးရေး၊ မွေးမြူရေးသမားများမှလည်း မျိုးကောင်းမျိုးသန့်ရရှိရေး စီမံဆောင်ရွက်ရန်နှင့် ဩဂဲနစ်သဘာဝမြေဩဇာ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲရေး၊ ဩဂဲနစ် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးစီမံကိန်း ချမှတ်အားပေးဆောင်ရွက်ရန်၊ ကောင်းမွန်သော စိုက်ပျိုးထုတ်လုပ်မှု အလေ့အကျင့် (GAP) ကောင်းမွန်သော မွေးမြူထုတ်လုပ်မှု အလေ့အကျင့် (GBP) တို့ကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့အပြင် အစာဖြည့်စွက်ပစ္စည်း (Food Additive) တင်သွင်းရောင်းချသူများ၊ စားသောက်ကုန် ထုတ်လုပ်သူများမှလည်း ကောင်းမွန်သော ထုတ်လုပ်မှုအလေ့အကျင့် (GMP) ဖြင့် ထုတ်လုပ်သွားရန်၊ စားသောက်ကုန်ရောင်းချသူများ၊ စားသောက်ကုန်အသင်းအဖွဲ့များ NGOs၊ နိုင်ငံတကာ အဖွဲ့အစည်းများ INGOs နှင့် နောက်ဆုံးစားသုံးသူများ (End-user)များ စုပေါင်း၍ စားသုံးသူ အဖွဲ့အစည်းများ (Consumer Organization) ထူထောင်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ နောက်ဆုံးအနေဖြင့် အစားအသောက် အရည်အသွေး စံချိန်စံညွှန်းကို အာမခံပေးနိုင်မည့် မြန်မာနိုင်ငံ အစားအသောက် အရည်အသွေးထိန်းသိမ်းရေး အခြေခံအဆောက်အအုံ (National Food Quality Infrastructure) ဖွဲ့စည်းတည်ထောင် စီမံဆောင်ရွက်သွားသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

# KBZ Bank U-19 Cup 2016 ဖိတ်ခေါ်ပြိုင်ပွဲနှင့် ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲတို့အတွက် ကမ္ဘောဇဘဏ်က ကျပ်သိန်း ၅၀၀၀ ပံ့ပိုး




မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် U-19 Cup 2016 ဖိတ်ခေါ်ပြိုင်ပွဲအတွက် ကမ္ဘောဇဘဏ်ကတာဝန်ယူ၍ ကျင်းပပေးသွားမည်ဖြစ်ရာယခင်က AYA Bank U-19 Cup 2016 ဖိတ်ခေါ်ပြိုင်ပွဲအဖြစ် ကျင်းပရန် စီစဉ်ထားခဲ့သော်လည်း ယခုအခါတွင် KBZ Bank U-19 Cup 2016 ဖိတ်ခေါ်ပြိုင်ပွဲအဖြစ် ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Title စပွန်ဆာပေးအပ်ပွဲနှင့် စာချုပ် ချုပ်ဆိုပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက်က နိုဗိုတယ်ဟိုတယ်မက်စ်တွင်ကျင်းပခဲ့သည်။

ကမ္ဘောဇဘဏ်အနေဖြင့် ယခုလအတွင်းကျင်းပမည့် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲသာမက (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ယူ-၂၃ အသင်းအားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် ကျင်းပမည့် ဖိတ်ခေါ်ပြိုင်ပွဲအတွက်ကိုလည်း Title စပွန်ဆာအဖြစ် ကူညီပံ့ပိုးပေးသွား ရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်သည် U-19 Cup 2016 ဖိတ်ခေါ်ပြိုင်ပွဲအတွက် ငွေကျပ်သိန်း ၁၀၀၀ နှင့် ၂၀၁၇ ခုနှစ်တွင် ကျင်းပမည့် ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲအတွက် ကျပ်သိန်း ၃၀၀၀ စုစုပေါင်း ကျပ်သိန်း ၅၀၀၀ ကူညီပံ့ပိုးပေးသွားမည်ဖြစ်သည်။

KBZ Bank U19 Cup 2016 ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံတွင် စက်တင်ဘာလအတွင်း ကျင်းပမည့် အာဆီယံယူ-၁၉ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး အိမ်ရှင် မြန်မာယူ-၁၉ အသင်း၊ ဗီယက်နမ် ယူ-၁၉ အသင်း၊ ထိုင်း ယူ-၁၉ အသင်းနှင့် ဂျပန်ကလပ်ဆာပေါ်ရို ယူ-၁၈ အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ချန်ပီယံအသင်းအား ဆုဖလား၊ ဆုတံဆိပ်နှင့် အမေရိကန်ဒေါ်လာ ၁၅၀၀၀၊ ဒုတိယဆုရအသင်းအား ဆုတံဆိပ်နှင့် အမေရိကန် ဒေါ်လာ ၁၀၀၀၀၊ တတိယဆုရအသင်းအား ဆုတံဆိပ်နှင့် အမေရိကန်ဒေါ်လာ ၅၀၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။

“ကမ္ဘောဇဘဏ်အနေနဲ့ ယခုပြိုင်ပွဲအတွက်တင်မဟုတ်ပါဘူး။ လာမယ့် မလေးရှားဆီးဂိမ်းမှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် မြန်မာ ယူ-၂၃အသင်းအတွက်လည်း တတ်နိုင်သမျှ ပံ့ပိုးကူညီသွားမှာပါ။ မြန်မာဘောလုံးလောက တိုးတက်ဖို့အတွက် ကူညီပေးဖို့ အဆင်သင့်ရှိနေပါတယ်”ဟု ကမ္ဘောဇဘဏ်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးဆန်းအောင်က ပြောကြားခဲ့သည်။

အဆိုပါ ဖိတ်ခေါ်ပြိုင်ပွဲကို မန္တလေးမြို့ရှိ မန္တလာသီရိ အားကစားကွင်းကြီးတွင် ဩဂုတ် ၂၂ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ကမ္ဘောဇဘဏ်အနေဖြင့် မြန်မာနိုင်ငံတွင်ကျင်းပသည့် နိုင်ငံတကာပြိုင်ပွဲများတွင် ပံ့ပိုးကူညီမှုများပြုလုပ်ခဲ့သော်လည်း Title စပွန်ဆာအဖြစ် ပံ့ပိုးကူညီခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ် ယူ-၁၉ဖလားပြိုင်ပွဲအတွက် လက်မှတ်ဈေးနှုန်းများကို ရိုးရိုးတန်း ကျပ် ၂၀၀၀ နှင့် အထူးတန်း ကျပ် ၃၀၀၀ ဟု သတ်မှတ်ထားကြောင်း သိရသည်။

## ဘရာဇီးအိုလံပစ်ပြိုင်ပွဲတွင် အဆောင်သို့ပြန်လာသည့် ဂရိတ်ဗြိတိန်ပြေးခုန်ပစ်အသင်းမှ ကစားသမားများ လုယက်ခံရ

ဘရာဇီးနိုင်ငံ ရီအိုဒီဂျနေးရိုးမြို့တွင် ကျင်းပလျက်ရှိသည့် အိုလံပစ်အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် ဂရိတ်ဗြိတိန်အသင်းမှ ပြေးခုန်ပစ်အားကစားသမားများ တည်းခိုနေထိုင်ရာအဆောင်သို့ အပြန်တွင် လုယက်ခံရကြောင်း ဂါးဒီးယန်းသတင်းတွင် ဖော်ပြထားသည်။

ဂရိတ်ဗြိတိန်ပြေးခုန်ပစ်အားကစားသမားများသည် ဩဂုတ် ၁၆ ရက် နံနက်အစောပိုင်းတွင် သေနတ်သမားများက လုယက်ခဲ့ကြခြင်းဖြစ်သည်ဟု ဆိုသည်။ ယင်းကဲ့သို့ဖြစ်ရပ်များကြောင့် အိုလံပစ်ပြိုင်ပွဲဝင် ဗြိတိန်အားကစားသမားတစ်ဦးချင်းစီအတွက် စိုးရိမ်ဖွယ်ရာဖြစ်နေကြောင်း ဗြိတိသျှအိုလံပစ်ကောင်စီက သတင်းထုတ်ပြန်ခဲ့သည်။

ရီအိုဒီဂျနေးရိုးအိုလံပစ်ပြိုင်ပွဲသို့ ဂရိတ်ဗြိတိန်အသင်းအနေဖြင့် အားကစားသမားပေါင်း ၃၆၆ ဦးဖြင့်ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ဂရိတ်ဗြိတိန်အသင်းမှ တာဝန်ရှိသူများကလည်း အိုလံပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့်အားကစားသမားများအနေဖြင့် မည်သည့်အဖိုးတန်ပစ္စည်းကိုမှ ယူဆောင်လာခြင်းမပြုရန်တားမြစ်ထားသည်ဟု ဆိုသည်။

ဂရိတ်ဗြိတိန်အသင်းကဲ့သို့ပင် အမေရိကန် ရေကူးအားကစားသမားဖြစ်ကြသည့် ရိုင်ယန်လော့ချ်၊ ဂျိမ်းစ်ဖစ်ဂင်၊ ဂန်နာဘန့်စ်နှင့်ဂျက်ကွန်ဂါတို့ သည်လည်း ပြီးခဲ့သည့် ဩဂုတ် ၁၅ ရက်က လုယက်ခံခဲ့ရသည်ဟု ဂါးဒီးယန်းသတင်းစာက ထုတ်ဖော်ရေးသားခဲ့သည်။ ယင်းဖြစ်ရပ်များကို ဘရာဇီးရဲတပ်ဖွဲ့က ဖမ်းဆီးစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ခြင်းမရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

## ဆူဇူကီးဖလားပြိုင်ပွဲမတိုင်မီ မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲခုနစ်ပွဲကစားရန်စီစဉ် စက်တင်ဘာလ ၃ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းကစားရန် ဖိတ်ကြားထား

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဆူဇူကီးဖလားပြိုင်ပွဲနှင့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းတွင် အောင်မြင်မှုရရှိစေရန်ရည်ရွယ်၍ ခြေစမ်းပွဲများကစားရန် စီစဉ်ထားရှိကြောင်း သိရသည်။

“မြန်မာနိုင်ငံမှာနှစ်ပွဲ၊ ဂျာမနီနိုင်ငံမှာ လေးပွဲနဲ့ နောက်တစ်ပွဲကတော့ အခြားအဝေးကွင်းမှာ သွားကစားဖို့ စီစဉ်နေတယ်။ ဂျာမနီခရီးစဉ်ကတော့ နည်းပြချုပ်ကိုယ်တိုင် လိုက်လံချိတ်ဆက်နေပါတယ်”ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါခြေစမ်းပွဲ ခုနစ်ပွဲအနက် လာမည့် စက်တင်ဘာ ၇ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းကစားနိုင်ရန် အင်ဒိုနီးရှားနိုင်ငံဘောလုံးအဖွဲ့ချုပ်အား ကမ်းလှမ်းထားကြောင်း သိရသည်။ သို့သော်အင်ဒိုနီးရှားအသင်းဘက်ကမူ အကြောင်းပြန်ကြားခြင်းမရှိသေးကြောင်း သိရသည်။

“အင်ဒိုနီးရှားဘက်ကတော့ အကြောင်းမပြန်သေးပါဘူး။ ဒါပေမယ့် ခြေစမ်းကစားဖြစ်ဖို့တော့ များပါတယ်။ အင်ဒိုနီးရှားအသင်းဟာ မလေးရှားအသင်းနဲ့ စက်တင်ဘာ ၇ရက်မှာ ခြေစမ်းကစားဖို့ရှိတာကြောင့် အဲဒါကို စဉ်းစားနေတာပါ”ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ဒုတိယပတ်တွင် ဥရောပနိုင်ငံများသို့ ခြေစမ်းခရီးသွားရောက်မည်ဖြစ်ရာ အနည်းဆုံးတစ်လခွဲမှ နှစ်လအထိ ကြာမြင့်နိုင်သည်ဟု ဆိုသည်။

ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းအတွက် ပဏာမကစားသမား ၂၆ ဦးကို ဩဂုတ် ၁၆ ရက်က ရွေးချယ်ခဲ့ကြောင်း သိရသည်။

အဆိုပါကစားသမားများမှာ ဂိုး - ကျော်ဇင်ဖြိုး(မကွေး)၊ ရန်အောင်လင်း(ရတနာပုံ)၊ ပြည့်ဖြိုးအောင် (ဆောက်သမ်း)၊ နောက်- နန္ဒကျော်၊ ကျော်ဇင်လွင်(မကွေး)၊ ဟိန်းသီဟဇော်၊ ဇော်လင်း(ရှမ်းယူနိုက်တက်)၊ ဖြိုးပိုင်စိုး(ဇေယျာရွှေမြေ)၊ ဇော်မင်းထွန်း၊ ဒေးဗစ်ထန်(ရန်ကုန်)၊ ဖြိုးကိုကိုသိန်း (ဧရာဝတီ)၊ အောင်ဇော် (ဟံသာဝတီ)၊ လယ်- မျိုး ကိုထွန်း ၊ လှိုင်းဘိုဘို၊ ရဲကိုဦး၊ အောင်သူ(ရတနာပုံ)၊ ရန်အောင်ကျော်၊ ကြည်လင်း (ရန်ကုန်)၊ ဇင်ဖြိုးအောင်(ဇွဲကပင်)၊ ရန်နိုင်ဦ (ရှမ်း)၊ ဆော်လမန် (ချင်း)၊ သီဟဇော်(ဧရာဝတီ)၊ မောင်မောင်လွင် (ဟံသာဝတီ)၊ ရွှေ-ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်)၊ ဝင်းနိုင်စိုး(ရတနာပုံ)တို့ဖြစ်ကြသည်။

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် လက်ရှိအချိန်တွင် လေ့ကျင့်ပြင်ဆင်မှုများကိုရပ်နားထားပြီး ဩဂုတ် ၂၃ ရက်တွင် လေ့ကျင့်ပြင်ဆင်မှုများကို ပြန်လည်စတင်မည်ဖြစ်ကြောင်း သိရသည်။

## ယူ-၁၄ နည်းပြ ဩစတြေးလျလူမျိုး အဲရစ်ဝီလျံကို တစ်နှစ် နှစ်လသက်တမ်းရှိ စာချုပ်သက်တမ်းတိုးချုပ်ဆို

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၁၄အသင်း၏ နည်းပြချုပ်ဖြစ်သူ ဩစတြေးလျလူမျိုး အဲရစ်ဝီလျံကို တစ်နှစ်နှစ်လသက်တမ်းရှိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာ့လက်ရွေးစင် ယူ-၁၄ အသင်းအား အဲရစ်ဝီလျံနှင့်ရေရှည်လက်တွဲစေလိုသဖြင့် ယခုကဲ့သို့ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

“အခုလို စာချုပ်သက်တမ်းတိုးချုပ်ဆိုခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နဲ့ ရေရှည်လက်တွဲပြီး လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ အထောက်အပံ့ပေးရလို့ ပျော်ရွှင်မိပါတယ်။ ဥက္ကဋ္ဌရဲ့ ရည်ရွယ်ချက်အတိုင်း လူငယ်တွေကို ပိုပြီးတိုးတက်အောင် ကြိုးစားသွားပြီး အဆင့်မြင့်မြင့်မှာ ကစားနိုင်မယ့် လူငယ်ကစားသမားတွေကိုမွေးထုတ်သွားမှာပါဟု”အဲရစ်ဝီလျံက ပြောကြားခဲ့သည်။

အဲရစ်ဝီလျံ ကိုင်တွယ်နေသည့် မြန်မာ့လက်ရွေးစင် ယူ-၁၄အသင်းကို AFF U-16 Championship ပြိုင်ပွဲ၊ AFC U-16 Championship ခြေစစ်ပြိုင်ပွဲတို့အတွက် ရည်ရွယ်ကာ စခန်းသွင်း လေ့ကျင့်နေခြင်းဖြစ်သည်။

## ဘရာဇီးအိုလံပစ်ပွဲတော်တွင် အားကစားအစီအစဉ်တင်ဆက်သူ ချားလ်စ်ဝက်ဘ်စတာ ငှက်ဖျားရောဂါကြောင့် သတိလစ်မေ့မျောနေ

ဘရာဇီးနိုင်ငံတွင်ကျင်းပလျက်ရှိသည့်အိုလံပစ်ပွဲတော်တွင် ဂရိတ်ဗြိတိန်အသင်း၏ အားကစားအစီအစဉ်တင်ဆက်သူ ချားလ်စ်ဝက်ဘ်စတာသည် ငှက်ဖျားရောဂါကြောင့် သတိလစ်မေ့မျောလျက်ရှိကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဝက်ဘ်စတာသည် အိုလံပစ်ပြိုင်ပွဲ၏ဖွင့်ပွဲနေ့မတိုင်မီ ဩဂုတ် ၄ ရက်ကတည်းက ရီအိုဒီဂျနေးရိုးမြို့သို့ ရောက်ရှိနေခဲ့ခြင်းဖြစ်ပြီး ၎င်းနေထိုင်ရာ ရှက်ဖီးမြို့မှထွက်လာစဉ် ဘရာဇီးသို့ရောက်သည့်အချိန်အထိ ကျန်းမာရေးကောင်းခဲ့သူတစ်ဦးဖြစ်ကြောင်း ၎င်း၏ကိုယ်စားလှယ်ဖြစ်သူက ပြောကြား ခဲ့သည်။

အိုလံပစ်ပြိုင်ပွဲ၏ ဖွင့်ပွဲကျင်းပအပြီးတွင် ဝက်ဘ်စတာသည် လူမှုရေးလုပ်ရှားမှုတစ်ခုဖြစ်သည့် စက်ဘီးစီးခြင်းကို ပြုလုပ်ခဲ့ကြောင်း၊ ယင်းသို့ စက်ဘီးစီးနင်းသည့်လမ်းတစ်လျှောက်တွင် ဝက်ဘ်နာသည် ၎င်း၏တွစ်တာကို အသုံးပြုကာ ပို့စ်များကိုတင်နေခဲ့ကြောင်း၊ ၎င်းတင်ထားသည့်ပို့စ်များတွင် ၎င်းအနေဖြင့် ကူးစက်ရောဂါတစ်ခုခုကို ခံစားနေရပြီဖြစ်သည်ဟု ဖော်ပြထားကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

ဝက်ဘ်စတာကို ရီအိုဒီဂျနေးရိုးမြို့ရှိ ဆေးရုံတစ်ရုံတွင် ကုသပေးလျက်ရှိသော်လည်း ဝက်ဘ်စတာ၏မိခင်နှင့် အစ်ကိုအစ်မများကမူ အင်္ဂလန်သို့ ပြန်ခေါ်လာစေလိုကြောင်း၊ အသက် ၃၃ နှစ်အရွယ်ရှိ ဝက်ဘ်စတာသည် စကိုင်းသတင်းဌာနနှင့် အိုင်တီဗွီသတင်းဌာနတို့တွင် အစီအစဉ်တင်ဆက်သူအဖြစ် တာဝန်ယူထားသူဖြစ်သည်။

# မကွေးမြို့ ကြာကန်ကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ် ပေးရေးအသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စွာဝင်း ဦးဆောင်သည့်အဖွဲ့သည် ဩဂုတ် ၁၃ ရက်က မကွေးမြို့နယ် မကွေးမြို့ကြာကန်ကျေးရွာ အထကတွင် စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။



ထိုအခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စွာဝင်းက စားသုံးသူအကာအကွယ် ပေးရေး ဥပဒေများအကြောင်း၊ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များအကြောင်း၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကိစ္စရပ်များနှင့် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားခြင်းအကြောင်း၊ စားသုံးသူများအနေဖြင့် နစ်နာဆုံးရှုံးမှုများရှိပါက အငြင်းပွားမှု တိုင်ကြားရေး ဆပ်ကော်မတီသို့တိုင်ကြားနိုင်သည့်နည်းလမ်းများကိုပြောကြားပြီး တိုင်တန်း နိုင်သည့် တိုင်ကြားလွှာများ၊ ဖုန်းနံပါတ်များအား ကျောင်းအုပ် ဆရာကြီးထံသို့ပေးအပ်ခြင်း၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်အေးအေးမိုးက စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ စားသုံးသူ၊ လုပ်ငန်းရှင်တို့၏ အဓိပ္ပာယ်တို့ကို ကလေးများနားလည်အောင် ဥပမာများနှင့် ရှင်းလင်းခဲ့ပါသည်။ ထို့နောက် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဌာနခွဲတာဝန်ခံက စားသုံးသူများ သတိထား စားသုံးရမည့် အစားအသောက်နှင့် ကုန်စည်များအကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့ပြင် စားသုံးသူရေးရာဌာနတာဝန်ခံနှင့် နတ်မောက် မြို့နယ်တာဝန်ခံတို့မှ ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲ ထားသည့် အစားအစာများ၊ သီးနှံများတွင် ဟော်မုန်းဆေးများသုံး၍ ထုတ်လုပ်ထားသော အစားအစာများကြောင့် ခန္ဓာကိုယ်ဇီဝကမ္မဖြစ်စဉ် ပြောင်းလဲမှု မြန်ဆန်ပုံကို ဗွီဒီယိုခွေပြသကာအသေးစိတ် ရှင်းလင်းခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ကြာကန်ကျေးရွာ အုပ်ချုပ်ရေးမှူး အပါအဝင် ကြာကန်အထကမှ ကျောင်းအုပ် ဆရာကြီး ဦးရဲကြည်၊ ဆရာ၊ ဆရာမ ၃၉ ဦး ၊ ကျောင်းသား၊ ကျောင်းသူ ၆၅၇ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင်(မကွေး)**

# မွန်ပြည်နယ် ဘီလင်းမြို့ရှိ အထက ကျောင်းနှင့် အထက ( ခွဲ ) မုသင်ကျောင်းတို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပ

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဝင်းထွန်း ဦးဆောင်သော ဝန်ထမ်းများနှင့် သထုံခရိုင်မှ ဝန်ထမ်းများ ပါဝင်သော အဖွဲ့သည် ဩဂုတ် ၅ ရက် နံနက်ပိုင်းက အထက ဘီးလင်းမြို့နယ်၌ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ရာ ဒုတိယပြည်နယ်ဦးစီးမှူး ဦးဝင်းထွန်းက ဌာနနှင့် ပတ်သက်သော သိကောင်းစရာများအားလည်းကောင်း၊ ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးအောင်ကျော်မိုးက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် သိကောင်းစရာများအားလည်းကောင်း၊ ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးနေဇင်သက်က ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာအကြောင်းနှင့် ဘေးဥပဒ်ဖြစ်စေသော ထုတ်ကုန်များအကြောင်းအားလည်းကောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် အထက (ခွဲ) မုသင်ကျောင်းသို့သွားရောက်ပြီး မုသင်ကျေးရွာ တိုက်ကျောင်း ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲအား ဆက်လက်ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး၊ ဒုတိယပြည်နယ်မှူး ဦးဝင်းထွန်း၊ ဦးစီးမှူး ဦးအောင်ကျော်မိုး၊ ဒုတိယဦးစီးမှူး ဦးနေဇင်သက်တို့က သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးဟောပြောခဲ့ကြပါသည်။



အဆိုပါ ဆွေးနွေးဟောပြောပွဲများတွင် အထက (ဘီးလင်း)ကျောင်းမှ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ ၁၃၆၅ ဦး တက်ရောက်ပြီး အထက (ခွဲ) မုသင်ကျောင်းတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၂၁ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ **နေဇင်(မွန်)**

# ရှမ်းပြည်နယ်၊ တောင်ကြီးနည်းပညာတက္ကသိုလ်(အေးသာယာ) ၌ စားသုံးသူ အသိပညာပေးဟောပြောပွဲကျင်းပပြုလုပ်



စားသုံးသူရေးရာဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး (တောင်ကြီး) မှ ရုံးအုပ်ဦးခွန်ကျော်ဌေး ဦးဆောင်သော တာဝန် ရှိသူဝန်ထမ်းများသည် ဩဂုတ်လ ၈ ရက်က တောင်ကြီး နည်းပညာတက္ကသိုလ်(အေးသာယာ) သို့သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲတွင် နည်းပညာတက္ကသိုလ်မှ ပါမောက္ခချုပ် (ကိုယ်စား) ကထိက ဒေါ်ခင်သိမ်းစုက မိတ်ဆက်အမှာစကား ပြောကြားခဲ့ပါသည်။ ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနမှ ဦးခွန်ကျော်ဌေးက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအကြောင်းနှင့် ဝန်ဆောင်မှုများအကြောင်းကို လည်းကောင်း၊ ဒေါ်စောယုထွေးက စားသုံးရန် မသင့်သည့် စားသောက်ကုန်များနှင့် ကင်ဆာရောဂါများ အကြောင်းကိုလည်းကောင်း၊ ဦးစိုင်းသန့်ဇင်ဟိန်းက ဆိုးဆေးအန္တရာယ်နှင့် ဖော်မလင် (တာရှည်ခံဆေး) ၏ ဆိုးကျိုးများ အကြောင်းကိုလည်းကောင်း၊ ကျယ်ကျယ်ပြန့်ပြန့် ဟောပြောခဲ့ကြပါသည်။

ယင်းနောက်တွင် စားသုံးသူရေးရာနှင့်ပတ်သက်သော အသိပညာပေး လက်ကမ်းစာစောင်များနှင့် ဥပဒေစာအုပ်များ၊ FDA မှ ထုတ်ပြန်ထားသော စားသုံးရန်၊ အသုံးပြုရန် မသင့်သော ကုန်ပစ္စည်းစာရင်းစာအုပ်နှင့် တိုင်ကြားမှုပုံစံများအား နည်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခ ဒေါက်တာ စိမ်းလဲ့ဝင်းထံသို့ ပေးအပ်ခဲ့ပြီး နည်းပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူ ၃၅၀ ခန့် စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**ထူးဗိုလ် (ရှမ်းတောင်)**

# စစ်ကိုင်းခရိုင်တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ပထမလေးလပတ်အတွင်း စီမံချက်ထက်ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့

စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး၏ လမ်းညွှန်မှုနှင့် ခရိုင်ဦးစီးမှူး၏ ကြီးကြပ် ဆောင်ရွက်မှုအရ ရပ်ကွက်၊ ကျေးရွာ၊ အခြေခံပညာ ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ အစိုးရဌာနများ၊ ဈေးများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမလေးလပတ်တွင် ၁၅၈ကြိမ်၊ ဒုတိယလေးလပတ်တွင် ၂၁၀ကြိမ်၊ တတိယလေးလပတ်တွင် ၁၃၄ ကြိမ်၊ စုစုပေါင်း ၅၀၂ကြိမ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီမံချက်များရေးဆွဲ၍ ဆောင်ရွက်လျက် ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် စစ်ကိုင်းခရိုင် ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ပထမလေးလပတ်အတွင်း စစ်ကိုင်းမြို့နယ်တွင် ၃၈ကြိမ်၊ မြင်းမူ မြို့နယ်တွင် ၂၆ကြိမ်၊ မြောင်းမြို့နယ်တွင် ၂၃ကြိမ်၊ မုံရွာမြို့နယ်တွင် ၃၁ ကြိမ်၊ ချောင်းဦးမြို့နယ် ၃၅ကြိမ်၊ အရာတော်မြို့နယ်တွင် ၂၇ကြိမ်၊ ဘုတလင်မြို့နယ်တွင် ၂၆ ကြိမ်၊ စုစုပေါင်း ၂၀၆ ကြိမ် ကျင်းပဆောင်ရွက်နိုင်ခဲ့ရာ စီမံချက် လျာထားမှုထက် ၄၈ ကြိမ် ကျော်လွန်အောင် အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်နိုင်ခဲ့ပါသည်။

အဆိုပါ ပထမလေးလပတ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြော ဆွေးနွေးပွဲကို ခရိုင်အတွင်း ၂၀၆ကြိမ် ကျင်းပဆောင်ရွက်ခဲ့ရာတွင် လူဦးရေစုစုပေါင်း ၃၄၀၁၄ ဦး တက်ရောက်ကြပြီး အသိပညာပေး လက်ကမ်းစာစောင် ၂၅၀၀၀ စောင်အား ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်စောဝင်း၊**
**ခင်လေးနွယ် (စစ်ကိုင်း)**

# စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ စားသုံးသူအကာအကွယ် ပေးရေးအကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ



စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနဲ့ တာဝန်ရှိသူဝန်ထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်းကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ဩဂုတ်လ ၁၆ ရက်က ပုဇွန်တောင်မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)တေဇခန်းမတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ပုဇွန်တောင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူး ဦးမင်းဦးက အဖွင့် အမှာစကားပြောကြားခဲ့ပြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာရဲမင်းထိုက်က အမျိုးသားအစားအသောက် ဥပဒေပါအကြောင်းအရာများ၊ အစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများနဲ့ ပတ်သက်ပြီး ဌာနရဲ့လုပ်ငန်းဆောင်ရွက်ချက်များ၊ ဆိုးဆေးအန္တရာယ်များအကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ပါတယ်။ ပုဇွန်တောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး အဆင့်(၁) ဒေါ်မြင့်မြင့်ဦးက စိုက်ပျိုးရေးတွင် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကြောင့်လည်းကောင်း၊ ဆိုးဆေးများကြောင့်လည်းကောင်း ရောဂါများဖြစ်ပွားရခြင်းအကြောင်းများကို ဟောပြောဆွေးနွေးခဲ့ပါတယ်။

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနဲ့ ဦးစီးအရာရှိ ဒေါ်ထားထားလှိုင်တို့က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါအကြောင်းအရာများ၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုဖြစ်ခဲ့လျှင် တိုင်ကြားနိုင်ရန် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို ခရိုင်အလိုက် ဖွဲ့စည်းထားမှုအခြေအနေ၊ စီးပွားရေးလုပ်ငန်းရှင်များရဲ့ တာဝန်နဲ့တားမြစ်ချက်များ၊ စားသုံးသူအကာအကွယ် ပေးရေးလုပ်ငန်းများကို ကြိုတင်ကာကွယ်ခြင်း၊ အငြင်းပွားမှုဖြေရှင်းပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများဖြင့် ဆောင်ရွက်နေမှု၊ စားသုံးသူအကာအကွယ်ပေးရေးကို အစိုးရဌာနများ၊ NGOsများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးပြောကြားသွားပါတယ်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ အရာထမ်းနှင့်ဝန်ထမ်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အရာထမ်းနှင့်ဝန်ထမ်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ပုဇွန်တောင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဈေးသူဈေးသားများ၊ စတိုးဆိုင်လုပ်ငန်းရှင်များ စုစုပေါင်း ၈၀ ဦးခန့် တက်ရောက်ပါတယ်။

အလားတူ ဩဂုတ်လ ဒုတိယပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးရဲ့ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် လေးနေရာ၊ အနောက်ပိုင်းခရိုင်တွင်လေးနေရာ၊ တောင်ပိုင်းခရိုင်တွင် ရှစ်နေရာ၊ မြောက်ပိုင်းခရိုင်တွင် ငါးနေရာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြော ဆွေးနွေးပွဲများနှင့် ကွင်းဆင်းစစ်ဆေးအသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**တင်မမ (စားသုံးသူ)ရန်ကုန်**

# လယ်ဝေးမြို့နယ် ဝက္ကမူ အ-ထ-ကနှင့် ကန်လှ အ-ထ-က တို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း အသိပညာပေး ဟောပြောပွဲကျင်းပ

နေပြည်တော်(ရုံးချုပ်)၊ စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲနှင့် ခရိုင်ဦးစီးမှူးရုံး၊ နေပြည်တော်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ်လ ၁၆ ရက်က လယ်ဝေးမြို့နယ်၊ ဝက္ကမူ အ. ထ. က နှင့် ဩဂုတ်လ ၁၇ ရက်နေ့က ကန်လှ အ. ထ. က ခွဲ တို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြော ဆွေးနွေးခဲ့ပါသည်။

နေပြည်တော်(ရုံးချုပ်)၊စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ချိုက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများအား ကမ္ဘာ့နိုင်ငံများတွင် ၁၉၆၂ ခုနှစ်မှ စတင်ဆောင်ရွက်နေပါကြောင်း၊မိမိတို့နိုင်ငံတွင် အာဆီယံနိုင်ငံများနှင့်အညီ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါကြောင်း၊ စားသုံးသူအကာ အကွယ်ပေးရေးဥပဒေပါ စားသုံးသူ အကာအကွယ်ပေးရေး၏အဓိပ္ပာယ်၊ စားသုံးသူ၏အဓိပ္ပာယ်၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ ပြဋ္ဌာန်းရခြင်း၏ရည်ရွယ်ချက်၊ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များအကြောင်း အကျယ်တဝင့် ပြောကြားကာ ထိခိုက်နစ်နာမှုများရှိလာပါက တိုင်ကြားမှုပုံစံဖြင့် တိုင်ကြားနိုင်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့များကိုလည်း ဖွင့်လှစ်ထားပြီးဖြစ်ပါကြောင်း၊ အန္တရာယ်ရှိစားသောက်ကုန်များ စားသုံးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များအကြောင်းကို အကျယ်တဝင့်ဟောပြောဆွေးနွေးခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများသည် မိမိတို့ဌာနတစ်ခုတည်းဖြင့် လုပ်ဆောင်၍မအောင်မြင်နိုင်သဖြင့် နိုင်ငံသားအားလုံးမှ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ကိုယ်စီကိုယ်စီ ပူးပေါင်းပါဝင်ကြရန်ဖြစ်ကြောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ လယ်ဝေးမြို့နယ်၊ ဝက္ကမူ အ-ထ-က တွင် ဆရာ၊ ဆရာမ ၂၅ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၅၂၂ ဦး ၊ ဈေးသည်လေးဦးနှင့် ကန်လှ အ-ထ-က ခွဲတွင် ဆရာ၊ ဆရာမ ၂၇ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၃၇၂ ဦးတို့ တက်ရောက်ခဲ့ပါသည်။

အလားတူနေပြည်တော် (ရုံးချုပ်) စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာ ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ချိုနှင့် ခရိုင်ဦးစီးမှူးရုံး၊ နေပြည်တော်၊ စားသုံးသူရေးရာ ဦးစီးဌာနတို့ ပူးပေါင်း၍ လယ်ဝေးမြို့နယ်၊ ညိုပင် အ-လ-က နှင့် အင်ပု အ-လ-က ကျောင်းတို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးခဲ့ပါသည်။

နေပြည်တော်(ရုံးချုပ်)၊ စားသုံးသူရေးရာဦးစီးဌာန ကွပ်ကဲမှုအောက်ရှိနေပြည်တော်ကောင်စီ နယ်မြေအတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲနှင့် ကွင်းဆင်းစစ်ဆေးအသိပညာပေး လုပ်ငန်းများကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ တတိယအပတ်အတွင်း ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်တွင် ၄ နေရာ၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်တွင် ၂ နေရာ၊ တပ်ကုန်းမြို့နယ်တွင် ၂ နေရာ၊ စုစုပေါင်း ၈ နေရာ တို့တွင် ဆောင်ရွက်ခဲ့ရာ တက်ရောက်သူ ၃၁၀၂ ဦး ရှိကြောင်း သတင်းရရှိပါသည်။

**ဖြူဖြူလတ်**

# ကနီမြို့နယ်နှင့် ပုလဲမြို့နယ်အတွင်းရှိကျေးရွာများနှင့် စာသင်ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးပွဲများ ကျင်းပ



စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ယင်းမာပင်ခရိုင်၊ ခရိုင်ဦးစီးမှူးဦးသန်းပို၏ ကြီးကြပ်မှုဖြင့် ဇူလိုင်လအတွင်း ကနီမြို့နယ်ရှိစီမံခန့်ခွဲမှုကော်မတီရုံး၊ ကျေးရွာနှစ်ရွာ၊ မူလွန်ကျောင်းသုံးကျောင်း၊ အမကကျောင်းတစ်ကျောင်း၊ အလက(ခွဲ) ကျောင်းခြောက်ကျောင်း၊ အထက်တန်းကျောင်းတစ်ကျောင်း စုစုပေါင်း ၁၄ နေရာကို စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲများသို့ ဒုတိယခရိုင်ဦးစီးမှူး ဦးသောင်းကြိုင်နှင့် ကနီမြို့နယ်တာဝန်ခံ ဦးလှစိုးတို့က စားသုံးသူများ လိုက်နာရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များ၊ အန္တရာယ်ရှိ စားသောက်ကုန်များ၏ ဆိုးကျိုးများ၊ နောက်ဆက်တွဲအန္တရာယ်များ၊ လုံခြုံစိတ်ချရမှုမရှိသော စားသောက်ကုန်များ၊ မြန်မာစာတမ်းပါသော အစားအစာများနှင့်ထုတ်လုပ်ရက်၊ ကုန်ဆုံးရက်စွဲများကပ်ထားသည့် စားသောက်ကုန်များကိုသာ ဝယ်စားရန်တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။အဆိုပါ ဟောပြောပွဲသို့ ဆရာ၊ ဆရာမ ၁၂၂ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၂၃၆၅ ဦး၊ ဈေးသည် နှစ်ဦး၊ လေ့လာသူ ၂၄၂ ဦး စုစုပေါင်း ၂၇၃၉ ဦး တက်ရောက်ခဲ့ပြီး စားသုံးသူအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင် ၃၅၀ စောင်ကို ဖြန့်ဝေပေးခဲ့ပြီး၊ စားသုံးရန်မသင့် အစားအသောက် များ၊ ရေသန့်များ၊ စံမညီမြေပဲဆီများစာရင်းကို ၁၄ စုံဝေငှခဲ့ပါသည်။

အလားတူယင်းမာပင်ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် ဩဂုတ် ၄ ရက်တွင် ပုလဲမြို့နယ်ရှိ ညောင်ကုန်းကျေးရွာ အလက(ခွဲ) နှင့် ကံပေါက်ကျေးရွာ အလက(ခွဲ) ကျောင်းတို့၌လည်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် ပုလဲမြို့နယ်တာဝန်ခံ ဦးကိုကိုဦးနှင့် ခရိုင်ဦးစီးမှူးရုံးမှ ဒေါ်သူဇာကျော်နှင့် ဒေါ်သီတာခိုင်တို့က စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ၊ အန္တရာယ်ရှိမုန့်များနှင့် ကွမ်းစားသုံးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များ၊ ကျောင်းမုန့်ဈေးတန်းများတွင် သန့်ရှင်းသော အစားအသောက်များအား ရောင်းချရေး၊ တစ်ကိုယ်ရည်သန့်ရှင်းရေးကို ဂရုပြုကြရန်တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

အဆိုပါဟောပြောပွဲသို့ ဆရာ၊ ဆရာမ ၂၁ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၅၉၄ ဦး၊ ဈေးသည်တစ်ဦး စုစုပေါင်း ၆၁၆ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော်(ယင်းမာပင်)**



## ၂၀၁၆ အာဆီယံ ကျောင်းသားကွန်ဖရင့်ကို ဒါနန်းမြို့တွင် ကျင်းပ

ဩဂုတ်လ ၁၂ ရက်မှာကျင်းပတဲ့ ၂၀၁၆ ခုနှစ် အာဆီယံ ကျောင်းသားကွန်ဖရင့်ကို ဗီယက်နမ်အလယ်ပိုင်း မြို့တော်ဖြစ်တဲ့ ဒါနန်းမြို့ရှိဒွိုင်တန်တက္ကသိုလ်မှာ ဩဂုတ် ၁၁ ရက်မှ ၁၄ ရက်အတွင်းကျင်းပခဲ့ပြီး အာဆီယံနိုင်ငံများရှိ တက္ကသိုလ်များမှ ကျောင်းသား ၁၀၀ ကျော် တက်ရောက်ခဲ့ပါတယ်။ ယခုကျင်းပတဲ့ပွဲက အာဆီယံ ကျောင်းသားဖိုရမ်ရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး တက်ရောက်လာသူတွေက ဒေသတွင်းရှိ ပညာရေး၊ အလုပ်အကိုင်နဲ့ပတ်သက်တဲ့ ပြဿနာတွေကိုဆွေးနွေးခဲ့ကြကာ ပညာလေ့လာသင်ယူမှုနဲ့ သုတေသနလုပ်ငန်းဆောင်ရွက်တဲ့ အတွေ့အကြုံတွေကို မျှဝေခဲ့ကြပါတယ်။

ကွန်ဖရင့်ကာလအတွင်းမှာ ပြပွဲများကို ပြသခဲ့ပြီး အပြည်ပြည်ဆိုင်ရာ လေ့ကျင့်ရေးနဲ့ အလုပ်သင်ဖလှယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ကွန်ဖရင့်ကို တက်ရောက်သူတွေက Passage to ASEAN (P2A) နဲ့ ပတ်သက်တဲ့ လုပ်ငန်းအရပ်ရပ်ကို လေ့လာခွင့်ရခဲ့ပါတယ်။ ဒီ P2A ဟာ ဒွိုင်တန်တက္ကသိုလ်က ပူးတွဲတည်ထောင်သူအဖြစ် ပါဝင်ခဲ့တဲ့အစီအစဉ်ဖြစ်ပါတယ်။ P2A ကို ၂၀၁၅ခုနှစ်က စတင်တည်ထောင်ခဲ့တာဖြစ်ပြီး ယခုအချိန်မှာ အာဆီယံဒေသမှ တက္ကသိုလ်ပေါင်း ၆၀ပါဝင်လျက်ရှိပါတယ်။ P2A ဖွဲ့စည်းတဲ့ ရည်ရွယ်ချက်က ဒေသတွင်းပေါင်းစည်းရေးအကြောင်းကို အာဆီယံ ကျောင်းသားများ ပိုမိုနားလည်သဘောပေါက်စေဖို့ဖြစ်ပါတယ်။

P2A က အကျိုးအမြတ်မရှာတဲ့ ကွန်ရက်တစ်ခုဖြစ်ပြီး ၂၀၁၂ ခုနှစ်က စတင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ စတင်ဖွဲ့စည်းစဉ်က ထိုင်းနိုင်ငံမှ ရန်စစ်တက္ကသိုလ်၊ ကမ္ဘောဒီးယားမှ နော်တန်တက္ကသိုလ်၊ ဗီယက်နမ်မှ ဒွိုင်တန်တက္ကသိုလ်၊ လာအို မှ အမျိုးသားတက္ကသိုလ်နဲ့ မြန်မာနိုင်ငံမှ ကွန်ပျူတာတက္ကသိုလ်တို့မှ ကိုယ်စားလှယ်များပါဝင်ခဲ့ပါတယ်။

P2A ကိုချမှတ်ဆောင်ရွက်ရာမှာ အဆင့်မြင့်ပညာရေးက လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးမှာ ဦးဆောင်ဦးရွက်ပြုတဲ့နေရာမှာပါဝင်ရေး အခြေခံမူဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အခမ်းအနားသို့ အာဆီယံတက္ကသိုလ်များနဲ့အဆင့်မြင့်ပညာရေးအဖွဲ့အစည်း ၆၄ ခု ပါဝင်တက်ရောက်ခဲ့ပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

# တရုတ်-အာဆီယံ Code Of Conduct မူဘောင်ကို ၂၀၁၇ ခုနှစ်တွင် အဆင်သင့်ဖြစ်အောင် ဆောင်ရွက်မည်

တောင်တရုတ် ပင်လယ်ပြင် အငြင်းပွားမှုကြောင့် ဖြစ်ပေါ်ရသော တင်းမာမှုများကို လျော့ပါးစေရန် အတွက် "Code of conduct" မူဘောင်ကို ၂၀၁၇ ခုနှစ် အလယ်ပိုင်းမှာ အပြီးသတ်ဆောင်ရွက်ဖို့ တရုတ်နဲ့ အာဆီယံတို့က ဆောင်ရွက်နေကြတယ်လို့ ဩဂုတ် ၁၇ ရက်က နိုင်ငံပိုင် မီဒီယာတွေမှာ ဖော်ပြထားကြောင်း ဆင်ဟွာသတင်းမှာ ဖော်ပြပါတယ်။



တရုတ်နိုင်ငံနဲ့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့က မဟာဗျူဟာရေကြောင်းလမ်းမှာ ပဋိပက္ခဖြစ်ပွားမှုတွေ ဆက်လက်ဖြစ်ပေါ်လာမှာကို ရှောင်ရှားနိုင်ဖို့အတွက် စည်းမျဉ်းဥပဒေတွေ ချမှတ်ဖို့ ၂၀၁၀ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ပါတယ်။ တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်မှာရှိတဲ့ ဖိလစ်ပိုင်နိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ချိုးဖောက်ခဲ့တယ်လို့ ကုလသမဂ္ဂက ကျောထောက်နောက်ခံ ပေးထားတဲ့ ဟိတ်မြို့ရှိ အငြင်းပွားမှု ဖျန်ဖြေရေးတရားရုံးက ဇူလိုင်လအတွင်းက ဆုံးဖြတ်ခဲ့ပါတယ်။

ဒါပေမယ့် တရားရုံးရဲ့ ဆုံးဖြတ်ချက်ကို တရုတ်နိုင်ငံက ပယ်ချခဲ့ပြီး ပြဿနာကို ဖြေရှင်းရာမှာ သံတမန်နည်းလမ်းနဲ့ ဖြေရှင်းဖို့လိုလားကြောင်း တရုတ်နိုင်ငံက ပြသလာပါတယ်။ တရုတ်နိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံတို့ဟာ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းမှာ တွေ့ဆုံဆွေးနွေးပြီးနောက်ပိုင်း စည်းမျဉ်းဥပဒေမူဘောင်ကို ၂၀၁၇ ခု အလယ်မှာ အပြီးရေးဆွဲဖို့ သဘောတူခဲ့ကြပါတယ်။ ဒါ့အပြင် ရေကြောင်းဆိုင်ရာ အရေးပေါ် အခြေအနေတွေ ပေါ်ပေါက်လာပါက ဖြေရှင်းနိုင်ရေးအတွက် တရုတ်-အာဆီယံ အရေးပေါ်ဆက်သွယ်ရေးလိုင်းထားရှာဖို့ သဘောတူခဲ့ကြကြောင်း တရုတ်နိုင်ငံတော်သတင်းစာဖြစ်တဲ့ ချိုင်းနားဒေးလီးမှာ ဖော်ပြပါတယ်။

ဒေသတွင်းမှာရှိတဲ့နိုင်ငံတွေက ၂၀၁၄ ခုနှစ်မှာ အရေးပေါ်အခြေအနေ (Unplanned Emcounters) ဖြေရှင်းရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ တောင်တရုတ်ပင်လယ်ပြဿနာကို ဖြေရှင်းရာမှာလည်း ဒီသဘောတူညီချက်ကို လိုက်နာဖို့ တရုတ်နဲ့ အာဆီယံတို့က သဘောတူခဲ့ကြပါတယ်။

တောင်တရုတ် ပင်လယ်က နှစ်စဉ် ကမ္ဘာ့ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ငါးထရီလီယံဖိုးရှိ ကုန်စည်တွေ ဖြတ်သန်းသွားလာရာ ဒေသဖြစ်ပြီး တောင်တရုတ်ပင်လယ် တစ်ခုလုံးနီးပါး ပိုင်ဆိုင်ခွင့်ကို တရုတ်နိုင်ငံက တောင်းဆိုလျက်ရှိပါတယ်။ ဘရူနိုင်း ၊ မလေးရှား၊ ဖိလစ်ပိုင်၊ တရုတ် (တိုင်ပေ) နဲ့ ဗီယက်နမ် နိုင်ငံတွေကလည်း ပိုင်ဆိုင်ခွင့်ကို တောင်းဆို လျက်ရှိပါတယ်။

■

## စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ အလုံးစုံဖွံ့ဖြိုးရေး စတဲ့နယ်ပယ်တွေကို ဂျီ - ၂၀ ထိပ်သီး အစည်းအဝေးမှာ အိန္ဒိယနိုင်ငံက ဦးစားပေးဆွေးနွေးမည်

တရုတ်နိုင်ငံမှာ စက်တင်ဘာတွင်ကျင်းပမယ့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးမှာ အိန္ဒိယနိုင်ငံက အလုပ်အကိုင် ပိုမိုဖန်တီးနိုင်တဲ့ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ အလုံးစုံပါဝင်တဲ့ စီးပွားရေးဖွံ့ဖြိုးမှုဖော်ဆောင်ရေးတို့ကို ဦးစားပေးဆွေးနွေးမှာ ဖြစ်တဲ့အပြင် ဖွံ့ဖြိုးပြီးနိုင်ငံတွေက ကတိပြုထားပြီးဖြစ်တဲ့ ရာသီဥတုပြုပြင်ပြောင်းလဲရေးဆိုင်ရာ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကိစ္စကိုဆွေးနွေးဖို့ ရည်ရွယ်ထားတယ်လို့ စီးပွားရေးရာအတွင်းဝန်က ဩဂုတ် ၁၉ ရက်ကပြောကြောင်း ဘိဇနက်စတန်းဒက်သတင်းမှာဖော်ပြပါတယ်။

အိန္ဒိယနိုင်ငံ ဂိုအာမြို့မှာ အောက်တိုဘာမှာကျင်းပမယ့် BRICS အဖွဲ့ထိပ်သီးအစည်းအဝေးမှာ အမေရိကန်ပြည်ထောင်စုအခြေစိုက် အဆင့်သတ်မှတ်ရေး အေဂျင်စီ (Rating Agencies) ကဲ့သို့သော အေဂျင်စီမျိုး အဖွဲ့ဝင်ငါးနိုင်ငံအတွက် ဖွဲ့စည်းရေး အဆိုပြုချက်ကို ဆွေးနွေးမှာဖြစ်ကြောင်းလည်းအတွင်းဝန် ရှပ်ကတီကန်တာ ဒတ်ကပြောပါတယ်။

ဒတ်က (၈) ကြိမ်မြောက် အိန္ဒိယ-တရုတ် ဘဏ္ဍာရေးနဲ့ စီးပွားရေးဆွေးနွေးပွဲကို တက်ရောက်ရန် ပေကျင်းမြို့ကို ရောက်ရှိနေပါတယ်။ စက်တင်ဘာ ၄ ရက်မှ ၅ ရက်အထိ တရုတ်နိုင်ငံ ပေကျင်းမြို့မှာ ကျင်းပမယ့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးမှာ အဓိကအားဖြင့် အလုပ်အကိုင်ပိုမို ဖန်တီးပေးနိုင်ဖို့အတွက် အဖွဲ့ဝင်နိုင်ငံများက ဖွဲ့စည်းတည်ဆောက်မှု ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရမယ့် ကိစ္စတွေကို ဆွေးနွေးမှာဖြစ်ပါတယ်။ အခြား အရေးတကြီး ဆွေးနွေးမဲ့ကိစ္စက အိန္ဒိယဝန်ကြီးချုပ် နရိန္ဒရာမိုးဒီနဲ့ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးရဲ့ အလွတ်သဘောဆွေးနွေးပွဲမှာ တခြား အရေးကြီးတဲ့ကိစ္စတွေကို ဆွေးနွေးကြမှာဖြစ်ကြောင်း သူကပြောပါတယ်။

တခြားနိုင်ငံအများအပြားကလည်း စီးပွားရေးဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်နေကြပြီဖြစ်ကြောင်းနဲ့ကမ္ဘာ့စီးပွားရေး ရှင်သန်ဖွံ့ဖြိုးဖို့အတွက် ဒီနည်းကတစ်ခုတည်းသောနည်းလမ်းဖြစ်တဲ့အတွက် ပြုပြင်ပြောင်းလဲမှုတွေ ဆက်လက်ဆောင်ရွက်ဖို့ အိန္ဒိယနိုင်ငံက နှိုးဆော်တိုက်တွန်းခြင်းဖြစ်ကြောင်း သူကပြောပါတယ်။

# အမေရိကန်ကုမ္ပဏီတို့က အာဆီယံဒေသရှိ စီးပွားရေးလုပ်ငန်း အလားအလာများကို ယေဘုယျအားဖြင့် ယုံကြည်မှုရှိနေဆဲဖြစ်

အမေရိကန်ပြည်ထောင်စု ကုန်သည်ကြီးများအသင်းနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေမှာရှိတဲ့ အမေရိကန်ကုန်သည်ကြီးများအသင်းတို့ ပူးတွဲပြီး နှစ်ပတ်လည် အာဆီယံစီးပွားရေး အလားအလာစစ်တမ်းကို ထုတ်ပြန်ခဲ့ရာ ကမ္ဘာ့စီးပွားရေးတွင် အကျပ်အတည်းများနဲ့ စိန်ခေါ်မှုများရှိနေဆဲဖြစ်ပေမယ့် အမေရိကန်ပြည်ထောင်စုရှိ ကုမ္ပဏီတွေက အာဆီယံဒေသရှိစီးပွားရေးအလားအလာများကို ယုံကြည်မှုရှိနေဆဲဖြစ်တယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားကြောင်း နေးရှင်းသတင်းမှာ ဖော် ပြပါတယ်။

အာဆီယံ ၁၀ နိုင်ငံလုံးမှာရှိတဲ့ အမေရိကန် ကုမ္ပဏီတွေရဲ့ အကြီးတန်းအမှုဆောင်တွေကို ကောက်ယူခဲ့တဲ့ စစ်တမ်းမှာ ၂၀၁၇ခုနှစ်အတွင်း ကုမ္ပဏီအမြတ်ငွေ မြင့်တက်လာမယ်လို့ ခန့်မှန်းတဲ့ ကုမ္ပဏီက ၇၈ ရာခိုင်နှုန်းရှိပြီး ကမ္ဘာတစ်ဝန်းမှာ လုပ်ဆောင်နေတဲ့လုပ်ငန်းတွေအနက် အာဆီယံဈေးကွက်တွေက အရေးပါလာတယ်လို့ ပြောတဲ့သူက ထက်ဝက်ကျော်ရှိပါတယ်။ ယခုနှစ်ကုန်မှာ အာဆီယံဒေသရှိလုပ်ငန်းတွေမှာ လုပ်သားအင်အားထပ်မံဖြည့်တင်းပေးဖို့ ရည်မှန်းထားတဲ့ကုမ္ပဏီက ၄၉ ရာခိုင်နှုန်းရှိပါတယ်။ လာမယ့်ငါးနှစ်အတွင်းမှာ အာဆီယံဒေသရှိ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ဖို့ မျှော်မှန်းထားကြောင်း ပြောကြားတဲ့ ကုမ္ပဏီအရေအတွက်က ၈၇ ရာခိုင်နှုန်းရှိပါတယ်။

ထိုင်းနိုင်ငံမှာ ကောက်ယူခဲ့တဲ့ စစ်တမ်းအရ လာမယ့်နှစ်မှာ ဒေသတွင်း စီးပွားရေးလုပ်ငန်းတွေက အကျိုးအမြတ်ရရှိမယ်လို့ ခန့်မှန်းသူက ၁၀ ဦးမှာ ခုနစ်ဦးရှိပါတယ်။

ထိုင်းနိုင်ငံမှာ ဆောင်ရွက်နေတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေရဲ့ အခြေအနေက ယိုယွင်းနေတယ်လို့ ပြောကြားသူက ၃၅ ရာခိုင်နှုန်းရှိပါတယ်။ ဒါပေမယ့် ကမ္ဘောဒီးယား၊ မြန်မာ၊ ဖိလစ်ပိုင်နဲ့ ဗီယက်နမ်တို့မှာ ဆောင်ရွက်နေတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်ကောင်းမွန်ကြောင်း ပြောကြားသူက ၇၀ ရာခိုင်နှုန်းနဲ့အထက်မှာ ရှိပါတယ်။

အဂတိ လိုက်စားမှု၊ ကိုယ်ကျိုးစီးပွားကာကွယ်မှု၊ အစိုးရနဲ့ နိုင်ငံရေးစနစ်မတည်ငြိမ်မှုနဲ့ အကောက်ခွန်ဌာနမှာ ရှင်းလင်းရေးဆောင်ရွက်ရာမှာ ခက်ခဲမှု စတာတွေကြောင့် ထိုင်းနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းတွေဆောင်ရွက်ရာမှာ အခက်အခဲရှိတယ်လို့ ထိုင်းနိုင်ငံမှာ လုပ်ဆောင်နေတဲ့ ကုမ္ပဏီတွေက ပြောပါတယ်။

# ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖွံ့ဖြိုးရေးစီမံကိန်းကို ထုတ်ပြန်

ဝန်ဆောင်မှုစီးပွားရေး ဖွံ့ဖြိုးရေးနဲ့ လယ်သမားဝင်ငွေတိုးမြှင့်ရေး ကြိုးပမ်းမှု တစ်ရပ်အဖြစ် ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက "Commerce 4.0" မဟာဗျူဟာကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

မဟာဗျူဟာကို လာမယ့်နှစ်မှာ စတင်အကောင်အထည်ဖော်မှာဖြစ်ကြောင်း စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး အပီရာဒီတန်ထရာပွန်က ဩဂုတ် ၁၂ ရက်က ပြောပါတယ်။

မဟာဗျူဟာ ရည်မှန်းချက်မှာ ဝန်ဆောင်မှုစီးပွားရေးဖွံ့ဖြိုးမှုကို မြှင့်တင်ပေးဖို့ဖြစ်ပါတယ်။ အလားတူ "Farmers 4.0" Model အရ လယ်သမားများဖွံ့ဖြိုးတိုးတက်ရေးကို အားပေးသွားဖို့ဖြစ်ပါတယ်။ "Farmers 4.0" ဆိုတာက လယ်သမားများအနေဖြင့် သီးနှံများကို စိုက်ပျိုးရန်သာမက ထိုသီးနှံများကို ဖြန့်ဖြူးခြင်းနဲ့ ကိုယ်ပိုင်ထုတ်ကုန်များအတွက် ဈေးကွက်စီမံကိန်းများ ရေးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်သော အစီအစဉ်ဖြစ်ပါတယ်။

"Commerce 4.0" မဟာဗျူဟာကိုလည်း စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်းအသီးသီး၏ စွမ်းဆောင်ရည်ကို အနှစ်(၂၀)အမျိုးသားဖွံ့ဖြိုးရေး မဟာဗျူဟာနဲ့အညီ မြှင့်တင်ဆောင်ရွက်သွားဖို့ ရည်ရွယ်ထားကြောင်း ဝန်ကြီးကပြောပါတယ်။

ဝန်ကြီးဌာနအတွက် ဦးစားပေးလုပ်ငန်းများအနက် ဝန်ဆောင်မှုကဏ္ဍ၌ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုတော်လှန်ရေးကိုဆောင်ရွက်ရန်၊ ပို့ကုန်ပြဿနာများကို ဖြေရှင်းရန်၊အပြည်ပြည်ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများဖြင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်၊ အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းများကို ခေတ်မီစီးပွားရေးလုပ်ငန်းများအဖြစ် ဖန်တီးရန်၊ မူပိုင်ခွင့်မှတ်ပုံတင်ရေးနဲ့ ပတ်သက်သောပြဿနာများကို ဖြေရှင်းရန်နဲ့ ဝန်ကြီးဌာနကဆောင်ရွက်နေသော One Stop Service ကို အထောက်အကူပေးရန်တို့ ဖြစ်ပါတယ်။

ဝန်ကြီးဌာနရဲ့ စီမံကိန်းမှာ အဓိကရည်မှန်းထားတာက ဝန်ဆောင်မှုကဏ္ဍဖြစ်ပါတယ်။ ကမ္ဘာ့စီးပွားရေး နှေးကွေးကျဆင်းနေပေမယ့် ဒီကဏ္ဍက ခိုင်မာစွာတိုးတက်နေတဲ့အတွက် အဓိက ဦးတည်ချက်ထားဆောင်ရွက်ခြင်းဖြစ်ကြောင်း အပီရာဒီကပြောပါတယ်။

## ပညာဆက်လက် သင်ယူခြင်းမရှိတော့တဲ့ လူငယ်များကို ဖိလစ်ပိုင်အစိုးရက အခြေခံ အဆောက်အအုံ စီမံကိန်းများတွင် အလုပ်ခန့်မည်

အစိုးရအသုံးစရိတ်တိုးမြှင့်ဖို့အတွက် အစိုးရက ကန်ထရိုက်အဖွဲ့အစည်းများဖွဲ့စည်းပြီးနောက် အဲဒီအဖွဲ့အစည်းတွေမှာ ကျောင်းဆက်လက်တက်ရောက်ခြင်းမရှိတော့တဲ့ လူငယ်များကို ခန့်ထားမှာဖြစ်ကြောင်း ဖိလစ်ပင်းစတားသတင်းမှာဖော်ပြပါတယ်။ ဖိလစ်ပိုင်အစိုးရက သောင်းကျန်းသူများ အဝင်အထွက်ရှိတဲ့ နယ်မြေတွေကို ထိုးဖောက်ဝင်ရောက်နိုင်ရန် ရည်မှန်းထားရာ အဆိုပါဒေသများတွင် အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

" တိုက်ပွဲတွေဖြစ်နေတဲ့အတွက် အရင်ကဆိုရင် ပုဂ္ဂလိက ကန်ထရိုက်တွေက အဲဒီနယ်မြေတွေမှာလုပ်ငန်းတွေ မလုပ်ချင်ကြပါဘူး။ အခုကတော့ အစိုးရကတာဝန်ယူပြီး လုပ်မယ့်ပုံစံမျိုးပါ " လို့ ဘဏ္ဍာရေးဝန်ကြီး ဘင်ဂျမင် ဒိုင်အိုဒိုက စတားသတင်းဌာနကိုပြောပါတယ်။

"ကျွန်တော်တို့က အင်ဂျင်နီယာတပ်ဖွဲ့တွေ ဖွဲ့မယ်၊ သူတို့အတွက် ပစ္စည်းကိရိယာတွေပေးမယ်၊ သူတို့က အခြေခံအဆောက်အဦတည်ဆောက်ရေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးပါမယ်"လို့ ဒိုင်အိုနိုက ပြောပါတယ်။

အဖွဲ့တစ်ဖွဲ့မှာ လူ၁၂၀၀ ပါဝင်ပြီး အဲဒီအဖွဲ့ကို ဖိလစ်ပိုင်တပ်မတော်ရဲ့ စီမံခန့်ခွဲမှုအောက်မှာထားရှိကာ မင်နာဒါအိုဒေသလို နယ်မြေဒေသတွေမှာ တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီနယ်မြေဒေသရှိ သူပုန်တွေက သမ္မတ ဒူတာတေးနဲ့ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုဖို့ ကြိုးစားနေတဲ့နေရာတွေဖြစ်ပါတယ်။

"စာသင်ကျောင်း ဆောက်လုပ်ရေး၊ လယ်ယာမြေမှ ဈေးကိုသွားတဲ့ လမ်းဖောက်လုပ်ရေး စတဲ့လုပ်ငန်းတွေကို ဒီတပ်ဖွဲ့တွေက တာဝန်ယူဆောင်ရွက်မှာပါ။ ဒီလုပ်ငန်းတွေမှာ ပုဂ္ဂလိကလုပ်ငန်းတွေပါဝင်ခြင်းမရှိတဲ့အတွက် စာချုပ် ချုပ်ဆိုရတဲ့လုပ်ငန်း အဆင့်ဆင့်အတွက် အချိန်ကုန်သက်သာမှာ ဖြစ်ပါတယ်" လို့ ဒိုင်အိုနိုက ပြောပါတယ်။ ဒီတပ်ဖွဲ့တွေထဲမှာ အင်ဂျင်နီယာတွေသာမက ကျောင်းဆက်မနေတော့တဲ့ လူငယ်လူရွယ်တွေ အပါအဝင် အရပ်သားများကိုလည်းငှားရမ်းပြီး အစိုးရက လေ့ကျင့်ပေးမှာဖြစ်ပါတယ်။

## ငွေသားအသုံးပြုမှုလျှော့ချရေး စီမံကိန်းကို ဗီယက်နမ်အစိုးရက အတည်ပြု




၂၀၁၆-၂၀၂၀ ပြည့်နှစ် အီးကောမတ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ဗီယက်နမ်အစိုးရက အတည်ပြုခဲ့ပြီး အဆိုပါစီမံကိန်းအရ စားသုံးသူ ၅၀ ရာခိုင်နှုန်းက ငွေသားကိုင်တွယ်သုံးစွဲမှုကနေ အခြားပုံစံတွေ ပြောင်းလဲဆောင်ရွက်လိမ့်မယ်လို့ ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

ဗီယက်နမ်နိုင်ငံမှာ အွန်လိုင်းဈေးဝယ်မှုနဲ့ အီလက်ထရွန်းနစ်ဘဏ်လုပ်ငန်းတွေ လျင်မြန်စွာတိုးတက်လာပြီးနောက် ယခုကဲ့သို့ ရည်မှန်းချက်ချမှတ်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ငွေကြေးကိုင်တွယ်သုံးစွဲတာကနေ ပြောင်းလဲသုံးစွဲတဲ့အခါ နက်ခ်ဝပ်လုံခြုံမှုတွေ ထူးထူးခြားခြား တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ဖို့ လိုမယ်ဆိုတဲ့အချက်ကိုလည်း စီမံကိန်းမှာ ဖော်ပြပါတယ်။

အွန်လိုင်းဈေးဝယ်မယ့် လူဦးရေက ၃၀ ရာခိုင်နှုန်း တိုးတက်လာမယ်။ တစ်နှစ်သုံးစွဲမှုက အမေရိကန်ဒေါ်လာ ၃၅၀ နှုန်းရှိမယ်လို့ ခန့်မှန်းပါတယ်။ စီးပွားရေးလုပ်ငန်းတွေနဲ့ ဖောက်သည် (B2C) ဆက်သွယ်ရာမှာ အသုံးပြုတဲ့ အီးကောမတ်သုံးစွဲမှုက ၂၀ ရာခိုင်နှုန်း တိုးတက်ပြီး အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအထိရှိပါတယ်။ တစ်နည်းအားဖြင့် လက်လီနဲ့ ဝန်ဆောင်မှုလုပ်ငန်းမှ စုစုပေါင်းဝင်ငွေရဲ့ ၅ ရာခိုင်နှုန်းရှိပါတယ်။

ထို့ပြင် စူပါမားကက်များ၊ ရှော့ပင်းမောများနဲ့ စတိုးဆိုင်များအားလုံးကလည်း အကြွေးကတ်တွေကို လက်ခံသုံးစွဲပေးမှာဖြစ်ပါတယ်။ တယ်လီကွမ်၊ လျှပ်စစ်နဲ့ ရေဖြန့်ဝေမှုအတွက် ဖောက်သည်တွေထံမှ ကောက်ခံရရှိငွေများရဲ့ ၇၀ ရာခိုင်နှုန်းကို အွန်လိုင်းငွေပေးချေမှုစနစ်ကို သုံးစွဲသွားမှာဖြစ်ပါတယ်။

ငွေပေးချေမှုပြုရာမှာ လုံခြုံစိတ်ချမှုရှိတယ်လို့ ဖောက်သည်တွေက ယုံကြည်ရင် အီလက်ထရွန်းနစ်ဘဏ်လုပ်ငန်းကိုအသုံးပြုတဲ့ အီးကောမတ်ရဲ့ အလားအလာတွေက ကောင်းမွန်မှာဖြစ်ကြောင်း စီးပွားရေးပညာရှင်တွေက ပြောပါတယ်။

ယခုအချိန်ထိ ဖုန်းမှတစ်ဆင့် အမှာစာပို့တဲ့ ဖောက်သည်က ၁၁ ဒသမ ၃ သန်းရှိပါတယ်။ ဒါပေမယ့် မိုဘိုင်းဗားရှင်းရှိတဲ့ ဝက်ဘ်ဆိုက်က ၁၅ ရာခိုင်နှုန်းပဲ ရှိပါတယ်။

အွန်လိုင်းကနေ ဝယ်ယူတဲ့ ကုန်ပစ္စည်းရဲ့ အရည်အသွေးနဲ့ လုံခြုံမှုကိုတော့ သုံးစွဲသူတွေအနေနဲ့ စိုးရိမ်မှုရှိနေဆဲဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် အီးကောမတ်ညွှန်ကိန်းအရ အခြေခံအဆောက်အအုံနဲ့ ဝန်ဆောင်မှုတွေက အွန်လိုင်းငွေပေးချေမှုအတွက် လိုအပ်ချက်တွေကို ဖြည့်ဆည်းမပေးနိုင်သေးဘူးလို့ ဆိုပါတယ်။

## ဘဏ္ဍာရေး အချက်အချာဒေသအဖြစ် စင်ကာပူနိုင်ငံ ရပ်တည်နိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ နည်းပညာက အရေးပါ

ဒေသတွင်းမှာ ဘဏ္ဍာရေးအရ စင်ကာပူနိုင်ငံက ရှေ့ဆောင်အချက်အချာဒေသတစ်ခု ဖြစ်ပေါ်ရေးအတွက် Fintech လို့ခေါ်တဲ့ ဘဏ္ဍာရေးဆိုင်ရာ နည်းပညာက အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေကြောင်း စထရိတ်တိုင်းမ် သတင်းမှာ ဖော်ပြပါတယ်။

အဆိုပါ အခြေအနေများကြောင့် စင်ကာပူနိုင်ငံက ဒီနယ်ပယ်မှာ ခေါင်းဆောင်မှုအနေအထားကို ထိန်းသိမ်းထားနိုင်မယ့်နည်းလမ်းတွေ ရှာဖွေလျက်ရှိကြောင်း စင်ကာပူကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်းဝန်ကြီး အက်စ်အစ်စဝါရန်က ဩဂုတ် ၁၈ ရက်က ပြောပါတယ်။

ဘဏ္ဍာရေးဆိုင်ရာ နည်းပညာနဲ့ စင်ကာပူစီမံခန့်ခွဲမှုတက္ကသိုလ်မှာ ဘဏ္ဍာရေးပညာရပ် ထည့်သွင်းသင်ကြားရေးနဲ့ပတ်သက်တဲ့ ကွန်ဖရင့်ကိုကျင်းပခဲ့ရာ မစ္စတာအစ်စဝါရန် တက်ရောက်ပြီး အမှာစကားပြောကြားခဲ့ပါတယ်။ ဘဏ္ဍာရေး နည်းပညာကြီးကြပ်ထိန်းသိမ်းရေး၊ ခိုင်မာတောင့်တင်းတဲ့ ဘဏ္ဍာရေးဝန်းကျင် ထူထောင်ရေး ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေတဲ့ ဘဏ္ဍာရေးနည်းပညာလုပ်ငန်းနဲ့အညီ ဖြည့်ဆည်းပေးနိုင်မယ့် ကျွမ်းကျင်မှု စွမ်းရည်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးဖို့လိုကြောင်း အဆိုပါအခမ်းအနားမှာ မစ္စတာအစ်စဝါရန်က ပြောပါတယ်။

ဘဏ္ဍာရေးနည်းပညာ ကြီးကြပ်ထိန်းသိမ်းမှုဆိုင်ရာ စဉ်းစားတွေးခေါ်မှုအတွက် ရှေ့တန်းကနေ ရပ်တည်နိုင် အောင်စင်ကာပူက နည်းလမ်း ရှာနေကြောင်းနဲ့ ဘဏ္ဍာရေးနည်းပညာကဏ္ဍမှာ တီထွင်ဆန်းသစ်မှု ရှိတဲ့ ပတ်ဝန်းကျင်ကို ဖန်တီးပေးပြီး ဘဏ္ဍာရေးနည်းပညာ တည်ငြိမ်လုံခြုံမှုရှိဖို့ ကြိုးစားနေကြောင်း သူက ပြောပါတယ်။ ဘဏ္ဍာရေးနည်းပညာ ချမှတ်ရာမှာ စင်ကာပူကုမ္ပဏီတွေကို အစိုးရကကူညီပေးသွားမှာဖြစ်ပြီး အထူးသဖြင့် အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေကို အထောက်အကူပေးမယ့် အီလက်ထရွန်းနစ်ငွေပေးချေမှုကို တိုးတက်အောင် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

"ဒီလို ဒီဂျစ်တယ်စနစ် ထူထောင်ရေးကို ဆောင်ရွက်ရာမှာ ရင်းနှီးမြှုပ်နှံမှုလိုအပ်မှာဖြစ်ပြီး ဒီရင်းနှီးမြှုပ်နှံမှုကလည်း ချက်ချင်းအကျိုးအမြတ်ဖြစ်ထွန်းမှာ မဟုတ်ဘူး" လို့ သူက ပြောပါတယ်။

ဒါပေမယ့် အီလက်ထရွန်းနစ် ငွေပေးချေမှုစနစ်က အီးကောမက်လုပ်ငန်းမှာ စီးပွားရေးလုပ်ငန်းတွေ ပိုမိုပါဝင်လာအောင် စွမ်းဆောင်ပေးမှာ ဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**မနီလာ**

တိုင်းပြည်ရဲ့ ကပ်ဆိုးကြီးတစ်ခုအဖြစ် သူတင်စားခေါ်ဝေါ်ခဲ့တဲ့ အကျင့်ပျက်ခြစားမှုနဲ့ အခြားလက်သင့်မခံနိုင်တဲ့ အလေ့အကျင့်များ မကြုံတွေ့ရအောင် ကာကွယ်ဖို့ အာမခံချက်ပေးပြီးနောက် အခြားနိုင်ငံများအား ဖိလစ်ပိုင်နိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ဖိတ်ခေါ်ထားကြောင်း ဖိလ်စတားသတင်းမှာ ဖော်ပြပါတယ်။

**ဂျကာတာ**

စီးကရက်၊ ခေါက်ဆွဲနဲ့ သစ်သီးဖျော်ရည်ကြော်ငြာတွေက အင်ဒိုနီးရှားမီဒီယာ ကြော်ငြာတွေကို လွှမ်းမိုးနေပြီး ယခုပထမနှစ်ဝက်အတွင်း ကြော်ငြာခ တန်ဖိုးက ရူပြား ၆၇ ဒသမ ၇ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၅ သန်း) အထိ ရောက်ရှိခဲ့ရာ ၂၀၁၅ ခုနှစ် ကာလတူထက် ၁၈ ဒသမ ၁၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဂျကာတာပို့စ် သတင်းမှာ ဖော်ပြပါတယ်။

**ဆိုးလ်**

အထူး စီးပွားရေးဇုန်များက ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေကို အပြည့်အဝ ဆွဲဆောင်နိုင်မှုမရှိခဲ့တဲ့အတွက် တောင်ကိုရီးယားနိုင်ငံက လွတ်လပ်တဲ့ စီးပွားရေးဇုန်ဆိုင်ရာ မူဝါဒတွေကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မယ်လို့ တောင်ကိုရီးယား ကုန်သွယ်ရေးဝန်ကြီး ဂျူးဟွန်ဝှန်က အင်ချွန်မှာကျင်းပတဲ့ အခမ်းအနားတစ်ခုမှာ ကျွမ်းကျင်သူတွေနဲ့ စီးပွားရေးသမားတွေကိုပြောကြောင်း ယွန်းဟပ် သတင်းမှာ ဖော်ပြပါတယ်။

**တိုကျို**

ဂျပန်ဗဟိုဘဏ်က ငွေကြေးမူဝါဒလျှော့ချမှုတွေကို အဆမတန် ဆောင်ရွက်ပြီးနောက်ပိုင်း ဂျပန်ကုန်ချောထုတ်လုပ်သူများရဲ့ စီးပွားရေးအပေါ် ယုံကြည်မှုက ကျဆင်းခဲ့ကြောင်းနဲ့ အဆိုပါ အခြေအနေကို ကြည့်ခြင်းအားဖြင့် ပြည်ပပို့ကုန်နဲ့ စားသုံးသူ သုံးစွဲမှု ကျဆင်းနေတဲ့ ဂျပန်စီးပွားရေးကို ထပ်မံအားနည်းအောင် တွန်းပို့လျက်ရှိနေတာကို တွေ့ရမှာဖြစ်ကြောင်း ဩဂုတ် ၁၉ ရက်က ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

## SOUTH ASIA

# တီထွင်ဆန်းသစ်မှုအရှိဆုံး နိုင်ငံများစာရင်းမှာ အိန္ဒိယနိုင်ငံက အဆင့် ၆၆ မှာရှိ

ကုလသမဂ္ဂ ကမ္ဘာ့အသိဉာဏ်ပိုင်ဆိုင်ခွင့်အဖွဲ့ (WIPO) က ကမ္ဘာ့တီထွင်ဆန်းသစ်မှုဆိုင်ရာ အဆင့်သတ်မှတ်ချက် အစီရင်ခံစာကို ထုတ်ပြန်ခဲ့ရာ ယခုနှစ် အဆင့်သတ်မှတ်ချက်မှာ အိန္ဒိယနိုင်ငံက အဆင့် ၆၆ ကိုရောက်ရှိခဲ့တဲ့အတွက် ယခင်နှစ်ကရှိခဲ့တဲ့ အဆင့် ၈၁ နဲ့နှိုင်းယှဉ်ရင် ၁၅ ဆင့်မြင့်တက်ခဲ့ကြောင်းသတင်းမှာ ဖော်ပြပါတယ်။

WIPO အဖွဲ့က ကမ္ဘာ့တီထွင်ဆန်းသစ်မှု အညွှန်းကိန်းကိုထုတ်ပြန်ခဲ့ရာ အဆိုပါအညွှန်းကိန်းမှာ ပါဝင်တဲ့ကဏ္ဍများအနက် စျေးကွက်အဆင့်အတန်း မြင့်တက်မှုမှာ အဆင့် ၃၃၊ အသိပညာဗဟုသုတနဲ့ နည်းပညာထုတ်လုပ်မှုမှာ အဆင့် ၄၃ ရှိပြီး အဆိုပါကဏ္ဍများက ကမ္ဘာ့ထိပ်တန်းအဆင့် ၅၀ ထဲမှာ ပါဝင်ခဲ့ ပါတယ်။

ကဏ္ဍအားလုံးမှာ အိန္ဒိယနိုင်ငံက တည်ငြိမ်တဲ့အဆင့်ကို ထိန်းထားနိုင်သလို တချို့ကဏ္ဍတွေမှာ ပိုမိုကောင်းမွန်တာကိုတွေ့ရပါတယ်။ အထူးခြားဆုံး တိုးတက်မှုရှိတဲ့ကဏ္ဍတွေက အဆင့် ၄၀ ပိုမိုမြင့်တက်လာတဲ့ လူသားအရင်းအနှီးနဲ့ သုတေသနလုပ်ငန်းနဲ့ အဆင့် ၅၉ ဆင့်ပိုမိုမြင့်တက်လာတဲ့ စီးပွားရေး လုပ်ငန်းဆန်းသစ်တီထွင်မှုကဏ္ဍတို့ ဖြစ်ပါတယ်။

လူသားအရင်းအမြစ်နဲ့ သုတေသနကဏ္ဍမှာ တိုးတက်မှုတွေရရှိခဲ့ပြီးဖြစ်ရာ အထူးသဖြင့် အင်ဂျင်နီယာဘွဲ့ရ တိုးတက်မှုအခြေအနေမှာ ယခုနှစ်အတွင်း အဆင့်ရှစ်အထိ ရောက်ရှိခဲ့ပါတယ်။

စီးပွားရေးလုပ်ငန်းများ ခေတ်မီဆန်းသစ်မှုမှာ အသိပညာဗဟုသုတ ပြည့်စုံတဲ့လုပ်သားတွေ တိုးတက်လာတာကို တွေ့ရပါတယ်။ ပုံမှန်လေ့ကျင့်မှုသင်တန်းတွေ ပေးနေရာမှာ အိန္ဒိယနိုင်ငံက အဆင့် ၅၆ ဆင့် ပိုမိုတိုးတက်ပြီး အဆင့် ၄၂ နေရာကို ရရှိခဲ့ပါတယ်။

## USA

# ဗဟိုဘဏ် အတိုးနှုန်း မြှင့်တင်ရေးအတွက် အမေရိကန် ဗဟိုဘဏ် အရာရှိများ သဘောထားကွဲလွဲ

ဗဟိုဘဏ် အတိုးနှုန်းမြှင့်တင်ရေးနဲ့ပတ်သက်ပြီး ဇူလိုင်အစည်းအဝေးမှာ ဗဟိုဘဏ်အရာရှိတို့ သဘောထားကွဲလွဲမှုရှိခဲ့ကြောင်း၊ ငွေကြေးဖောင်းပွမှုနှုန်း တိုးတက်ကောင်းမွန်လာတဲ့အတွက် အချို့က အတိုးနှုန်းမြှင့်တင်လိုကြပြီး အချို့ကမူ အလုပ်သမားဈေးကွက် တိုးတက် ကောင်းမွန်လာတဲ့အထိ စောင့်ကြည့်စေလိုကြောင်း အိုင်းရစ်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က ဇူလိုင် ၂၆-၂၇ ရက်မှာကျင်းပခဲ့တဲ့ အစည်းအဝေးမှတ်တမ်းကို ဩဂုတ် ၁၇ ရက်က ထုတ်ပြန်ခဲ့ပါတယ်။ ဒီလိုသဘောထား အမြင်ကွဲလွဲတာကို ကြည့်ခြင်းဖြင့် ဗဟိုဘဏ်တာဝန်ရှိသူတွေက အတိုးနှုန်းမြှင့်တင်မပေးမီ ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်လာပြီဆိုတာနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီဆိုတာကို ခိုင်မာတဲ့ အထောက်အထားရဖို့လိုနေသေးတယ်လို့ ယူဆမှုတွေရှိနေတဲ့ သဘောကို တွေ့ရပါတယ်။

ဝိုင်ယိုမင်းပြည်နယ် ဂျက်ကဆန်ဟိုးမှာရှိတဲ့ ကင်းဆပ်စီးတီး ဗဟိုဘဏ်က ဩဂုတ် ၂၆ ရက်မှာ ကျင်းပမယ့် နှစ်ပတ်လည်အစည်းအဝေးမှာ အမေရိကန် ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက်ယက်လင် အဖွင့်မိန့်ခွန်းပြောဖို့ရှိရာ ရင်းနှီးမြှုပ်နှံသူတွေက အဲဒီမိန့်ခွန်းကို စောင့်ကြည့်ကြဦးမှာ ဖြစ်ပါတယ်။

အတိုးနှုန်းမြှင့်တင်မယ့် အချိန်သတ်မှတ်ဖို့ ကိစ္စကို အစီရင်ခံစာမှာ ဖော်ပြထားခြင်း မရှိပါဘူး။ ဇူလိုင်အစည်းအဝေးမှာ ဗဟိုဘဏ်အရာရှိအချို့က အတိုးနှုန်းတိုးပေးဖို့ ပြောကြောင်းကိုသာ အစည်းအဝေးမှတ်တမ်းမှာ ဖော်ပြပါတယ်။

## MIDDLE EAST



# ရေနံထုတ်လုပ်မှု လျှော့ချမယ့်မျှော်လင့်ချက် မြင့်တက်လာ

ရေနံထုတ်လုပ်ရာမှာ ထိပ်တန်းနိုင်ငံဖြစ်တဲ့ ဆော်ဒီအာရေဘီးယားက ရေနံစျေးနှုန်းမြှင့်တင်လိုတဲ့ လက္ခဏာကိုပြသလာတဲ့အတွက် စက်တင်ဘာမှာ အိုပက်အဖွဲ့နဲ့ အိုပက်အဖွဲ့ဝင်မဟုတ်တဲ့နိုင်ငံတွေ တွေ့ဆုံတဲ့အခါ ရေနံထုတ်လုပ်မှုထိန်းချုပ်ရေးနဲ့ ပတ်သက်တဲ့ ဆွေးနွေးမှုတွေ ရှိလာနိုင်ကြောင်းနဲ့ အီရန်၊ အီရတ်နဲ့ ရုရှားနိုင်ငံတို့ကိုမူ စေ့စပ်ညှိနှိုင်းရန် ခက်ခဲနိုင်ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ရေနံစျေးကွက်တွေ တည်ငြိမ်ရေးအတွက် ဆော်ဒီအာရေဗီးယားနိုင်ငံက အိုပက်အဖွဲ့နဲ့ အိုပက်အဖွဲ့ဝင်မဟုတ်တဲ့ နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှာဖြစ်ကြောင်း ရေနံဝန်ကြီး ခါလစ်အယ်လ်ဖာလစ်က ဩဂုတ် ၁၁ ရက်က ပြောကြားခဲ့ပါတယ်။ သူ့ရဲ့ပြောကြားချက်ကြောင့် ကမ္ဘာ့ရေနံထုတ်လုပ်မှုအတွက် မျှော်လင့်ချက်တွေ မြင့်တက်လာခဲ့ပါတယ်။

“ဆော်ဒီရေနံဝန်ကြီးရဲ့ ပြောစကားကြောင့် ရေနံထုတ်လုပ်မှုထိန်းကွပ်ရေးအတွက် အပြုသဘော အလားအလာတွေ တွေ့နေရပါတယ်။ ဒါပေမယ့် မေးစရာတစ်ခုရှိတာက ဘယ်အဆင့်အထိ လျှော့ချမှာလဲဆိုတဲ့ အချက်ပါ”လို့ အရှေ့အလယ်ပိုင်းမှ ရေနံထုတ်လုပ်သူတစ်ဦးက ပြောပါတယ်။

ရုရှားနိုင်ငံကလည်း ရေနံစျေးကွက်တည်ငြိမ်ရေးအတွက် ဆောင်ရွက်ဖို့ ဆော်ဒီအာရေဘီးယား အပါအဝင် တခြား ရေနံထုတ်လုပ်သူတွေနဲ့ ညှိနှိုင်းနေကြောင်း ဖာလစ်ရဲ့ ဝေဖန်ပြောကြားချက် ထွက်ပေါ်ပြီးနောက်ပိုင်း တစ်ရက်အကြာမှာ ရုရှားရေနံဝန်ကြီး အလက်ဇန္ဒား နိုဗက်ကပြောပါတယ်။ လိုအပ်ပါက ရေနံထုတ်လုပ်မှု လျှော့ချရေး ဆွေးနွေးရန် တံခါးဖွင့်ထားဆဲ ဖြစ်ကြောင်းလည်း ပြောပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

## EAST ASIA

# ၂၀၁၇ ခုနှစ်မှာ အနိမ့်ဆုံးလုပ်ခလစာအောက် နိမ့်ကျတဲ့လစာကိုရရှိမယ့် တောင်ကိုရီးယားလုပ်သား သုံးသန်းကျော်မည်

၂၀၁၇ ခုနှစ်မှာ အနိမ့်ဆုံး လုပ်ခလစာအဖြစ် သတ်မှတ်ထားတဲ့ လုပ်ခကိုပင် ပြည့်မီအောင် မရတဲ့ တောင်ကိုရီးယား လုပ်သားအရေအတွက်က သုံးသန်းကျော်နိုင်တယ်လို့ ဩဂုတ် ၁၆ ရက်က ထုတ်ပြန်တဲ့ တောင်ကိုရီးယား ဗဟိုဘဏ်အစီရင်ခံစာမှာ ဖော်ပြထားကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

တောင်ကိုးရီးယားမှာ အနိမ့်ဆုံး လုပ်ခအောက် နိမ့်ကျတဲ့လုပ်ခကို ရရှိ သူဦးရေက ၂၀၁၀ ပြည့်နှစ်မှာ ၂ ဒသမ ၆ သန်းရှိရာမှ ၂၀၁၇ ခုနှစ်မှာ ၃ ဒသမ ၁၃ သန်းအထိ ရောက်ရှိလာနိုင်ကြောင်း အစီရင်ခံစာမှာ ဖော်ပြပါတယ်။ စုစုပေါင်းလုပ်သားများအနက် အနိမ့်ဆုံးလုပ်ခအောက် နိမ့်ကျတဲ့ လုပ်ခကို ရရှိသူအရေအတွက်က ၂၀၁၀ ပြည့်နှစ် မှာ ၁၂ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်မှာ ၁၆ ဒသမ ၃ ရာခိုင်နှုန်း အထိ ရောက်ရှိမယ်လို့ အစီရင်ခံစာမှာဖော်ပြပါတယ်။လုပ်ခကို ပြည့်မီအောင်မရတဲ့ လုပ်ငန်းကဏ္ဍတွေထဲမှာ လယ် ယာစိုက်ပျိုးရေး ၊ ငါးဖမ်းလုပ်ငန်း၊ အစားအစာနဲ့ တည်းခိုခန်းလုပ်ငန်းတွေ ဖြစ်ပါတယ်။

တောင်ကိုရီးယားရဲ့ အနိမ့်ဆုံး လစာသတ်မှတ်ချက်က ၂၀၁၀ ပြည့်နှစ်မှာ တစ်နာရီကို ၄၁၁၀ ဝမ်နှုန်းရှိခဲ့ရာ ၂၀၁၇ ခုနှစ်မှာ ၅၇ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ပြီး တစ်နာရီကို ဝမ် ၆၄၇၀ (အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၀ ) နှုန်း ရှိလာမှာဖြစ်ပါတယ်။ လုပ်ခသတ်မှတ်ချက်နဲ့ပတ်သက်တဲ့ ဥပဒေပြဋ္ဌာန်းချက်တွေမှာ အားနည်းချက်တွေရှိခြင်းနဲ့ အလုပ်သမားရေးရာ စစ်ဆေးမှုတွေမှာ ပျော့ပျောင်းမှုရှိခြင်းတို့ကြောင့် ဖြစ်ကြောင်း ဗဟိုဘဏ်က ပြောပါတယ်။

# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်



အာရှငွေကြေးအများစုနဲ့ ဖလှယ်ရာမှာ အမေရိကန်ဒေါ်လာ တန်ဖိုးက ဩဂုတ် ၁၉ ရက်မှာ မြင့်တက်လာတာကို တွေ့ရပါတယ်။ ဒါပေမယ့် အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်း မြှင့်တင်ပေးမယ့် အလားအလာများနဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာတဲ့ သံသယတွေကြောင့် ဒေါ်လာတန်ဖိုးမြင့်တက်မှုကို အထိန်းအကွပ်ဖြစ်စေခဲ့ပါတယ်။

ဩဂုတ် ၁၇ ရက်က ထုတ်ပြန်တဲ့ အမေရိကန် ဗဟိုဘဏ် အစည်းအဝေးမှတ်တမ်းအရ အတိုးနှုန်းမြှင့်တင်ရေးကိစ္စမှာ မရေမရာဖြစ်နေတဲ့အတွက် ဩဂုတ်နောက်ဆုံး ရက်သတ္တပတ်မှာ ဝိုင်ယိုမင်းရှိဂျက်က ဆန်းဟိုးမှာ ပြုလုပ်မယ့် နှစ်ပတ်လည် စီးပွားရေးဆွေးနွေးပွဲမှာ အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ ပြောကြားမယ့်စကားကို ဈေးကွက်တွေက စောင့်နေပါတယ်။

အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ဖို့ ဆုံးဖြတ်ခဲ့ပြီးနောက် ယူရိုဇုန်မှာ အကျပ်အတည်းသစ်တွေ ပေါ်ပေါက်လာခဲ့ကြောင်း ဥရောပဗဟိုဘဏ်(အီးစီဘီ) မူဝါဒရေးဆွဲသူတွေက ဇူလိုင်အစည်းအဝေးမှာ သတိပေးထားပါတယ်။ ဒါပေမယ့် မူဝါဒအစီအမံသစ်တွေချမှတ်ဖို့ အချိန်စောသေးကြောင်း အစည်းအဝေးမှတ်တမ်းမှာ ဖော်ပြပါတယ်။

### တရုတ်ယွမ်

တရုတ်ဗဟိုဘဏ်က ရည်ညွှန်းဖလှယ်နှုန်းကို မြှင့်တင်ပေးခဲ့ပေမယ့် ဩဂုတ် ၁၉ ရက်မှာ ယွမ်ငွေတန်ဖိုးကျဆင်းခဲ့ကြောင်း ကုန်သည်တွေက ပြောပါတယ်။ တရုတ်ဗဟိုဘဏ်က ရည်ညွှန်းဖလှယ်နှုန်းကို ဈေးဖွင့်ချိန်မှာ အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၆၂ ယွမ်နှုန်းသတ်မှတ်ခဲ့ရာ ဩဂုတ် ၁၈ ရက်က သတ်မှတ်နှုန်းဖြစ်တဲ့ ၆ ဒသမ ၆၂၇၃ ယွမ်နှုန်းထက် ယွမ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။ ဟောင်ကောင်မှာ Offshore ယွမ်ကို ဩဂုတ် ၅ ရက်နောက်ပိုင်း အရောင်းအများဆုံး ဖြစ်ခဲ့တဲ့အတွက် တန်ဖိုးအားဖြင့် သုညဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန် တစ် ဒေါ်လာကို ၆ ဒသမ ၆၅၁၀ ယွမ်နှုန်းရှိခဲ့ပါတယ်။ ရှန်ဟဲမှာ Onshore ယွမ်ဈေးနှုန်းက အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၆၃၂၄ ယွမ်နှုန်းရှိခဲ့ပါတယ်။

### အိန္ဒိယရူပီး

ဘဏ်များနဲ့ သွင်းကုန်လုပ်ငန်းများက အမေရိကန်ငွေကြေးကို ဝယ်လိုအားမြင့်မားပြီးနောက်ပိုင်း ဩဂုတ် ၁၉ ရက်က ဘဏ်အချင်းချင်း နိုင်ငံခြားငွေကြေးဖလှယ်ရေး ဈေးကွက်မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့ အခါ ရူပီးတန်ဖိုးက သုညဒသမ ၁၅ ရူပီးနှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၆၆ ဒသမ ၉၆ ရူပီးနှုန်းရှိခဲ့ပါတယ်။ ပြည်ပဈေးကွက်တွေမှာ အမေရိကန်ဒေါ်လာက တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာ တန်ဖိုးမြင့်တက်မှုက ရူပီးငွေကြေးအပေါ် ဖိအားပေးမှု ရှိခဲ့ပေမယ့် ပြည်တွင်းရှယ်ယာ ဈေးကွက်မှာ အိန္ဒိယရှယ်ယာတွေ တန်ဖိုးမြင့်တက်မှုက ရူပီးတန်ဖိုးကျဆင်းမှုကို သက်သာစေခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

### ဂျပန်ယန်း

ယခုရက်သတ္တပတ် စောစောပိုင်းကယန်းငွေတန်ဖိုး မြင့်တက်ခဲ့ပေမယ့် ဆက်လက်မြင့်တက်မယ့် အလားအလာတွေမရှိတဲ့အတွက် ဩဂုတ် ၁၉ ရက်က အာရှဈေးကွက်မှာ ယန်းငွေကို အမေရိကန် ဒေါ်လာ၊ ယူရိုတို့နဲ့ ဖလှယ်တဲ့အခါ ယန်းတန်ဖိုး ကျဆင်းခဲ့ပါတယ်။

အမေရိကန်ဒေါ်လာ တန်ဖိုးက ဩဂုတ် ၁၈ ရက်က နယူးယောက်ဈေးကွက်မှာ အမေရိကန်တစ်ဒေါ်လာကို ၉၉ ဒသမ ၈၇ ယန်းနှုန်း ရှိရာမှ နောက်တစ်နေ့မှာ သုညဒသမ ၂၁ ရာခိုင်နှုန်း မြင့်တက်ပြီး ၁၀၀ ဒသမ ၃၀ နှုန်းအထိ ရောက်ရှိခဲ့ပါတယ်။ ယူရိုငွေကြေးတန်ဖိုးက ဩဂုတ် ၁၈ ရက်မှာ တစ်ယူရိုကို ၁၁၃ ဒသမ ၄၄ ယန်းနှုန်း ရှိခဲ့ရာမှ နောက်တစ်ရက်မှာ ၁၁၃ ဒသမ ၈၇ ယန်းနှုန်းရှိခဲ့ပါတယ်။

### မလေးရှားရင်းဂစ်

ပြည်တွင်းငွေကြေး ရင်းဂစ်နဲ့ အခြားအာရှငွေကြေးများရဲ့ ဝယ်လိုအားမြင့်တက်လာတဲ့အတွက် ဩဂုတ် ၁၉ ရက်မှာ ရင်းဂစ်ငွေကြေးတန်ဖိုးက ဆက်လက် မြင့်တက်ခဲ့ပါတယ်။ ဒေါ်လာနဲ့ ရင်းဂစ်ဖလှယ်နှုန်းက ဩဂုတ် ၁၈ ရက်မှာ အမေရိကန် တစ်ဒေါ်လာကို ၃ ဒသမ ၉၉၂၅ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့ နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၃ ဒသမ ၉၉၂၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။တစ်ခြားငွေကြေးများနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးက အများအားဖြင့် မြင့်တက်ခဲ့ပါတယ်။

### တောင်ကိုရီးယားဝမ်

ဆမ်ဆောင်း အီလက်ထရွန်းနစ်ကဦးဆောင်ပြီး ရှယ်ယာဈေးနှုန်းတွေမြင့်တက်ခဲ့တဲ့အတွက် ဩဂုတ် ၁၉ ရက်မှာ တောင်ကိုးရီးယား ရှယ်ယာတွေက ယခုနှစ်အတွင်း အမြင့်ဆုံးနှုန်းအထိ ရောက်ရှိခဲ့ပါတယ်။ ဒါပေမယ့် တောင်ကိုရီးယား ဝမ်ငွေကြေးတန်ဖိုးက ယခင်နေ့ကထက် ၁၀ ဒသမ ၃၅ ဝမ်နှုန်းကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၁၁၁၇ ဒသမ ၅၅ ဝမ်နှုန်းရှိခဲ့ပါတယ်။

### ထိုင်းဘတ်

ပြည်ပဝယ်လိုအား မြင့်မားတဲ့ ဗန်ကောက်ရှယ်ယာတွေနဲ့ ထိုင်း အစိုးရဘွန်းစာချုပ်တွေရဲ့ တန်ဖိုးမြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် ဘတ်ငွေတန်ဖိုးမြင့်တက်မှုကို ထိန်းချုပ်ဖို့ ထိုင်းဗဟိုဘဏ်က ဝင်ရောက်စွက်ဖက်မယ့် အလားအလာကြောင့် ဘတ်ငွေတန်ဖိုးမြင့်တက်မှုကို လျော့ကျစေခဲ့ပါတယ်။

ဩဂုတ် ၁၉ ရက်မှာ ရိုက်တာက ပြုစုထားတဲ့ ကိန်းဂဏန်းများအရ ဘတ်ငွေတန်ဖိုး သုညဒသမ ၀၃ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၃၄ ဒသမ ၅၉ ဘတ်နှုန်း ရှိခဲ့ပါတယ်။

**ဘဏ်တင်-စုစည်းတင်ပြသည်**

## ဂျပန်ဗဟိုဘဏ်က ငွေကြေးမူဝါဒကို ပြန်လည်သုံးသပ်မည်

ဂျပန်ဗဟိုဘဏ်က ငွေကြေးစားချုပ်စာတမ်းများဝယ်ယူမှု (Assets Purchasing) ကို အလုံးအရင်းဖြင့် ဆောင်ရွက်ပြီး လှည့်လည်ငွေကြေးတိုးတက်အောင် ဆောင်ရွက်ဖို့ ရည်မှန်းချက်ထားလျက်ရှိရာ ဗဟိုဘဏ်မူဝါဒ အစည်းအဝေးတွင် အဆိုပါကိစ္စမှာ ငြင်းခုံဆွေးနွေးစရာဖြစ်လာနိုင်ကြောင်း အဆာဟိသတင်းမှာ ဖော်ပြထားပါတယ်။ ဒါပေမယ့်နှစ်ပေါင်းများစွာ ကျင့်သုံးလာခဲ့တဲ့ ဘွန်းစာချုပ်ဝယ်ယူမှုတွေကို ရှောင်ရှား ဖို့ကတော့ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါ တယ်။

ဗဟိုဘဏ်ရဲ့ မူဝါဒတွေနဲ့ ဒီမူဝါဒတွေရဲ့ ထိရောက်မှု အခြေအနေတွေကို ပြန်လည်သုံးသပ်မယ်လို့ ဂျပန်ဗဟိုဘဏ်က ဇူလိုင်လအတွင်းက ကြေညာခဲ့ပါတယ်။ ဒီကြေညာချက်ကြောင့် အစိုးရက ဘွန်းစာချုပ်တွေဝယ်ယူတာကို လျှော့ချလိမ့်မယ်လို့ ရင်းနှီးမြှုပ်နှံသူတွေက တွက်ဆပြီး စိုးရိမ်မှုတွေရှိလာတဲ့အတွက် ဘွန်းစာချုပ်တွေ ပြန်လည်ရောင်းချတာက တစ်ဟုန်ထိုး မြင့်တက်လာခဲ့ပါတယ်။

ငွေသားနဲ့ လှည့်လည်နေတဲ့ ငွေကြေးကို နှစ်စဉ်ယန်းထရီလီယံ ၈၀ ရှိအောင် ဆောင်ရွက်ပေးမယ်လို့ ဗဟို ဘဏ်က ကတိပြုထားပါတယ်။ ဒီကတိကို စောင့်ထိန်းနိုင်ဖို့အတွက် ဗဟိုဘဏ်က လောလောဆယ်မှာ ဘွန်းစာချုပ်တွေကို အကြမ်းအားဖြင့် နှစ်စဉ် ယန်းဘီလီယံ ၁၁၀ နဲ့ ၁၂၀ အကြား ဝယ်ယူလျက်ရှိပါတယ်။

ဗဟိုဘဏ်က ငွေကြေးဖောင်းပွမှုနှုန်း ၂ ရာခိုင်နှုန်းအထိ ရောက်ရှိအောင် ဆောင်ရွက်ပြီး ထိန်းထားဖို့ ကတိပြုထားရာ ဆောင်ရွက်မှုတွေကို ပြန်လည်သုံးသပ်ဖို့ဂျပန်ဗဟိုဘဏ်က ပြင်ဆင်ထားကြောင်း သက်ဆိုင်ရာ ရိုက်တာသတင်းဌာနကို ပြောပါတယ်။

## အမေရိကန်ဗဟိုဘဏ်အတိုးနှုန်း မြှင့်တင်ဖို့ ဗဟိုဘဏ်အရာရှိတစ်ဦးက တိုက်တွန်း



အတိုးနှုန်းနိမ့်ကျမှုကြောင့် အနာဂတ်ကာလမှာ စီးပွားရေးဆုတ်ကပ် ပိုမိုနက်ရှိုင်းလာနိုင်ပါတယ်။ အတိုးနှုန်းလျော့ချပေးရမယ့် အခြေအနေမျိုးကို ရှောင်ရှားဖို့ ပိုမိုခက်ခဲလာနိုင်တဲ့အတွက် ဗဟိုဘဏ်များနဲ့ သက်ဆိုင်ရာအစိုးရတို့က ဆက်တိုက်ကျဆင်းနေတဲ့ အတိုးနှုန်းတွေကို ဖြေရှင်းနိုင်မယ့် မူဝါဒတွေချမှတ်ဖို့လိုတယ်လို့ အမေရိကန်ဗဟိုဘဏ်အရာရှိတစ်ဦးဖြစ်သူ ဆန်ဖရန်စစ္စကို ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျွန်ဝီလီယံက ဩဂုတ် ၁၅ ရက်က ပြောပါတယ်။

ငွေကြေးဖောင်းပွမှုနှုန်းကို မြင့်မားစွာ သတ်မှတ်ခြင်း၊ ကုန်ထုတ်လုပ်မှုနဲ့ ငွေကြေးမူဝါဒကို တိုက်ရိုက်ချိတ်ဆက်ထားခြင်း၊ စီးပွားရေးနှေးကွေးကျဆင်းမှုကို အလိုအလျောက် ထိန်းချုပ်ပေးနိုင်ဖို့အတွက် အစိုးရအသုံးစရိတ်အစီအစဉ်များကို ချမှတ်ခြင်းနဲ့ ပညာရေးနဲ့ သုတေသနလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်း စတဲ့လုပ်ငန်းများက မူဝါဒချမှတ်တဲ့အခါ စဉ်းစားရမယ့်အချက်တွေဖြစ်ကြောင်း ဂျွန်ဝီလီယံက ပြောပါတယ်။

ဒီလိုပြောင်းလဲမှုတွေကို မလုပ်ဘူးဆိုရင် မူဝါဒရေးဆွဲသူတွေက အခက်အခဲတွေနဲ့ ရင်ဆိုင်တွေ့ကြုံရနိုင်တယ်လို့ ဝီလီယံက သတိပေးပါတယ်။

" ရိုးရိုးအတိုးနှုန်းနဲ့ ငွေကြေးဖောင်းပွမှုနှုန်းတွေ အရမ်းကျဆင်းနေချိန်မှာ စီးပွားရေးနှေးကွေးကျဆင်းတာကို တုံ့ပြန်ဖြေရှင်းဖို့ ဆောင်ရွက်ရာမှာ ဗဟိုဘဏ်တွေကအတိုးနှုန်းလျှော့ချပေးရုံနဲ့တော့ မလုံလောက်နိုင်ပါဘူး"လို့ ဒေသတွင်းဗဟိုဘဏ်က နောက်ဆုံးထုတ်ပြန်တဲ့ "Economic Letter" စာစောင်မှာ ဝီလီယံက ဖော်ပြခဲ့ပါတယ်။

ဗဟိုဘဏ်နဲ့ပတ်သက်ပြီး မူဝါဒ ကျယ်ကျယ်ပြန့်ပြန့် ပြောင်းလဲဖို့ ဝီလီယံရဲ့ တိုက်တွန်းချက်က အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ် ဘင်ဘာနန်ကီ ဆောင်ရွက်တဲ့အချိန်ကလည်း ပုံမှန်ကျင့်သုံးလေ့ရှိတဲ့နည်းလမ်းတစ်ခုဖြစ်ပါတယ်။

## မန္တလေး–မြို့သာစက်မှုဥယျာဉ် တည်ဆောက်ရေး စီမံကိန်း

မန္တလေး–မြို့သာ စက်မှုဥယျာဉ် အနာဂါတ်ပုံရိပ်

**မန္တလေး–မြို့သာ စက်မှုဥယျာဉ်တွင် ပါဝင်သည့် စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများ**

- လယ်ယာသုံးစက်နှင့် စက်အရံအပိုပစ္စည်းများထုတ်လုပ်သည့်စက်ရုံများ
- သယ်ယူပို့ဆောင်ရေးနှင့် ကုန်သိုလှောင်ရုံများ
- အထည်ချုပ်စက်ရုံများ၊ အိမ်သုံးပရိဘောဂဆိုင်ရာ ထုတ်လုပ်သည့်စက်ရုံများ
- SME - စက်ရုံများ၊ ဟိုတယ်နှင့် စားသောက်ကုန်ထုတ်လုပ်သည့် စက်ရုံများ
- Electronic & I.T ဆိုင်ရာထုတ်လုပ်သည့် စက်ရုံများ
- လျှပ်စစ်ဓါတ်အားခွဲရုံနှင့် ဆက်သွယ်ရေးဆိုင်ရာဌာနများ
- ဘဏ်များ၊ Shopping Center, Residential ဝန်ထမ်းအိမ်ရာများ
- ဆေးရုံ၊ စာသင်ကျောင်း၊ အားကစားကွင်းများ တည်ဆောက်ခြင်း








ဆက်သွယ်စုံစမ်းရန် ➡ ၀၂ -- ၆၅၉၅၅၊ ၀၂ -- ၈၂၁၅၀   ၀၉ -- ၃၃၀၆၄၈၉၆၊ ၀၉ -- ၃၃၀၆၄၈၉၇

ဗုဒ္ဓံ ဓမ္မံ သံဃံ

# ဘုန်းရောင်ခြည်ကုမ္ပဏီလီမိတက်

## BHOME YAUNG CHI TRADING CO.,LTD











ကြေးမုံစိမ်းတိုက်တန်း၊ အခန်း(၅)(ရုံးခွဲ)၊ (၁၀၅)ဂိုင်၊ မူဆယ်မြို့၊ ရှမ်းပြည်မြောက်ပိုင်း။

Ph: 09-5232379, 09-73222618, 09-403709680, 092028135, 15388824935

# GEOLAB (MYANMAR) CO.,LTD.

*Foundation, Soil and Concrete Specialists*

CSC Group of Companies

CSC CONSULTING ENGINEERS

ISO 9001 -2008



Geolab (Myanmar) Co., Ltd. Provide following services;

- Site Investigation (Land &NearShore)
- In-situ Testing Services
- Structural Testing Services (Pile & Foundation)
- Instrumentation & Monitoring
- Geotechnical Laboratory Testing Service
- Material Testing Services
- Mobile Laboratory for Material Testing



No. 414, U-10 Avnue, Aung Thitsar Street, 48 Quarter, North Dagon Myothit, Yangon Myanmar.
Tel; 01-581562, 01-585052, Hp : 09-5003281, 09-8611406 E-mail; geolab.myanmar@gmail.com.

# TRIO

## TRIO STEEL CONSTRUCTION Co.,Ltd.



- Design & Engineering
- Steel Metal Trading
- Fabrication & Installation for Steel Structure



No.815, Than Lwin Street, No(2), Industrial Zone, Ward 63, South Dagon, Yangon.
Office : 01-2348454, Hp : 09-5115416, 09-5033091, E-mail : triosstruct@gmail.con

# COMMERCE INTERNATIONAL

## ပုံကျလုပ်ကိုင်နေရတဲ့လုပ်ငန်းများရှိ အမျိုးသမီးများ မီးဖွားခွင့် ခံစားနိုင်ရေး အိန္ဒိယအစိုးရ ကြိုးပမ်း

ကုမ္ပဏီတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ အမျိုးသမီးများကို ခြောက်လအထိ မီးဖွားခွင့်ပေးဖို့ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးနောက် ပုံကျလုပ်ငန်းကဏ္ဍ (Unorganised Sector) မှာအလုပ်လုပ်ကိုင်နေကြတဲ့ အမျိုးသမီး ၁၀ ကုဋေဝန်းကျင်အတွက် မီးဖွားခွင့်ရရှိအောင် အိန္ဒိယအစိုးရက ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ ကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်နေတဲ့ သားသည်မိခင်များအတွက် မီးဖွားခွင့် ရက်သတ္တပတ် ၂၆ ပတ်ခွင့်ပြုတဲ့ ၂၀၁၆ ခုနှစ် မီးဖွားခွင့် အကျိုးခံစားခွင့်ဥပဒေမူကြမ်း (Maternity Benefit Bill 2016) ကို အိန္ဒိယလွှတ်တော်က ဩဂုတ်ဒုတိယပတ်အတွင်းက တညီတညွတ်တည်း အတည်ပြုခဲ့ပါတယ်။ ဥပဒေကြမ်းကို အတည်ပြုပြီးနောက်ပိုင်းမှာ ပုံကျလုပ်ငန်းများမှာ အလုပ်လုပ်နေကြတဲ့ အမျိုးသမီးများလည်း ခံစားခွင့်ရရှိရေးအတွက် ဝန်ကြီးဌာနက အရှိန်တိုးမြှင့် ဆောင်ရွက်ခဲ့ပါတယ်။

"အငြိမ်းစားလစာ ရန်ပုံငွေဖြစ်တဲ့ EPFO နဲ့ ဝန်ထမ်းများ နိုင်ငံတော်အာမခံကော်ပိုရေးရှင်းတို့က ဆောင်ရွက်နေတဲ့ လူမှုဖူလုံရေး အစီအစဉ်များနဲ့အညီ မီးဖွားခွင့် အကျိုးခံစားခွင့်တွေရရှိဖို့ ကျွန်တော်တို့စီစဉ်ဆောင်ရွက်နေပါတယ်"လို့ အလုပ်သမားဝန်ကြီးဌာန အတွင်းဝန် ရှာကာအဂ္ဂရာဝါက ပီတီအိုင်သတင်းဌာနကို ပြောပါတယ်။ ဒီအစီအစဉ်ကို ဆောင်ရွက်ရာမှာ အစီအစဉ်မှာ ပါဝင်သူတွေရဲ့ ပေးသွင်းငွေရှိသလို အစိုးရကလည်း အဲဒီငွေကြေးနဲ့အညီ ထည့်ဝင်ပေး မှာဖြစ်ပါတယ်။

"အစီအစဉ်မှာပါဝင်သူတွေက အနိမ့်ဆုံးသတ်မှတ် ချက်ထက် ပိုမိုထည့်ဝင်မယ်ဆိုရင်လည်း အရေးတကြီး လိုအပ်တဲ့အချိန်မှာ ရရှိနိုင်မယ့် ပမာဏကလည်း ပိုမိုတိုးတက်လာ မှာဖြစ်ပါတယ်"လို့ သူကထပ်လောင်းပြောကြားပါတယ်။

ငွေကြေးတွေကို တခြားကိစ္စအတွက် အသုံးမပြုနိုင်အောင် ငွေကြေးထုတ်ယူခွင့်ကို ကန့်သတ်ထားတဲ့ ကာလတစ်ခုလည်း ရှိနိုင်ပါတယ်။ စုဆောင်းသူများအနေဖြင့် သူတို့ စုဆောင်းငွေမှ အတိုးခံစားခွင့်ရှိမှာဖြစ်ပြီး အတိုးငွေကို သူတို့ ငွေစာရင်းမှာ ထည့်ပေါင်းပေးသွားမှာဖြစ်ကြောင်း သူက ပြောပါတယ်။ အမျိုးသမီးတစ်ဦးက သတ်မှတ်ထားတဲ့ အသက်အရွယ်အတွင်းမှာ ကလေးမမွေးဘူးဆိုရင် သူစုဆောင်းထားတဲ့ ငွေကြေးအားလုံးကို ထုတ်ယူခွင့်ပေးဖို့ အစီအစဉ်ထဲမှာ ထည့်သွင်းပြဋ္ဌာန်းပေးမှာဖြစ်ကြောင်းလည်း သူကပြောပါတယ်။ ပုံကျလုပ်ငန်းတွေမှာရှိတဲ့ အမျိုးသမီးတွေကို ခြောက်လစာခံစားခွင့်ပေးထားမယ်ဆိုရင် ပမာဏ များပြားလွန်းတဲ့ အတွက် အစိုးရက ဆောင်ရွက်ပေးနိုင်မယ့် လက္ခဏာမရှိဘူးလို့ သူက ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



## ယခုနှစ် ပထမနှစ်ဝက်မှာ ဖိလစ်ပိုင်နိုင်ငံရဲ့ လယ်ယာထွက်ကုန် ထုတ်လုပ်မှု ကျဆင်း

မကြာသေးမီက ပြီးဆုံးသွားတဲ့ အယ်လ်နီညို ရာသီဥတုရဲ့အကျိုးဆက်ကြောင့် ဖိလစ်ပိုင်နိုင်ငံမှာ ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုကို ဖြစ်ပေါ်စေခဲ့ပြီး နိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးထုတ်လုပ်မှုက ပထမနှစ်ဝက်မှာ ၃ ဒသမ ၄၈ ရာခိုင်နှုန်း ကျဆင်းခဲ့တယ်လို့ ဖိလစ်ပိုင်စာရင်းအင်း အာဏာပိုင်အဖွဲ့ (Philippine Statics Authority _ PSA) က ထုတ်ပြန်ခဲ့ကြောင်း ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြခဲ့ပါတယ်။

ဒုတိယသုံးလပတ် တစ်ခုတည်းမှာ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်က ၂ ဒသမ ၃၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ တတိယမြောက် သုံးလပတ်အဖြစ် ဆက်တိုက်ကျဆင်းခဲ့တာဖြစ်ပြီး အဓိကအားဖြင့် အယ်လ်နီညိုရာသီဥတုကြောင့် ကျဆင်းခဲ့တာဖြစ်ပါတယ်။ ပထမ ခြောက်လအတွင်းမှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွင်းမှာ ပါဝင်တဲ့ ကဏ္ဍငယ်တွေဖြစ်တဲ့ သီးနှံနဲ့ ငါးဖမ်းလုပ်ငန်းတွေရဲ့ ထုတ်လုပ်မှုကျဆင်းတဲ့အတွက် တိရစ္ဆာန်နဲ့ ကြက်ငှက်မွေးမြူရေးကဏ္ဍတွေမှာ တိုးတက်မှုက ကဏ္ဍတစ်ခုလုံးရဲ့ ထုတ်လုပ်မှု မြင့်တက်လာအောင် ဖြည့်ဆည်းပေးနိုင်ခြင်း မရှိခဲ့ကြောင်း PSA ရဲ့ နောက်ဆုံးအစီရင်ခံစာမှာ ဖော်ပြထား ပါတယ်။ လယ်ယာစိုက်ပျိုးရေးထုတ်လုပ်မှုမှာ အများဆုံးပါဝင်တဲ့ သီးနှံထုတ်လုပ်မှုက ၆ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြထားပါတယ်။

ဆော့ဆာဂျင်၊ အမ်း၊ ကာရာဂါနဲ့ ဗီဆာရာဒေသများအပါအဝင် စပါးစိုက်ပျိုးရာဒေသတွေမှာ အယ်လ်နီညို ရာသီဥတုဒဏ် ပြင်းပြင်းထန်ထန် ခံစားရတဲ့အတွက် စိုက်ပျိုးမြေဧရိယာတွေ လျော့ကျခဲ့သလို အထွက်နှုန်းတွေလည်း ကျဆင်းခဲ့ပါတယ်။ ဒါကြောင့် ထုတ် လုပ်မှုက ၈ ဒသမ ၁၃ ရာခိုင်နှုန်းကျဆင်းပြီး မက်ထရစ်တန် ၇ ဒသမ ၆၅ သန်းသာထုတ်လုပ်နိုင်ခဲ့ပါတယ်။ ပြောင်းစိုက်ပျိုး မှုက ၁၆ ဒသမ ၃၅ ရာခိုင်နှုန်းကျဆင်းပြီး မက်ထရစ်တန် ၂ ဒသမ ၈၃ တန်သာ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ငါးဖမ်းလုပ်ငန်း က ၅ ဒသမ ၉၂ အထိ စံချိန်တင် ကျဆင်းခဲ့ပါတယ်။ ကျားပုစွန်မှအပ ကျန်ငါးဖမ်းလုပ်ငန်းအားလုံးကျဆင်းခဲ့ပါတယ်။

ဒါပေမယ့် တိရစ္ဆာန်နဲ့ ကြက်ငှက် မွေးမြူရေးကဏ္ဍတွေမှာ ၁ ဒသမ ၁၂ ရာခိုင်နှုန်းနဲ့ ၅ ဒသမ ၆ ရာခိုင်နှုန်း အသီးသီးတိုးတက်မှုရှိခဲ့ပါတယ်။ ဝက်မွေးမြူရေး လုပ်ငန်းတစ်ခုတည်းကပင် ၆ ဒသမ ၄၅ ရာခိုင် နှုန်းမြင့်တက်ပြီး မက်ထရစ်တန် ၁ ဒသမ ဝ၈ တန် ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ကျွဲ၊ နွား၊ ဆိတ်နဲ့ နို့ထုတ်လုပ်မှုက ၂ ဒသမ ဝ၆ ရာခိုင်နှုန်း၊ သုညဒသမ ၂၇ ရာခိုင်နှုန်းနဲ့ ၂ ဒသမ ၃၃ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ပါတယ်။

ဒုတိယ သုံးလပတ်မှာ မိုးကောင်းစွာရရှိမယ်လို့ ခန့်မှန်းထားတဲ့အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပြန်လည်နာလန်ထူလာလိမ့်မယ်လို့ အာရှနဲ့ ပစိဖိတ်တက္ကသိုလ် အစားအစာနဲ့ လယ်ယာစီးပွားရေး စင်တာမှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာရိုလန်ဒိုဒိုင်က ပြောပါတယ်။


Japan, Korea, Singapore, Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO SERVICES ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

SINOR LINES

RO/RO SERVICE FOR MYANMAR

<< AUGUST And SEPTEMBER Sailing Schedule >>

DATE : 22th AUGUST 2016

| VESSEL | Height (m) | | | | | JAPAN | | | | | | KOREA | | | SINGAPORE | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | KOBE | SAKAI SENBOKU | HAKATA | YOKOSUKA | NAGOYA | YOKOHAMA | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.32 | 1.55 | 1.90 | 2.20 | 3.50 | X | 12.7.2016 | | 9.7.2016 | | 13.7.2016 | 14.7.2016 | | | | 23.7.2016 | 27.7.2016 | 4.8.2016 |
| | S/O CUT | | | | | 8.7.2016 | | 5.7.2016 | | 9.7.2016 | 10.7.2016 | | | | | | |
| MV.HOEGH CHENNAI V.26 | 1.55 | 1.90 | 2.20 | 3.50 | X | 27.7.2016 | | | | 30.7.2016 | 29.7.2016 | | | | 7.8.2016 | 12.8.2016 | |
| | S/O CUT | | | | | 23.7.2016 | | | | 26.7.2016 | 25.7.2016 | | | | | | |
| MV.CITY OF MUMBAI V.33 | 1.55 | 1.90 | 2.20 | 3.50 | X | 17.8.2016 | | 15.8.2016 | | 18.8.2016 | 19.8.2016 | | 13.8.2016 | | 27.8.2016 | 1.9.2016 | 8.9.2016 |
| | S/O CUT | | | | | 13.8.2016 | | 11.8.2016 | | 14.8.2016 | 15.8.2016 | | | | | | |
| MV.HOEGH CHENNAI V.27 | 1.55 | 1.90 | 2.20 | 3.50 | X | 31.8.2016 | | | | 1.9.2016 | 2.9.2016 | | | | 12.9.2016 | 16.9.2016 | |
| | S/O CUT | | | | | 27.8.2016 | | | | 28.8.2016 | 29.8.2016 | | | | | | |

***** SUBJECT TO CHANGE WITH OR WITHOUT NOTICE *****

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542, 2306027, 2306028
Mobile : + 95 9 5035797
Fax : + 95 1 2305543
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ),
: docs.gle@gmail.com ( Document ), gleltd.marketing@gmail.com ( Marketing ),
: goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)

Business Development Manager : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Tin Tun Aung (95 9 448049234)
Mr. Thiha Theik (95 9 5145801)
Customer Service : Ms. Hilda (95 9 402794677)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing : Ms. Ja Seng Eain ( 95 9 262611717)
Marketing : Mr.Kyaw Kyaw Aung(959420085073)

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။